Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



Network for Democracy and Development
Documentation and Research Department

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 (0) 85 733 4303
E-mail : ndddrd07@csloxinfo.com; ndddrd07@gmail.com

# တစ်လအတွင်း မြန်မာ့သတင်း [ ၂၀၁၀ ခုနှစ်၊ မေလ ]

## မေလ (၁) ရက်

- မကွေးတိုင်း ပခုက္ကူမြို့က ၁၇ တန်းကျောင်းသား မောင်ရဲမြတ်ဟိန်း ပျောက်ဆုံးနေပြီး မည်သည့်နေရာမှစုံစမ်းရှာဖွေ၍ မရသဖြင့် နယ်မြေခံစစ်တပ်က အဓမ္မခေါ်ဆောင်သွားခြင်း ဖြစ်နိုင်ကြောင်း မိခင်ဒေါ်ဌေးဌေးက ပြောသည်။ (DVB 010510)
- ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အလုပ်သမားနေ့ အထိမ်းအမှတ်အခမ်းအနား တစ်ရပ်ကို မြို့နယ်အဖွဲ့ချုပ်ရုံးတွင် မေလ ၁ ရက်နေ့ နံနက်ပိုင်းက ကျင်းပပြုလုပ်ခဲ့သည်။ (DVB 010510)
- မေလ ၁ ရက်နေ့တွင် ကျရောက်သည့် နိုင်ငံတကာအလုပ်သမားနေ့၌ မြန်မာနိုင်ငံလယ်သမား၊ အလုပ်သမား သွေးစည်းညီညွတ်ရေးအဖွဲ့ချုပ်က "အလုပ်သမားအခွင့်အရေးများကို နိုင်ငံတကာစံနှုန်းများနှင့်အညီ ပြဌာန်း၍ လက်တွေ့ကျင့်သုံးမှုပြုရန်၊ အလုပ်သမားသမဂ္ဂဖွဲ့စည်းပေးရန်၊ ကုန်ဈေးနှုန်းနှင့်အညီ ကာမိစေရန် လစာငွေများ သတ်မှတ်ပေးရန်၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် ILO နှင့် တိုင်ပင်ညှိနှိုင်းပြီး အလုပ်သမားထုကြီး၏ဘဝ လိုအပ်ချက်များကို အပြည့်အဝ ဖြည့်ဆည်းပေးရန် စသည်တို့ကို တောင်းဆိုလိုက်သည်။ (DVB 010510)
- ပြည်တွင်းပြည်ပက အလုပ်သမားများ၏ အခွင့်အရေးများနှင့်ပတ်သက်၍ နအဖစစ်အစိုးရ အပါအဝင် ကမ္ဘာ့အလုပ်သမားသမဂ္ဂအဖွဲ့ချုပ် ILO တို့က ပြေလည်အောင် ဖြေရှင်းပေးရန် လိုအပ်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က မေလ ၁ ရက်နေ့က ကြေညာချက်တစ်စောင် ထုတ်ပြန်လိုက်သည်။ (DVB 010510)
- စစ်အစိုးရ၏ ၂၀၁၀ ရွေးကောက်ပွဲကျင်းပရေး ဆောင်ရွက်ချက်များကို တရားဥပဒေကြောင်းအရ တားဆီးရန် ကြိုးစားနေသည့် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD နှင့် ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲ အနိုင်ရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ ဆောင်ရွက်ချက်များကို ထောက်ခံကြောင်း ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီက ကြေညာချက်တစ်စောင် ထုတ်ပြန်လိုက်သည်။ (RFA 010510)
- ရခိုင်ပြည်နယ် တောင်ကုတ်မြို့ ကမ်းခြေရပ်ကွက်နေ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စည်းရုံးရေးမှူး ကိုသန်းမောင်ကို ဧပြီလ ၂၈ ရက်နေ့ သန်းခေါင်ကျော်တွင် ဧည့်စာရင်းစစ်မည်ဟု အကြောင်းပြကာ ဒေသခံအာဏာပိုင်များက ရိုက်နှက်ဖမ်းဆီးသွားကြောင်း ရခိုင်ပြည်နယ် NLD တွဲဘက်အတွင်းရေးမှူး ဦးသိန်းလှိုင်က ပြောသည်။ (RFA/ DVB 01051)
- ပဲခူး-ရန်ကုန် ကားလမ်းမကြီးဘေးရှိ ဟောင်ကောင်တရုတ်လူမျိုး မစ္စတာလီအန် ပိုင်ဆိုင်သည့် ချင်စုမေဖလားဂါး အထပ်သာစက်ရုံ လုပ်ငန်းခွင်တွင် အလုပ်လုပ်ရင်း ယခုနှစ် အလုပ်သမား ၂ ဦး လက်ပြတ်သော်လည်း စက်ရုံတာဝန်ရှိသူများက ဆေးရုံတက် ကုသခဲ့သည့် ကုန်ကျစရိတ်သာ ပေးခဲ့ပြီး နစ်နာကြေး တစုံတရာမှမပေးကြောင်း လက်ဖြတ်ခဲ့သူတစ်ဦးဖြစ်သည့် မောင်ဇော်မျိုးထွန်းက ပြောသည်။ (RFA 010510)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- မေလ (၁) ရက်နေ့ထုတ် စစ်အစိုးရသတင်းစာပါ ကမ္ဘာ့အလုပ်သမားနေ့သဝဏ်လွှာတွင် အဖျက်သမားများနှင့် တိုင်းတပါး၏ စွက်ဖက်နှောင့်ယှက်မှု၊ သွေးခွဲသပ်လျှိုမှုတို့ကို တွန်းလှန်တိုက်ဖျက်သွားကြရန်နှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇) ရပ် အောင်မြင်စွာ အကောင်အထည်ပေါ်စေရန် လက်တွဲကြိုးပမ်းဆောင်ရွက်သွားကြရန် အလုပ်သမားထုကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တိုက်တွန်းလိုက်သည်။ (Irrawaddy 010510)
- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ခေါင်းဆောင်အနေဖြင့် ဝန်ကြီးချုပ်ရာထူး ဆက်လက်ကိုင်စွဲထားခြင်းသည် ပါတီမှတ်ပုံတင်ခြင်းဥပဒေများနှင့် ကိုက်ညီခြင်းမရှိကြောင်း ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီမှ ဦးအေးလွင်က ပြောသည်။ (Irrawaddy 010510)
- မေလ (၁) ရက်နေ့တွင်ကျရောက်သည့် အကြိမ် (၁၂၀) မြောက် ကမ္ဘာ့အလုပ်သမားနေ့(မေဒေးနေ့) အထိမ်းအမှတ် ပြုလုပ်သော အခမ်းအနားများမှ အလုပ်သမားရပိုင်ခွင့်များနှင့်ပတ်သက်ပြီး လေ့လာခွင့်ရခဲ့ကြောင်း ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများက ပြောသည်။ (Irrawaddy 010510)
- မြန်မာနိုင်ငံ ပြည်နယ်နှင့်တိုင်းတချို့တွင် အပူချိန်လွန်ကဲခြင်းကြောင့် သက်ကြီးရွယ်အိုများနှင့် မွေးကင်းစကလေးငယ်များ၏ အသက်အန္တရာယ် စိုးရိမ်နေရကြောင်း ရန်ကုန်မြို့မှ ဆရာဝန်တဦးကပြောသည်။ (Irrawaddy 010510)

## မေလ (၂) ရက်

- ရောဂတီတိုင်း ငပုတောမြို့နယ်အတွင်း ရာသီဥတုပူပြင်းမှုဖြင့် အစာရေစာ ရှားပါးမှုကြောင့် ကျွဲများ သေဆုံးနေသဖြင့် လယ်သမားများ ဒုက္ခတွေ့နေကြကြောင်း ဒေသခံတစ်ဦးက ပြောသည်။ (DVB 020510)
- မြန်မာနိုင်ငံတွင် အသက်မပြည့်သေးသည့် ကလေးများကို နည်းမျိုးစုံဖြင့် စစ်တပ်ထဲ အဓမ္မသိမ်းသွင်းမှုဖြစ်နေသည့် အချိန်တည်း၌ပင် ကလေးငယ်များ ပျောက်ဆုံးသည့် ဖြစ်ရပ်များလည်း ဖြစ်ပေါ်နေသည်။ (DVB 020510)
- ရောဂတီတိုင်း မြစ်ဝကျွန်းပေါ်ဒေသအပါအဝင် မြန်မာနိုင်ငံအောက်ပိုင်း ဒေသများတွင် နာဂစ်ဆိုင်ကလုံးမုန်တိုင်း တိုက်ခတ်ခဲ့ခြင်း ၂ နှစ်တင်းတင်းပြည့်မြောက်ခဲ့ပြီဖြစ်သော်လည်း မြစ်ဝကျွန်းပေါ်ဒေသအချို့၌ ပြည်လည်ထူထောင်ရေးအကူအညီလိုအပ်နေဆဲဖြစ်သည်။ (DVB/ RFA 020510)
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မန္တလေးတိုင်း စည်းရုံးရေးအဖွဲ့က မြို့နယ် NLD အဖွဲ့ဝင်များသည် မေလ ၂ ရက်နေ့က ညှိနှိုင်းဆွေးနွေးမှုတစ်ရပ် ပြုလုပ်ခဲ့သည်။ (RFA 020510)
- လွန်ခဲ့သည့်ဧပြီလက မြစ်ကြီးနားအထက်ဘက် မြစ်ဆုံပုံးပေါက်ကွဲခဲ့မှုနှင့်ဆက်စပ်ပတ်သက်၍ အနီးပတ်ဝန်းကျင်ရှိ တန်ဖရဲကျေးရွာက ရပ်ကွက်တချို့ကို အာဏာပိုင်များက ရွှေ့ပြောင်းခိုင်းနေသကဲ့သို့ စစ်ဆေးမေးမြန်းမှုများလည်း ပြုလုပ်နေသဖြင့် ဒေသခံများ အခက်တွေ့နေရသည်။ (RFA 020510)
- ဧပြီလ ၉ ရက်နေ့က လွတ်မြောက်လာသည့် ဘိုကလေးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စည်းရုံးရေးအဖွဲ့ဝင် ဒေါ်မိမိစိန်နှင့် ကိုတက်ထွန်းတို့က သဃ်န်းကျွန်း NLD လူမှုအထောက်အကူပြု အဖွဲ့နှင့်ပူးပေါင်းပြီး အကျဉ်းကျနေသည့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၏ မိသားစုများကို မေလ ၁ ရက်နေ့က သွားရောက်အားပေး ကူညီခဲ့ကြသည်။ (RFA 020510)
- ပဲခူးတိုင်း ကျောက်တံခါးမြို့မြောက်ဘက် စက်မှုလယ်ယာထွန်စက်စခန်းတွင် ဧပြီလ ၃၀ ရက်ညက ဗုံး ၃ လုံးကွဲခဲ့ရာ ပေါက်ကွဲမှုအား လာရောက်စစ်ဆေးသည့် ရဲအထူးသတင်းတပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိသွားကြောင်း ဒေသခံတစ်ဦးက ပြောသည်။ (RFA/ DVB 020510)

## မေလ (၃) ရက်

- နိုင်ငံသားစိစစ်မှုပြုရေးလျှောက်လွှာ တင်သွင်းပြီးသော မြန်မာအလုပ်သမား အရေအတွက်သည် ဧပြီ (၂၇) ရက်နေ့အထိ (၈၂၂,၀၉၃) ဦး ရှိပြီး ယာယီနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ခွင့်ရရှိထားသူ အရေအတွက်မှာ (၇၁,၃၉၀) ဦး ရှိပြီဖြစ်ကြောင်း ရွှေ့ပြောင်းနေထိုင်သူများဆိုင်ရာ နိုင်ငံတကာအဖွဲ့ (IOM) က ထုတ်ပြန်ပြောဆိုသည်။(NEJ 030510)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ရန်ကုန်မြို့ရှိ ဘောလုံးလောင်းကစားဒိုင်များသည် မြန်မာ့ဆက်သွယ်ရေးကို လာဘ်ငွေပေးပြီး အင်တာနက် အထူးလိုင်းများ အသုံးပြုနေကြောင်းဘောလုံးလောင်းကစားဒိုင်တစုမှ မန်နေဂျာတဦးက ပြောသည်။ (NEJ 030510)
- ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ထိုင်းနယ်စပ်အနီးရှိ ဂေါ်လေဒေသတွင် အခြေစိုက်သည့် ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် (ကေအန်အယ်လ်အေ) တပ်ရင်း (၂၀၁) လှုပ်ရှားဒေသကို မကြာမီအချိန်အတွင်း နအဖတပ်များ ထပ်မံထိုးစစ်ဆင်ရန် စစ်ရေးပြင်ဆင်မှုများ ပြုလုပ်နေသည်ဟု ကရင်တပ်မှူးတဦးက ပြောသည်။ (NEJ 030510)
- လွတ်လပ်စွာ အလုပ်သမားသမဂ္ဂများ ဖွဲ့စည်းခွင့်နှင့် ခွဲခြားမှုမရှိဘဲ တန်းတူအခွင့်အရေး တောင်းဆိုခွင့်တို့အား ထိုင်းအစိုးရမှ သဘောတူလက်မှတ်ရေးထိုးသွားရန် တိုက်တွန်းပေးသွားမည်ဟု ထိုင်းအလုပ်သမားဝန်ကြီးက ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် ပြုလုပ်ခဲ့သည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ ချီတက်ပွဲအခမ်းအနား အဖွင့်အမှာစကား ပြောကြားရာတွင် ထည့်သွင်းပြောကြားသွားသည်။ (NEJ 030510)
- ဧရာဝတီ မြစ်ဆုံရေကာတာ စီမံကိန်းနယ်မြေအတွင်း ကျရောက်နေသည့် ကျေးရွာများ နေရာရွှေ့ပြောင်းရမည်ဖြစ်ရာ ပထမဦးဆုံးအနေဖြင့် ကချင်ပြည်နယ်၊ တန်ဖရဲကျေးရွာမှ ရပ်ကွက် (၂) ခုအား ယခုလအတွင်း အပြီးပြောင်းရွှေ့ခိုင်းထားကြောင်း တန်ဖရဲ ကျေးရွာသားက ပြောသည်။ (NEJ 030510)
- နာဂစ် မုန်တိုင်းဒဏ် ခံခဲ့ရသည့် ဧရာဝတီ မြစ်ဝကျွန်းပေါ် ဒေသသည် လူကုန်ကူးသူများ သားကောင် ရှာဖွေသည့် အဓိက ပစ်မှတ် ဖြစ်လာကြောင်း အကူအညီပေးနေသည့် NGO အဖွဲ့များက ပြောသည်။ (Irrawaddy 030510)
- ဝန်ကြီးချုပ် ဦးသိန်းစိန်၏ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသည် ၂၀၁၀ ရွေးကောက်ပွဲတွင် အနိုင်ရလိမ့်မည်ဟု ပြီးခဲ့သည့် ရက်ပိုင်း အတွင်း ဧရာဝတီက ပြုလုပ်သည့် စစ်တမ်းငယ် တခုတွင် ပါဝင်သူများက ဖြေဆိုကြသည်။ (Irrawaddy 030510)
- မေလ ၃ ရက်နေ့က ဒေါ်အောင်ဆန်းစုကြည်နေအိမ် ဂရန်တာကို စတင်ပြင်ဆင်လိုက်ပြီဖြစ်ကြောင်း ရှေ့နေ ဦးဉာဏ်ဝင်းက ပြောသည်။ (DVB 030510)
- MNDA ခေါ် မွန်အမျိုးသားကာကွယ်ရေးတပ်ဖွဲ့ဟု အမည်ပေးထားသည့် မွန်ပြည်သစ်ပါတီမှ ခွဲထွက်တပ်ဖွဲ့တစ်ဖွဲ့သည် ရေး-ထားဝယ် ကားလမ်းပေါ်ရှိ အလယ်စခန်းကျေးရွာ ပြည်သူ့စစ်စခန်းနှင့် ကျေးရွာ ရယက ဥက္ကဌ နေအိမ်ကို ဧပြီလ ၃၀ ရက်နေ့က ဝင်ရောက်တိုက်ခိုက်ခဲ့ရာ ရယက ဥက္ကဌ၏ မိသားစုဝင်တစ်ဦးနှင့် စစ်အစိုးရ တပ်ဖွဲ့ဝင်အချို့ ဒဏ်ရာရရှိခဲ့သည်။ (RFA 030510)
- မြန်မာနိုင်ငံတွင် နာဂစ်မုန်တိုင်း တိုက်ခတ်ခံခဲ့ရသည့် ၂ နှစ်ပြည့် အထိမ်းအမှတ်အဖြစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က သံဃာတော်များအား ဆွမ်းကပ်လှူဒါန်းသည့် အခမ်းအနားတစ်ရပ်ကို အဖွဲ့ချုပ်ရုံး၌ မေလ ၃ ရက်နေ့နံနက်ပိုင်းက ကျင်းပခဲ့သည်။ (RFA 030510)
- ကရင်ပြည်နယ် ဖားအံထောင်တွင် နှစ်ရှည်ထောင်ဒဏ် ကျခံနေရသည့် အင်တာနက်ဘလော့ဂါ ကိုနေဘုန်းလတ်ကို မေလထုတ် Time မဂ္ဂဇင်း၏ ၂၀၁၀ ပြည့်နှစ်အတွက် ကမ္ဘာ့သြဇာအရှိဆုံးလူပုဂ္ဂိုလ် ၁၀၀ စာရင်းတွင် ဖော်ပြလိုက်သည်။ (RFA 030510)
- အနောက်ပိုင်း တိုင်းမှူးကတော် ဒေါ်မြမြစံမှာယူသော ရှားပါးသဇင်ဥများကို ဒေသခံစစ်တပ်များမှ ကျေးရွာသားများကို အတင်းအဓမ္မ ရှာဖွေခိုင်းကာ စစ်တပ်သို့ ပို့ဆောင်ခိုင်းနေသည်ဟု ဒေသခံရွာသားများကပြောသည်။ (Narinjara 030510)
- မြန်မာနိုင်ငံ အနောက်ဘက်နယ်စပ် ဘူးသီးတောင်နှင့် မောင်တော မြို့နယ်များတွင် ဒေသခံအာဏာပိုင်များမှ ဗုံးလှန့်ထားပြီး အစိုးရဌာနဆိုင်ရာ အဆောက်အဦးများ၊ ကားလမ်းမများနှင့် လူစည်ကားရာအရပ်များတွင် လုံခြုံရေး တိုးမြှင့်ချထားသည်ဟု မောင်တောမှ အမည်မဖေါ်လိုသူ ရဲအရာရှိတစ်ဦးက ပြောသည်။ (Narinjara 030510)
- ရခိုင်ပြည်နယ် စစ်တွေမြို့တွင် ဗုံးဖေါက်ခွဲမည်ဟု သတင်းများထွက်ပေါ်နေသောကြောင့် စစ်တွေမြို့ရှိ အဓိက အချက်အချာကျသော နေရာများနှင့် ရန်ကုန်-စစ်တွေ ကားလမ်းတလျှောက်တွင် လုံခြုံရေးကို အထူးတိုးမြှင့် ချထားကြောင်း မျက်မြင် စစ်တွေမြို့ခံများနှင့် ခရီးသွားပြည်သူများက ပြောသည်။ (Narinjara 030510)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- သျှမ်းပြည် (မြောက်ပိုင်း) မူစယ်ခရိုင် ကြူကုတ်(ပန်ဆိုင်း) မြို့နယ် အာဏာပိုင်များက မြို့ပေါ်ရှိ သုံးဘီးဆိုင်ကယ်များအား မေလ ၁ ရက်နေ့ ညပိုင်း၌ လိုက်လံဖမ်းဆီးပြီးနောက် ကျပ် ၇ သိန်းဖြင့် လိုင်စင်လုပ်ရန် ပိုင်ရှင်များထံ ညွှန်ကြားထားကြောင်း သုံးဘီးဆိုင်ကယ်ပိုင်ရှင် မြို့ခံတစ်ဦးကပြောသည်။ (S.H.A.N 030510)
- သျှမ်းပြည်မြောက်ပိုင်း၊ မိုင်းရယ်မြို့နယ်၊ လုခိုက်ကျေးရွာအုပ်စု၊ နားယန်း ကျေးရွာနေ အသက် ၁၃ နှစ်အရွယ် ၇ တန်းကျောင်းသူလေးတဦးအား ဧပြီ ၂၄ ရက်နေ့တွင် နအဖတပ်ထွက်အဖွဲ့တစ်ဖွဲ့က မုဒိမ်းကျင့်သတ်ဖြတ်ခဲ့ကြောင်း ဒေသခံတစ်ဦးကပြောသည်။ (S.H.A.N 030510)
- ပြည်သူ့စစ်တပ်ဖွဲ့ အသွင်ပြောင်းရန် စည်းရုံးသိမ်းသွင်းခံလိုက်ရပြီဟု အများထင်မှတ်သည့် ဗိုလ်ချုပ်လွယ်မောင်းနှင့်အဖွဲ့ သောင်မတင်ရေမကျ အခြေအနေ၌ ရောက်ရှိနေကြောင်း အပစ်ရပ်အသိုင်းအဝိုင်းနှင့် နီးစပ်သူတဦးကပြောသည်။ (S.H.A.N 030510)

## မေလ (၄) ရက်

- ကချင်ပြည်နယ်၊ ချီဖွေမြို့အနီးရှိ ရေကာတာဆောက်လုပ်ရေး လုပ်ငန်းခွင်အတွင်း မေလ ၃ ရက်နေ့ နံနက်ပိုင်းက မြေပြိုမှုဖြစ်ပွားခဲ့ရာ တရုတ်နိုင်ငံသား အလုပ်သမား (၆) ဦး သေဆုံးခဲ့ပြီး (၆) ဦး ဒဏ်ရာရရှိခဲ့ကာ လူအချို့ပျောက်ဆုံးနေသည်။ (NEJ 040510)
- ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (စီအာပီပီ) အဖွဲ့ဝင်များသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (အန်အယ်လ်ဒီ) ရုံးချုပ်တွင် မေလ ၄ ရက်နေ့က အစည်းအဝေးတရပ် ကျင်းပခဲ့သည်ဟု စီအာပီပီအတွင်းရေးမှူး ဦးအေးသာအောင်က ပြောကြားသည်။ (NEJ 040510)
- ဒါရိုက်တာ ဇင်ယော်မောင်မောင်နှင့် ရွှေသံလွင်ကုမ္ပဏီတို့ ပူးပေါင်းထုတ်လုပ်သည့် အင်ဖွိုင်းဂျာနယ်ကို ငွေရေးကြေးရေး အခက်အခဲကြောင့် လွန်ခဲ့သည့် ဧပြီလတွင် ထုတ်ဝေမှု ရပ်နားလိုက်သဖြင့် ယင်းဂျာနယ်တွင် လုပ်ကိုင်နေသည့် သတင်းထောက်နှင့် ရုံးဝန်ထမ်းတို့ အလုပ်အကိုင် ပြန်လည်ရရှိရေး အခက်အခဲများ ရင်ဆိုင်နေရကြောင်း အင်ဖွိုင်းဂျာနယ် ဝန်ထမ်းကပြောသည်။ (NEJ 040510)
- တဦးချင်း ခရီးသွားလေ့ရှိသည့် ကမ္ဘာလှည့်ခရီးသည်များအနေဖြင့် မြန်မာနိုင်ငံ မင်္ဂလာဒုံလေဆိပ်ကို ရောက်သည့်အခါ မိမိတည်းခိုမည့်နေရာကို အတိအကျ စာရင်းပေးနိုင်ပါက ဆိုက်ရောက်ဗီဇာ ထုတ်ပေးမည်ဖြစ်ကြောင်း လေဆိပ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၏ ထုတ်ပြန်ချက်ကို ကိုးကားပြီး ခရီးသွားလုပ်ငန်း မန်နေဂျာတဦးက ပြောသည်။ (NEJ 040510)
- ရန်ကုန်တွင် ယခုရက်ပိုင်းအတွင်း လျှပ်စစ်မီးပြတ်တောက်မှု အလွန်ဆိုးရွားနေကာ လွန်ခဲ့သည့် (၃) ရက်ခန့်ကစ၍ တနေ့လျှင် (၂) နာရီခန့်သာ မီးလာတော့ကြောင်းရန်ကုန် စမ်းချောင်းမြို့နယ်တွင် နေထိုင်သူတဦးက ပြောသည်။ (NEJ 040510)
- ၂၀၀၈ ခုနှစ် မေလ (၂) ရက်နှင့် (၃) ရက်တို့တွင် နာဂစ်ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ခဲ့သည်မှာ ၂၀၁၀ ပြည့်နှစ် မေ (၂) ရက်နှင့် (၃) ရက်တွင် (၂) နှစ်တင်းတင်း ပြည့်ခဲ့ပြီဖြစ်သော်လည်း နာဂစ်သင့်ဒေသတွင် နာလန်ထူနိုင်ခြင်း မရှိသေးဟု ဆိုသည်။ (NEJ 040510)
- လွတ်လပ်၍ တရားမျှတသည့်ရွေးကောက်ပွဲ ကျင်းပမည်ဆိုသော်လည်း စာနယ်ဇင်းလွတ်လပ်ခွင့်ကို ဆိုးရွားစွာ ဖိနှိပ်သူများထဲတွင် စစ်အစိုးရခေါင်းဆောင်သည် အပါအဝင် ဖြစ်နေဆဲဟု သတင်းလွတ်လပ်ခွင့် စောင့်ကြည့်သည့်အဖွဲ့ တခုဖြစ်သည့် နယ်စည်းမခြား သတင်းထောက်များအဖွဲ့ (RSF) က ထုတ်ပြန်လိုက်သည်။ (Irrawaddy 040510)
- ရေဂတီတိုင်း မြစ်ဂကျွန်းပေါ် နာဂစ်ဒဏ်သင့် လပွတ္တာမြို့ သုံးမိုင်မြို့သစ်စီမံကိန်းတိုးချဲ့ရန်အတွက် အနီးရှိကျောက်ချောင်းကျေးရွာကို အာဏာပိုင်များက ပြောင်းရွှေ့ခိုင်း နေသည့်သဖြင့် အခက်အခဲဖြစ်နေကြကြောင်း ဒေသခံများက ပြောသည်။ (Irrawaddy 040510)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ရွေးကောက်ပွဲအောင်မြင်စွာ ဖြစ်ထွန်းရေး ပြည်သူလူထုက ပူးပေါင်း ဆောင်ရွက်ကြရန် ကာကွယ်ရေးဝန်ကြီးဌာန ဒုဗိုလ်ချုပ်ကြီးအုန်းမြင့်က ချင်းပြည်နယ် ဖလမ်းမြို့၌ ယခုလ ၂ ရက်နေ့တွင် တိုက်တွန်းပြောဆိုသွားသည်။ (Mizzima 040510)
- နာဂစ်မုန်တိုင်းသင့် ဒုက္ခသည်များ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် ပါတီအနေဖြင့် ကျပ်သိန်း ၁၄၀၀ ကျော် သုံးစွဲခဲ့ပြီးဖြစ်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD က မေလ ၄ ရက်နေ့က ပြောဆိုလိုက်သည်။ (Mizzima 040510)
- စစ်ကိုင်းတိုင်း ကလေးမြို့ လေဆိပ်တိုးချဲ့ရေး စီမံကိန်းအောက်တွင် လယ်မြေအသိမ်းခံရသူများက စစ်အစိုးရ အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ စာရေးတိုင်ကြားရန် စီစဉ်လျက်ရှိသည်။ (Mizzima 040510)
- နာဂစ်မုန်တိုင်း ၂ နှစ်ပြည့်ပြီဖြစ်သော်လည်း မြစ်ဝကျွန်းပေါ်ဒေသခံ ၁ သိန်း ၈ သောင်းခန့်သည် သောက်သုံးရေ ရှားပါးမှု ကြုံနေရကြောင်း ရန်ကုန်မြို့ ကုလသမဂ္ဂရုံးမှ ပြန်ကြားရေးတာဝန်ခံ ဦးအေးဝင်းက ပြောသည်။ (Mizzima 040510)
- သင်္ကြန်အကြတ်နေ့ ရန်ကုန်ဗုံးပေါက်ကွဲမှုနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲတရပ်ကို မေလ (၆)ရက်နေ့တွင် နေပြည်တော်တွင် ပြုလုပ်မည်ဖြစ်ကြောင်း ရဲချုပ်ခင်ရီ ဦးဆောင်မည့် အဆိုပါသတင်းစာရှင်းလင်းပွဲကို တက်ရောက် ရန်အတွက် ပြည်တွင်းမီဒီယာများနှင့် ပြည်ပသတင်းဌာနများမှ ကိုယ်စားလှယ်များကို မေလ (၄)ရက်နေ့တွင် စာပေ စိစစ်ရေးမှ အကြောင်းကြားခဲ့သည်။ (Mizzima 040510)
- ရွေးကောက်ပွဲအောင်မြင်စွာ ဖြစ်ထွန်းရေး ပြည်သူလူထုက ပူးပေါင်းဆောင်ရွက်ကြရန် ကာကွယ်ရေးဝန်ကြီးဌာန ဒုဗိုလ်ချုပ်ကြီးအုန်းမြင့်က ချင်းပြည်နယ် ဖလမ်းမြို့၌ ယခုလ ၂ ရက်နေ့တွင် တိုက်တွန်းပြောဆိုသွားသည်။ (Mizzima 040510)
- တိုက်ပွဲများဖြစ်မည်ကို စိုးရိမ်သဖြင့် တောတွင်းနှင့်ထိုင်းနယ်စပ်သို့ တိမ်းရှောင်ပြီး ရပ်ရွာနေအိမ်သို့ ပြန်သွားကြသည့် မိုင်းတုံမြို့နယ်နှင့် ပုံပါကျင်မြို့နယ်ခွဲအတွင်းရှိ လူထုအဖို့ နေထိုင်စားသောက်မှု အခက်အခဲဒုက္ခကြုံတွေ့နေကြရ ကြောင်း အမည်မဖော်လိုသည့် ဒေသခံတစ်ဦးကပြောသည်။ (S.H.A.N 040510)
- သျှမ်းပြည် (မြောက်ပိုင်း) မူဆယ်ခရိုင် ကြူကုတ်(ပန်ဆိုင်း) မြို့နယ် ဒေသအာဏာပိုင်များကြား လောင်းကစားရုံ လာဘ်ငွေကိစ္စ တိုင်တန်းမှု ဖြစ်ပွားပြီးနောက် ဧပြီလ ၂၉ ရက်နေ့က တရုတ်- မြန်မာနယ်စပ်တွင် ဖွင့်ထားသော လောင်းကစားရုံ တစ်ရုံ ပိတ်လိုက်ရကြောင်း ဒေသခံတစ်ဦးကပြောသည်။ (S.H.A.N 040510)
- တိုက်ပွဲများဖြစ်မည်ကို စိုးရိမ်သဖြင့် တောတွင်းနှင့်ထိုင်းနယ်စပ်သို့ တိမ်းရှောင်ပြီး ရပ်ရွာနေအိမ် သို့ပြန်သွားကြသည့် မိုင်းတုံမြို့နယ်နှင့် ပုံပါကျင်မြို့နယ်ခွဲအတွင်းရှိ လူထုအဖို့ နေထိုင်စားသောက်မှု အခက်အခဲဒုက္ခကြုံတွေ့နေကြရ ကြောင်း ဒေသခံတစ်ဦးကပြောသည်။ (S.H.A.N 040510)
- နအဖစစ်အစိုးရသည် မိုင်းလားတပ်ဖွဲ့အား နယ်ခြားစောင့်တပ်အသွင်ပြောင်းရန် ချောက်တလှည့်၊ ချော့တလှည့်နည်း အမျိုးမျိုး ဖိအားပေးစည်းရုံးလျက်ရှိသည်။ (S.H.A.N 040510)

## မေလ (၅) ရက်

- နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းရန် လက်မခံသည့် ဗိုလ်ထိန်မောင် ဦးဆောင်သော ကရင်ငြိမ်းချမ်းရေး ကောင်စီအဖွဲ့ကို နအဖစစ်အစိုးရက စစ်ရေးနည်းဖြင့် အရေးမယူသေးဘဲ အခြားနည်းလမ်းများဖြင့် စည်းရုံးလျက်ရှိ သည်။ (NEJ 050510)
- ရွေးကောက်ပွဲ ဝင်ရောက်ရှင်ပြိုင်ရန်အတွက် နိုင်ငံရေးပါတီ တည်ထောင်ခွင့် လျှောက်ထားသည့် အဖွဲ့ (၃၀) အနက် (၂၄) ဖွဲ့ကို ရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီ တည်ထောင်ခွင့် ပြုလိုက်ပြီးဖြစ်သည်။ (NEJ 050510)
- ရွှေ့ပြောင်းအလုပ်သမားများအား ထိုင်းနိုင်ငံတွင်း အလုပ်လုပ်ကိုင်ခွင့်လက်မှတ်အသစ် ထုတ်ပေးတော့မည်မဟုတ်ဟု ထိုင်းအစိုးရဘက်မှ ပြောဆိုနေသော်လည်း ထိုင်းနိုင်ငံအတွင်းသို့ မြန်မာနိုင်ငံသားများ တရားမဝင် ဝင်ရောက်နေဆဲ

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



ဖြစ်ပြီး ယခုလ (၃) ရက်တွင် မြန်မာပြည်သား (၁၇၃) ဦးအား ထိုင်းဒေသဆိုင်ရာ စစ်တပ်နှင့်နယ်ခြားစောင့်တပ်တို့က ဖမ်းဆီးရမိသည်။ (NEJ 050510)

- နိုင်ငံရေးပါတီများ၊ နိုင်ငံရေးသမားများဆိုင်ရာ သတင်း၊ ဆောင်းပါးနှင့် အင်တာဗျူးများကို စာပေစိစစ်ရေးအဖွဲ့က ပိတ်ပင်၊ ဖြတ်တောက်မှုများကြောင့် နိုင်ငံရေးပါတီများနှင့် ဂျာနယ်များအကြား မကြာခဏ အထင်အမြင်လွဲမှားမှုများ ဖြစ်ပေါ်နေသည်။ (NEJ 050510)
- မီဒီယာများတွင် လက်ရှိအစိုးရကို "တပ်မတော် အစိုးရ" ဟု ခေါ်ဝေါ် သုံးစွဲခြင်းမပြုကြရန် လွန်ခဲ့သည့်လ ၂၆ ရက်နေ့က ကာကွယ်ရေးဝန်ကြီးဌာန၏ မီဒီယာများ၊ ပြန်ကြားရေးဝန်ကြီးဌာန၏ သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြား ဌာနများသို့ ညွှန်ကြားခဲ့သည်ဟု နေပြည်တော်မှ အဆင့်မြင့် အရာရှိတဦးက ဆိုသည်။ (Irrawaddy 050510)
- တရုတ် မြန်မာနယ်စပ် ကချင်ပြည်နယ် ပန်ဂါဒေသရှိ သတ္တုတွင်း တတွင်း၌ ပြီးခဲ့သည့် တနင်္လာနေ့ညနေက မြေပြိုကျမှု ဖြစ်ပွားခဲ့ရာ တရုတ်လူမျိုး အလုပ်သမား ၁၃ ဦး သေဆုံးပြီး၂ ဦးပျောက်ဆုံးနေကြောင်း ယနေ့ထုတ် People Daily သတင်းတွင် ရေးသားထားသည်။ (Irrawaddy 050510)
- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း (ကြံ့ဖွံ့)က နိုင်ငံရေးပါတီအဖြစ် အသွင်ပြောင်းခြင်းသည် ဥပဒေနှင့် မညီကြောင်း ဝေဖန်ရေးသားမှုများကို မြန်မာနိုင်ငံရှိ သတင်းမီဒီယာများတွင် ဖော်ပြခွင့်မရကြောင်းရန်ကုန်မြို့မှ သတင်းအယ်ဒီတာတဦးက ဆိုသည်။ (Irrawddy 050510)
- ဆိုမာလီဓါးပြများ ပြန်ပေးဆွဲထားသော သင်္ဘောပေါ်ပါ မြန်မာ ၂၁ ဦး မကြာမီ လွတ်မြောက်လာဖွယ်ရှိသည်ဟု သင်္ဘောကုမ္ပဏီက ပြောကြားလိုက်သည်။ (Mizzima 050510)
- ရွေးကောက်ပွဲအပြီး ဖြစ်ပေါ်လာမည့် လွှတ်တော်ထဲတွင် စစ်တပ်ကသာ လွှမ်းမိုးထားအောင် လုပ်ဆောင်နေမှုကြောင့် ပါတီငယ်များအနေဖြင့် ရွေးကောက်ပွဲမဝင်သင့်ဟု CRPP ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီက တိုက်တွန်းလိုက်သည်။ (Mizzima 050510)
- စစ်အစိုးရ၏ ရွေးကောက်ပွဲ ဥပဒေများ ထွက်လာပြီးနောက် ပထမဆုံးအကြိမ်အဖြစ် မြန်မာနိုင်ငံသို့ လာရောက်ရန်ရှိသည့် အမေရိကန်အဆင့်မြင့် ကိုယ်စားလှယ်အနေဖြင့် စစ်အစိုးရနှင့် ဒီမိုကရေစီလိုလားသော အင်အားစုများအကြား ပိုမိုကြားဝင်ဆောင်ရွက်စေလိုနေကြသည်။ (Mizzima 050510)
- ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီက မြန်မာတပြည်လုံးရှိ မြို့နယ်အသီးသီးသို့ ပါတီဝင်များ၊ မြို့နယ် EC များ စာရင်းပြုစုပြီး ရွေးကောက်ပွဲကိုယ်စားလှယ်လောင်းများ ရာထားသတ်မှတ်ကြရန် ခယက၊ မယကတို့မှတဆင့်ညွှန်ကြားထားကြောင်း သျှမ်းပြည်တောင်ပိုင်း မိုင်းတုံဒေသခံ တစ်ဦးကဆိုသည်။ (S.H.A.N 050510)

## မေလ (၆) ရက်

- သင်္ကြန်ကာလက ရန်ကုန်တွင် ပေါက်ကွဲခဲ့သော ဗုံးပေါက်ကွဲမှုသည် စွမ်းအားမြင့် မြန်မာကျောင်းသား စစ်သည်တော်များ (VBSW) ဖြစ်ကြောင်းနှင့် တရားခံတဦးအား ဖမ်းဆီးရရှိထားကြောင်း နအဖက ယနေ့ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ရဲချုပ်ခင်ရီက ပြောကြားလိုက်သည်။ (NEJ/ Irrawaddy 060510)
- တရုတ်နယ်စပ် မြန်မာနိုင်ငံ ကချင်ပြည်နယ် NDA-K ထိန်းချုပ်နယ်မြေ ဗိမော် အရှေ့ပိုင်းတွင် ဖြစ်ပွားခဲ့သည့် မိုင်းတွင်းပြိုကျမှုကို သွားရောက်စစ်ဆေးရန် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်က ညွှန်ကြားကြောင်း NDA-K ဒေသခံ ခေါင်းဆောင်တဦးက ပြောသည်။ (NEJ 060510)
- ထိုင်းနိုင်ငံတွင် ထိန်းသိမ်းထားသော မြန်မာနိုင်ငံသားများအပါအဝင် လူကုန်ကူးခံရသူများအား ယာယီနေထိုင်ခွင့်ပေးပြီး အလုပ်လုပ်ကိုင်ခွင့်ပြုရန် ထိုင်းအစိုးရက မေ (၄) ရက်တွင် ညွှန်ကြားချက် ထုတ်ပြန်လိုက်သည်။ (NEJ 060510)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) က ပြီးခဲ့သည့် ဧပြီ (၂၉) ရက်တွင် ဗဟိုတရားရုံးချုပ်သို့ တင်ထားသည့် လျှောက်ထားမှုနှစ်ခုစလုံးကို တရားရုံးချုပ်က ယမန်နေ့တွင် ပယ်ချလိုက်ကြောင်း အဖွဲ့ချုပ်ပြောခွင့်ရ ရှေ့နေကြီး ဦးဉာဏ်ဝင်းက ပြောသည်။ (NEJ 060510)
- နအဖကျင်းပမည့် ၂၀၁၀ ရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည့် ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) အဖွဲ့က ကျောင်းသားသမဂ္ဂများ၏ တရားဝင်အလံဖြစ်သည့် ခွပ်ဒေါင်းအလံကို သုံးစွဲသဖြင့် ကန့်ကွက်ရှုတ်ချကြောင်း အခြေခံပညာကျောင်းသားများသမဂ္ဂ (အကသ) နှင့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ် (ဗကသ) အဖွဲ့များက ယနေ့ပြောကြားလိုက်သည်။ (NEJ 060510)
- အပူရှိန် ပြင်းထန်လွန်းသဖြင့် ပဲခူးတိုင်းအတွင်း ရေတွင်း ရေကန်များတွင် ရေများခန်းခြောက်ကာ သောက်သုံးရေ ရှားပါးမှုနှင့် ကြုံတွေ့နေရကြောင်း ပဲခူး ဒေသခံများက ပြောသည်။ (Irrawaddy 060510)
- မွန်ပြည်သစ်ပါတီနှင့် စစ်အစိုးရတို့ ဆက်ဆံရေး တင်းမာနေသောကြောင့် ယမန်နေ့က ကျရောက်သော (၂၅၃) နှစ်မြောက် ဟံသာဝတီ မွန်နေပြည်တော် အောက်မေ့ဖွယ် အခမ်းအနားကို ပဲခူးမြို့ အပါအဝင် မွန်ပြည် နယ် အတွင်းရှိ မြို့များတွင် မကျင်းပနိုင်ကြကြောင်း မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီမှ ကော်မတီဝင် ဒေါက်တာ ဗညားအောင်မိုး က ဧရာဝတီသို့ ပြောသည်။ (Irrawaddy 060510)
- ရွေးကောက်ပွဲကို သပိတ်မှောက်ရန် သဘောမတူခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင်အချို့က ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်းနှင့် ပါတီအမည်ကို"အမျိုးသား ဒီမိုကရေစီအင်အားစု (National Democratic Force)" ဟု အမည်ပေးမည်ဖြစ်ကြောင်း ၎င်းအဖွဲ့၏ ခေါင်းဆောင်တဦးဖြစ်သူ ဒေါက်တာသန်းငြိမ်းက ပြောသည်။ (Irrawaddy/ Mizzima 060510)
- စစ်အစိုးရ၏ ဒီမိုကရေစီဖော်ဆောင်ရေး အစီအစဉ်များတွင် စစ်မှန်သောတိုးတက်မှုတစုံတရာ မတွေ့ရသည့်အတွက် ဆက်လက်ပိတ်ဆို့မှုပြုလုပ်ရန် အမေရိကန်အထက်လွှတ်တော်အမတ် မစ်ချ်မက်ကော်နယ်လ်က ယမန်နေ့က တိုက်တွန်း ပြောဆိုလိုက်သည်။ (Irrawaddy/ Mizzima 060510)
- နှစ်ရှည်ထောင်ဒဏ် ကျခံနေရသော ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင်တဦးဖြစ်သည့် ကိုမြအေးသည် ကျန်းမာရေး မကောင်းသဖြင့် အကျဉ်းထောင်အတွင်း လုံလောက်သော ဆေးဝါးကုသမှုပေးရန် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (AI)က ယမန်နေ့တွင် ကြေညာချက်ထုတ်ပြန် တောင်းဆိုလိုက်သည်။
 (Irrawaddy/ Mizzima 060510)
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ရန်ကုန်တိုင်း မြို့နယ် ၁၄ မြို့နယ်မှ နိုင်ငံရေးအကျဉ်းသားများ၏ သားသမီးငယ် ၁၂၇ ဦးအတွက် တဦးလျှင် ပညာသင်စရိတ် ၂၃၀၀၀ ကျပ်စီ လက်ကျန်ပါတီရန်ပုံငွေထဲမှ ပေးအပ်ခြင်းအခမ်းအနား ကို ယမန်နေ့ နေ့လည်ပိုင်းက ရွှေဂုံတိုင်လမ်းရှိ ပါတီရုံးချုပ်တွင် ပြုလုပ်ကျင်းပသည်။ (Mizzima 060510)
- ဧရာဝတီတိုင်း မော်ကျွန်းမြို့နယ်ရှိ ကျေးရွာ ၂ ရွာတွင် ကျပ်သိန်း ၄၀ ကျော် တန်ဖိုးရှိ စက်ရေတွင်း ၂ တွင်းကို အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်က ယခုလ ၅ ရက်နေ့တွင် သွားရောက်လှူဒါန်းခဲ့သည်။ (Mizzima 060510)
- ရွေးကောက်ပွဲဝင်မည့် နိုင်ငံရေးပါတီ ၈၈ မျိုးဆက်ကျောင်းသား လူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)က အသုံးပြုသော အလံနှင့်ပတ်သက်၍ ထင်ရှားသော စာရေးဆရာများဖြစ်ကြသော ဒဂုံတာရာ၊ လူထုစိန်ဝင်း၊ မောင်ဝံသတို့ပါ ဝင်ပြီး အနုပညာရှင်၊ စာပေစာနယ်ဇင်းအသိုင်းအဝိုင်းမှ ပုဂ္ဂိုလ် ၈၀ ခန့်က နေပြည်တော် ရွေးကောက်ပွဲ ကော်မရှင်သို့ ကန့်ကွက်ရန် ပြင်ဆင်နေကြသည်။ (Mizzima 060510)
- တိုးတက်သော ဗုဒ္ဓဘာသာ ကရင်တပ်မတော် DKBA ၏ ထိပ်ပိုင်းခေါင်းဆောင် အချို့ကြားတွင် နယ်ခြားစောင့်တပ် အသွင်ပြောင်းရေးအပေါ် သဘောထားကွဲလွဲမှုများဖြစ်နေကြောင်း တပ်မှူးများက ဝန်ခံပြောကြားသည်။ (Mizzima 060510)
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မြို့နယ်ရုံး ၂ ရုံး ဖြစ်သည့် မန္တလေးတိုင်း မတ္တရာမြို့နယ် NLD ဥက္ကဋ္ဌ ဦးခင်မောင်သန်း နေအိမ်တင်ထားခဲ့သော ဆိုင်းဘုတ်ကို ယနေ့နံနက်ပိုင်းက ဖြုတ်ချခဲ့ပြီး ပဲခူးမြို့ ပန်းလှိုင်ရပ်ကွက် ၂၃ လမ်းရှိ ပဲခူးမြို့နယ်စည်း ဥက္ကဋ္ဌ ၏ အိမ်နံပါတ် ၉၂ နေအိမ်မှ ဆိုင်းဘုတ်ကို ယမန်နေ့က ဖြုတ်ချခဲ့သည်။ (Mizzima 060510)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ အထူးသံတမန် Mr. Tomás OJEA QUINTANA က စစ်အစိုးရအား နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးခြင်းဖြင့် အရပ်ဘက်အုပ်ချုပ်ရေးသို့ ချောမွေ့စွာ အသွင်ကူးပြောင်းရေး ကတိကဝတ်ကို ဖြည့်ဆည်းရန် ယခုလ ၄ ရက်နေ့က တိုက်တွန်းလိုက်သည်။ (Mizzima 060510)
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ယနေ့သည် ပါတီ၏နောက်ဆုံးရက်ဖြစ်သော်လည်း ရန်ကုန်အဖွဲ့ချုပ် ဗဟိုရုံးချုပ်ကို ဆိုင်းဘုတ်လည်းမချ ပါတီအလံလည်းမချဘဲ ရုံးအားဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ပြီး အဖွဲ့ဝင်များအားလုံး ညီညီညွတ်ညွတ်နှင့် လက်တွဲလုပ်ဆောင်ကြရန် ပါတီ ဒု-ဥက္ကဌ ဦးတင်ဦးက ပြောကြားလိုက်သည်။ (DVB 060510)
- ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် SNLD က နအဖ၏ ၂၀၁၀ ရွေးကောက်ပွဲတွင် မှတ်ပုံတင်ခြင်းနှင့် ဝင်ရောက်ယှဉ်ပြိုင်ခြင်းများ ပြုလုပ်မည်မဟုတ်ကြောင်းနှင့် လူမှုရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်သွားမည်ဟု ယမန်နေ့က ကြေညာချက်တစ်စောင် ထုတ်ပြန်ပြောကြားလိုက်သည်။ (DVB 060510)
- ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ် အကူအညီဖြင့် ထောင်မှပြန်လည်လွတ်မြောက်လာသော မကွေးတိုင်းအတွင်းမှ လယ်သမားများသည် ၎င်းတို့၏ ပြန်လည်လုပ်ကိုင်ရာတွင် အာဏာပိုင်များက ထပ်မံခြိမ်းခြောက်နေသဖြင့် ILO ရုံးကို ထပ်မံတိုင်ကြားလိုက်သည်။ (DVB 060510)
- အသွင်ပြောင်းရေးကိစ္စ ဆက်လက်ဆွေးနွေးရန် မိုင်းလားတပ်ဖွဲ့အား ကျိုင်းတုံအခြေစိုက် တြိဂံဒေသ စစ်တိုင်းရုံးဆင့်ခေါ်ခဲ့သော်လည်း မိုင်းလားတပ်ဖွဲ့က 'ဘာမှထူးခြားမှာမဟုတ်' ဟုဆိုကာ ထပ်မံသွားရောက် မဆွေးနွေးရန် ဆုံးဖြတ်လိုက်ကြကြောင်း အမည်မဖော်လိုသည့် ကျိုင်းတုံကားဆရာက ပြောသည်။ (S.H.A.N 060510)
- SSA လွယ်တိုင်းလျဲန်ဌါနချုပ်နှင့်ဆွေးနွေးရန် နအဖမှ လျှို့ဝှက်စွာ ဆက်သွယ်ကမ်းလှမ်းခဲ့သည်ဆိုသည့် သတင်း '၀' တပ်ဖွဲ့ဌာနချုပ်၌ ပျံ့နှံ့နေခြင်းမှာ လုံးဝအခြေအမြစ်မရှိကြောင်း RCSS/ SSA ခေါင်းဆောင် စဝ်ယွက်စစ်က ငြင်းဆိုလိုက်သည်။ (S.H.A.N 060510)
- မွန်ခွဲထွက်နိုင်ချမ်းဒိန်းအဖွဲ့က ကျောက်တလင်းနှင့် ရာဖူးကျေးရွာမှ လူ ၂၂ ဦးကို ပြန်ပေးဆွဲပြီး၊ ကျပ်သိန်း (၄၀၀) ကျော် တောင်းခံခဲ့သည်ဟု ဒေသခံတစ်ဦးက ပြောသည်။ (IMNA 060510)

## မေလ (၇) ရက်

- မလေးရှားနိုင်ငံရှိ လုပ်သက် (၅) နှစ် ပြည့်သွားသော မြန်မာအပါအဝင် နိုင်ငံခြားသား ရွှေ့ပြောင်းအလုပ်သမားများအား မလေးရှားအစိုးရက အလုပ်လုပ်ခွင့်သက်တမ်းများ ထပ်တိုးမပေးတော့ဟု ဆိုသည်။ (NEJ 070510)
- အန်အယ်လ်ဒီပါတီမှ ဗဟိုအလုပ်အမှုဆောင်အချို့သည် အမျိုးသားဒီမိုကရေစီအင်အားစု (National Democratic Force) အမည်ဖြင့် နိုင်ငံရေးပါတီတခု တည်ထောင်ဖွဲ့စည်းရန် စီစဉ်နေသည်ဟု ဒေါက်တာသန်းငြိမ်းက ပြောသည်။ (NEJ 070510)
- ရန်ကုန်မြို့၏ အထင်ကရ စာသင်ကျောင်း (၅) ကျောင်းအား အစိုးရ အဆင့်မြင့် အထက်တန်းကျောင်းများအဖြစ် အဆင့်မြှင့် အသွင်ပြောင်းမည်ဟု သတင်းများ ပေါ်ထွက်လျက်ရှိသည်။ (NEJ 070510)
- ရန်ကုန်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက မြို့နယ်အသီးသီးမှ ကြံ့ဖွံ့အသင်းဝင်များကို စာရင်းကောက်ကာ ကိုယ်စားလှယ်လောင်းများအဖြစ် တာဝန်ပေးသွားမည်ဖြစ်ပြီး ပါတီဝင်ကြေးများ ကောက်ခံတော့မည်ဖြစ်ကြောင်း ရန်ကုန်တိုင်း ကြံ့ဖွံ့အလုပ်အမှုဆောင်တဦးက ပြောသည်။ (NEJ 070510)
- ရန်ကုန်တွင် အိမ်ထောင်စုစာရင်းများ ထပ်မံကောက်ခံနေပြီး ရက်ကွက်ကြံ့ဖွံ့ရုံးတို့တွင် အိမ်ထောင်စုစာရင်းကို အတိအကျပေးရသည်ဟု မြို့ခံများကပြောသည်။ (NEJ 070510)
- ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ ကချင်ပြည်နယ်အတွင်း ပါတီလုပ်ငန်းများနှင့် ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေး လုပ်ငန်းတာဝန်များကို မြို့နယ်အဆင့် ကြံ့ဖွံ့အတွင်းရေးမှူးနှင့် အမှုဆောင်များအဖွဲ့က အဓိကတာ ဝန်ယူစတင် ဆောင်ရွက်နေသည်။ (NEJ 070510)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ဗိုလ်ချုပ်မှူးကြီး သန်းရွှေကို အာဏာရူးကြီးဟု ဝေဖန်ရေးသားမှုကြောင့် ထောင်ဒဏ် ၂ နှစ် ကျခံနေရသော ကဗျာဆရာစောဝေသည် ယခုလ ၂၆ ရက်နေ့တွင် ပြန်လွတ်လာမည်ဖြစ်ကြောင်းမန္တလေးတိုင်း ရမည်းသင်း အကျဉ်းထောင်တွင် ယခုလ ၃ ရက်နေ့က ထောင်ဝင်စာသွားတွေ့ခဲ့သည့် ဇနီးဖြစ်သူက ပြောသည်။ (Irrawaddy 070510)
- "ကျွှာမကြောဘူး၊ ငါတို့သွေးနဲ့ ရေးခဲ့ကြတဲ့ မော်ကွန်းတွေ" ဟု လူငယ်များက သံပြိုင်သီဆိုလိုက်ချိန်တွင် ကြက်သီးတဖျန်းဖျန်းထမိသည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) စည်းရုံးရေးမှူး တဦးဖြစ်သူ ကိုသန်းအောင်က ယခုလ ၆ ရက်နေ့တွင် ကြုံတွေ့ခဲ့ရသည့် ရန်ကုန်မြို့ NLD ရုံး၏ နောက်ဆုံးနေ့ မြင်ကွင်းအကြောင်းကို ပြောပြသည်။ (Irrawaddy 070510)
- နာဂစ်ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ခဲ့ခြင်းနှင့် ငါးအလွန်အကျွံ ဖမ်းဆီးမှုများကြောင့် ယခုနှစ်တွင် ငါးသလောက်ရှားပါးကာ ရန်ကုန် စံပြငါးဈေးသို့ အဝင်လျော့ကျပြီး ဈေးမြင့်တက်လျက် ရှိကြောင်းငါးအဝယ် ဒိုင်များက ဆိုသည်။ (Irrawaddy 070510)
- မကွေးတိုင်း တောင်းတွင်းကြီး မြို့တွင် လက်ရှိ ထောင်ဒဏ် ကျခံနေရဆဲဖြစ်သော ထောက်လှမ်းရေး အရာရှိဟောင်းတဦး၏ နေအိမ်၌ အမည်မသိသံဃာနစ်ပါး ထားခဲ့သည့်အိတ်အတွင်းမှ မပေါက်ကွဲသေးသည့် ဗုံးများကိုတွေ့ရှိခဲ့ကြောင်းဒေသခံများက ပြောသည်။ (Irrawaddy 070510)
- မြန်မာ့နိုင်ငံရေး အသိုင်းအဝိုင်းတွင် လူသိများသည့် ဒီမိုကရက်တစ်ပါတီ (မြန်မာပြည်) ဒုဥက္ကဋ္ဌဟောင်း ဦးရဲထွန်း (၇၃ နှစ်) သည် သွေးဖြူ၊ သွေးနီဥနှင့် အရိုးကင်ဆာ ရောဂါများဖြင့် ကွယ်လွန်သွားသည်။ (Mizzima 070510)
- သျှမ်းပြည် (မြောက်ပိုင်း) မူစယ်ခရိုင် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဖွဲ့စည်းရာတွင် ပါဝင်စေမည့် သူများ၏ အမည်စာရင်းအား ဒေသအာဏာပိုင်များက ဧပြီလလယ်ပိုင်းတွင် စတင်ကောက်ယူခဲ့ပြီး ၎င်းတို့၏ နောက်ကြောင်းရာဇဝင်ဆိုင်ရာ အချက်အလက်များကို နေပြည်တော်သို့ ပေးပို့အစီရင်ခံရသည်။ (S.H.A.N 070510)

## မေလ (၈) ရက်

- အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှနှင့် ပစိဖိတ်ရေးရာ လက်ထောက်နိုင်ငံခြားရေး ဝန်ကြီး မစ္စတာကာ့တ်ကမ်းဘဲလ်က ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ခွင့်ရမှသာ မြန်မာနိုင်ငံသို့ သွားရောက်မည်ဖြစ်သည်ဟု အမေရိကန်အဆင့်မြင့်အရာရှိတဦးက ပြောသည်။ (Irrawaddy 080510)
- ပဲခူးတိုင်းအတွင်း သောက်သုံးရေရှားပါး ပြတ်လပ်မှုဖြစ်ပေါ်နေပြီး ဝေါမြို့နယ်၌ ဝမ်းပျက်ဝမ်းလျှော ရောဂါဖြစ်ပွားသူများပြားနေကြောင်း မြို့ခံများက ပြောသည်။ (Irrawaddy 080510)
- မြန်မာနိုင်ငံနေရာအနှံ့ အပူချိန်လွန်ကဲမှုဒဏ် ခံစားနေရကာ မြို့ပြများတွင် လျှပ်စစ်မီးလာချိန်မမှန်သည့်အတွက် သောက်သုံးရေ အခက်အခဲ တွေ့နေရသည်ဟု ဆိုသည်။ (Irrawaddy 080510)

## မေလ (၉) ရက်

- ၂၀၁၀ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ကြံ့ခိုင်ရေးပါတီသည် နိုင်ငံ့တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများနှင့်ဖွဲ့စည်းခြင်းသည် မသင့်တော်ကြောင်း၊ နိုင်ငံပိုင်ပစ္စည်းများကို မသုံးစွဲသင့်ကြောင်းနှင့် တရားမျှတသည့်ရွေးကောက်ပွဲဖြစ်စေလိုပါက သမာသမတ်ကျသည့် ကြားဖြတ်အစိုးရတစ်ရပ် ဖွဲ့စည်းပေးရန်လိုကြောင်း ပြည်ထောင်စု ဒီမိုကရေစီပါတီက မေလ ၉ ရက်နေ့တွင် ကြေညာချက်တစ်စောင် ထုတ်ပြန်လိုက်သည်။ (RFA 090510)
- ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်က နီးစပ်ရာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင်များနှင့် လစဉ်ပုံမှန်တွေ့ဆုံနိုင်ရန်အတွက် စီစဉ်နေကြောင်း တောင်ကြီးမြို့နယ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းငွေက ပြောသည်။ (DVB 090510)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- စာရေးဆရာကြီး ဒဂုန်တာရာ၏ အသက် ၉၁ နှစ်ပြည့်မွေးနေ့ပွဲကို ရှမ်းပြည်နယ် အောင်ပန်းမြို့က ဆရာကြီး၏ နေအိမ်တွင် မေလ ၉ ရက်နေ့က ကျင်းပပြုလုပ်ခဲ့သည်။ (DVB 090510)
- တိဘက်ဂန်ကြီးချုပ် ဘုန်းတော်ကြီးရင်ပိုချေးက မြန်မာစစ်အစိုးပြုလုပ်မည့် ၂၀၁၀ ရွေးကောက်ပွဲကို ကန့်ကွက်ရှုတ်ချကြောင်း မြန်မာအပါအဝင် နီပေါ၊ အိန္ဒိယနှင့်တိဘက်လူငယ်များအတွက် ပြုလုပ်ပေးသည့် အကြမ်းမဖက်သင်တန်းတစ်ခုတွင် ပြောကြားခဲ့သည်။ (DVB 090510)

## မေလ (၁၀) ရက်

- မစ္စတာ ကာ့တ်ကမ်ဘဲလ်သည် ဒေါ်အောင်ဆန်းစုကြည်နှင့် မတွေ့ဆုံခင်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD မှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် (၁၀) ဦးနှင့် ရန်ကုန်မြို့ရှိ အမေရိကန်သံရုံး၏ နေအိမ်၌ တွေ့ဆုံခဲ့ရာတွင် Mr. Kurt Campbell က အမေရိကန်နှင့် မြန်မာအစိုးရတို့အကြား ပုံမှန်ဆက်ဆံရေးများ ထူထောင်ရန် ရည်ရွယ်ချက်ဖြင့် လာရောက်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပြီး NLD မှ ဦးတင်ဦးနှင့် ဦးဝင်းတင်တို့က အဖွဲ့ချုပ်၏ လက်ရှိရပ်တည်နေသည့် အနေအထားနှင့် ရှေ့လုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းပြောကြားခဲ့သည်ဟု ဗဟိုအလုပ်အမှုဆောင်တဦးဖြစ်သူ ဦးအုန်းကြိုင်က ပြောသည်။ (NEJ/ Irrawaddy/ Mizzima 100510)
- ဂျီအက်စ်အမ်ဖုန်းကို အသုံးပြုပြီး ဗုံးဖောက်ခွဲရန် ကြံစည်ခဲ့မှုကြောင့် ဂျီအက်စ်အမ်နှင့် စီဒီအမ်အေ တခါသုံး ဆင်းကတ်ဝယ်ယူသူများသည် ၎င်းတို့၏ နေရပ်လိပ်စာနှင့် မှတ်ပုံတင်မိတ္တူ နှစ်စောင်ကို ပေးရကြောင်း ကိုယ်တိုင်ကြုံတွေ့ခဲ့သူများကပြောသည်။ (NEJ 100510)
- မဲဆောက်ဒေသအတွင်း တရားမဝင် အလုပ်လုပ်ကိုင်နေသည့် မြန်မာအလုပ်သမားများအား လိုက်လံဖမ်းဆီးမည့် စစ်ဆင်ရေးတခု ရှိသည့်အတွက် အလုပ်ရှင်များက အလုပ်သမားများကို ဘေးလွတ်ရာသို့ တိမ်းရှောင်ကြရန် အသိပေးထားသည်ဟု အလုပ်သမားများက ပြောသည်။ (NEJ 100510)
- ထိုင်းနိုင်ငံတောင်ပိုင်း ဖူးခက်ဒေသရှိ ငါးဖမ်းသင်္ဘောများ ဆိုက်ကပ်ရာလှေဆိပ်များတွင် မြန်မာပြည်သားအချင်းချင်း ခိုက်ရန်ဖြစ်ပွားမှုများ၊ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်မှုများကြောင့် အသက်ဆုံးရှုံးရမှုများ ဖြစ်ပေါ်နေရာ လွန်ခဲ့သည့် ရက်သတ္တပတ် တပတ်အတွင်း မြန်မာပြည်သား (၆) ဦး သေဆုံးခဲ့ပြီး ဖြစ်သည်။ (NEJ 100510)
- ကချင်ပြည်နယ် မံစီမြို့နယ်ရှိ တံတားတခုမှ ပျက်စီးကျိုးပဲ့နေသည့် ကြမ်းခင်းသစ်သားချောင်းများကို ပြင်ဆင်ခြင်း မရှိသေးသဖြင့် ကားများအန္တရာယ်ကြားမှ ချောင်းဖြတ်ကူးနေရသည်။ (NEJ 100510)
- မေလ ၉ ရက်နေ့ည (၁၀) နာရီခန့်တွင် ဘုရားသုံးဆူမြို့ ဂျပန်ရေတွင်းအနီးရှိမြို့အဝင် စစ်ဆေးရေးဂိတ်တွင် ဆိုင်ကယ်စီးလာသူ (၂) ဦးထံမှ ချိန်ကိုက်ဗုံးတလုံး ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ဗုံးသယ်ဆောင်လာသူ (၂) ဦးဖြစ်သည့် ဦးပြုံး (၅၀) နှစ်နှင့် မောင်အောင် (၃၅) တို့အား ဒဏ်ရာဖြင့် အရှင်ဖမ်းမိသည်။ (NEJ 100510)
- ဒေါ်အောင်ဆန်းစုကြည်အား လာမည့်နိုဝင်ဘာလတွင် ပြန်လွှတ်ပေးမည်ဟု နအဖပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၏ ပြောကြားချက်ကို ဒေါ်အောင်ဆန်းစုကြည်က မတရားသည့် ပြောဆိုချက်ဖြစ်ကြောင်း မေလ ၉ ရက်နေ့က ရှေ့နေဦးဉာဏ်ဝင်းနှင့်တွေ့ဆုံစဉ် ပြန်လည်တုံ့ပြန် လိုက်သည်ဟု ရှေ့နေဦးဉာဏ်ဝင်းက ပြောသည်။ (NEJ 100510)
- အရှေ့အာရှနှင့် ပစိဖိတ်ရေးရာ အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Kurt Campbell သည် မေလ ၁၀ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ခေါင်းဆောင် (၁၀) ဦးနှင့် ၂၀၁၀ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီအချို့တို့ကိုလည်း တွေ့ဆုံခဲ့သည်။ (Irrawaddy 100510)
- သင်္ကြန် ဗုံးပေါက်ကွဲမှု ဖြစ်ပွားအပြီး ထိုနေရာတွင် ဓာတ်ပုံရိုက်ကူးနေစဉ် အဖမ်းခံခဲ့ရသော ကိုစည်သူဇေယျာသည် တရားမဝင် အဖွဲ့အစည်းနှင့် ဆက်သွယ်မှုဖြင့် တရားစွဲ ခံနေရကြောင်း မိသားစုက ပြောသည်။ (Irrawaddy 100510)
- ၂၀၁၀ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသည် အာဏာရပါတီ ဆန်နေသည့်အပြင် ရွေးကောက်ပွဲ ဥပဒေများနှင့်လည်း ညီညွတ်မှုမရှိဟု ပြည်ထောင်စုဒီမိုကရေစီပါတီက ကြေညာချက်ထုတ်ပြန် ဝေဖန်လိုက်သည်။ (Irrawaddy 100510)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ၂၀၁၀ ရွေးကောက်ပွဲ မဝင်မီ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်၏ အကြီးအကဲ ဒု-ဗိုလ်ချုပ်ကြီးတင်အေး၏သား ဦးဇော်မင်းအေးကို Messenger သတင်းဂျာနယ်ထုတ်ဝေခွင့်၊ ပြန်ကြားရေးဝန်ကြီး ဦးကျော်ဆန်းနှင့် နီးစပ်သူဟု သတင်းထွက်နေသည့် ဦးမြတ်ခိုင်ကို မော်နီတာ သတင်းဂျာနယ်ထုတ်ဝေခွင့် စသည်ဖြင့် ချပေးလိုက်ကြောင်း စာပေစိစစ်ရေးဌာန ဝန်ထမ်းများက ပြောသည်။ (Irrawaddy 100510)
- သင်္ကြန် ဗုံးကွဲမှုဖြင့် ဖမ်းဆီးခံ ထားရသော ကိုဖြိုးဝေအောင်တွင် အပြစ်မရှိကြောင်းနှင့် အာဏာပိုင်တို့က မှားယွင်းဖမ်းဆီးထားခြင်းသာ ဖြစ်ကြောင်း ဇနီးဖြစ်သူက ထုတ်ဖော်ပြောဆိုလိုက်သည်။ (Irrawaddy 100510)
- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်တွင် ၁၈ လ ထိန်းသိမ်းထားသည့် အမှုအတွက် အထူးအယူခံကို ရန်ကုန် ဗဟိုတရားရုံးချုပ်သို့ မေလ ၁၀ ရက်နေ့နေ့ခွဲဖြင့် တင်သွင်းရာ တရားရုံးက လက်ခံခဲ့ကြောင်း ရှေ့နေဖြစ်သူ ဦးကြည်ဝင်းက ပြောသည်။ (Mizzima 100510)
- ပြည်ထောင်စုဒီမိုကရေစီပါတီသည် အတိုက်အခံထက် ပြည်သူတွေ အကျိုးရှိစေရန် ပူးပေါင်းဆောင်ရွက် ရန်ရည်ရွယ်ချက်ရှိကြောင်း အဆိုပါ ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးမင်းသိန်းက ဧပြီလ ၂၃ ရက်နေ့က ကျင်းပသည့် စာနယ်ဇင်းတွေ့ဆုံပွဲတွင် ပြောကြားလိုက်သည်။ (The Myanmar Times - အတွဲအမှတ် ၂၄၊ အမှတ် ၄၆၅)
- မြန်မာနိုင်ငံ၏ စီးပွားရေးလောကမှ အမျိုးသမီးများအား ကိုယ်စားပြု ရပ်တည်နေသည့် မြန်မာအမျိုးသမီး စွမ်းဆောင်ရှင်များအသင်းသည် ၂၀၁၀ အပြောင်းအလဲကာလတွင် နိုင်ငံရေးလောကသို့ ဝင်ရောက်မည်မဟုတ်ဘဲ ယခုလက်ရှိ အသင်းပုံစံအတိုင်းသာ ဆက်လက်ရပ်တည်သွားမည်ဟု အသင်း ဥက္ကဋ္ဌ ဒေါ်ရီရီမြင့်က မေလ ၂ ရက်နေ့ က ကျင်းပသည့် အသင်း၏ (၁၅)ကြိမ် မြောက် နှစ်ပတ်လည် အထွေထွေ အစည်းအဝေးတွင် ပြောကြားလိုက်သည်။ (The Myanmar Times အတွဲအမှတ် ၂၄၊ အမှတ် ၄၆၅)
- မုဒုံမြို့နယ် အဘစ်ကျေးရွာ အခြေစိုက် ထိုအမြောက်တပ် ၃၁၈ တို့မှ ယခုလ ၇ ရက်နေ့က တပ်သားအချင်းချင်း အငြင်းပွားရာမှ RPG လက်နက်ကြီးဖြင့် သုံးကြိမ်ပစ်ခတ်လိုက်ခြင်းကြောင့် ဒေသခံများ ထိန့်လန့်နေကြသည်။ (IMNA 100510)

## မေလ (၁၁) ရက်

- အာဏာပိုင်များ၏ ကျွန်းပင်စိုက်ပျိုးရေး စီမံကိန်းအတွက် ကချင်ပြည်နယ် ဗန်းမော်မြို့နယ် သဖန်းပင်ကျေးရွာမှ ရွာသား (၈၀) ခန့်သည် မေလ ၄ ရက်နေ့မှစ၍ တစ်ရက်ခြားစနစ်ဖြင့် အခမဲ့ လုပ်အားပေးနေရသည်။ (S.H.A.N 110510)
- တန့်ယန်းမြို့နယ်ရှိ ပြည်သူ့စစ်ခေါင်းဆောင်များက မိမိတို့၏ လက်အောက်ငယ်သားများအပေါ် အနိုင်ကျင့်နိုပ်ကွပ်နေသည်ဟု ဆိုသည်။ (S.H.A.N 110510)
- ယခုလ ၁၂ ရက် နောက်ဆုံးထား၍ ဌာနေပြည်သူ့စစ်တပ်အသွင်ပြောင်းရန် ရပခ ဒုတိုင်းမှူး၏ အပစ်ရပ် SSA တပ်မဟာ ၁ အပေါ် ထပ်မံဖိ အားပေးခြိမ်းခြောက်မှုကို တပ်မဟာမှူးအပါအဝင် တပ်မှူးများ လုံးဝလက်ခံမည်မဟုတ်ကြောင်း အပစ်ရပ် SSA တပ်မဟာ ၁ ခေါင်းဆောင် ဗိုလ်ချုပ်ပန်ဖုက အတည်ပြုပြော ဆိုပါသည်။ (S.H.A.N 110510)
- ယခင်နှစ်များထက် ထူးကဲသော အပူချိန်မြင့်တက်မှုကြောင့် ဒလမြို့ သောက်သုံးရေကန်များ လုံးဝရေခန်းခြောက်သွားပြီး အလှူရှင်များ နေ့စဉ်ပေးဝေနေသော သောက်သုံးရေကိုသာ မြို့လူထုအားပြသုံးစွဲနေရသည်ဟု ဒေသခံများကပြောသည်။ (NEJ 110510)
- ကြယ်ငါးပွင့်သင်္ဘောများတွင် တာဝန်ထမ်းဆောင်သော သင်္ဘောသားများကို ဇွန်(၁) ရက်မှ စတင်ကာ အမေရိကန်ဒေါ်လာဖြင့် လစာပေးတော့မည်ဖြစ်ကြောင်း မြန်မာကြယ်ငါးပွင့်သင်္ဘောလိုင်း၏ တာဝန်ရှိသူက ပြောသည်။ (NEJ 110510)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- KIO မှ နုတ်ထွက်ပြီး ဒေါက်တာတူးဂျာဦးဆောင်သည့် ကချင်ပြည်နယ် တိုးတက်ရေးပါတီနှင့် နိုင်ငံရေးမှူးဟောင်း ဦးချန်းခေါဦးဆောင်သည့် ရှမ်းပြည်မြောက်ပိုင်း တိုးတက်ရေးပါတီတို့ကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က မှတ်ပုံတင်ရန် ယနေ့အထိ ခွင့်ပြုချက်မပေးသေးဘဲ ဖြစ်နေသည်။ (NEJ/ Mizzima 110510)
- ရန်ကုန်လေဆိပ်၏ လေဆိပ်ဂန်ဆောင်မှုများကို အေးရှားဝေါလ်က လွှဲပြောင်းလုပ်ကိုင်ခွင့်ရရှိကြောင်း လေယာဉ်ကွင်း ဂန်ထမ်းတဦးက ပြောသည်။ (NEJ 110510)
- ရွေးကောက်ပွဲ နီးလာသော်လည်း စစ်အစိုးရက သတင်းစာများ ထုတ်ခွင့်မပြုသေးသည့်အပြင် သတင်းအသားပေး ဂျာနယ်များကိုလည်း သာမန်လုပ်ငန်းရှင်များကို ထုတ်ဝေခွင့်မပေးဘဲ ၎င်းတို့စိတ်ချသည့် စစ်ဗိုလ်ဟောင်းများ၊ ဗိုလ်ချုပ်သားသမီးများကိုသာ ထုတ်ဝေခွင့်ချပေးကြောင်း ရန်ကုန်မြို့ခံ ဂျာနယ်အယ်ဒီတာတဦးက ပြောသည်။ (NEJ 110510)
- စစ်ကိုင်းတိုင်း မုံရွာမြို့ရှိ ကုန်းမြင့်ပိုင်းကျသည့် ရပ်ကွက်များတွင် လက်ငင်ရေတွင်းများ၌ ရေခန်းခြောက်မှုများ ကြုံတွေ့နေရကြောင်း ဒေသခံများက ပြောဆိုကြသည်။ (Mizzima 110510)
- မြန်မာစစ်အစိုးရရဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးသို့ ပါတီမှတ်ပုံတင်လျှောက်ထားသည့် ကချင်ပြည်နယ် တိုးတက်ရေးပါတီ (KSPP)၊ ရှမ်းပြည်မြောက်ပိုင်းတိုးတက်ရေးပါတီ-ကချင်(NSPP) နှင့် စုပေါင်းဒီမိုကရေစီပါတီ-ကချင် တို့ကို တရားဂင်လက်ခံရေးကိစ္စ ဆက်လက်စောင့်ဆိုင်းပေးရန် ကော်မရှင်က အကြောင်းပြန်ကြားထားသည်။ (KNG 110510)
- ချင်းပြည်နယ်တွင် မကြာသေးခင်က ဖွဲ့စည်းခဲ့သည့် မြို့နယ်ရွေးကောက်ပွဲကော်မီရှင်အဖွဲ့က ဒေသတွင်းကျောင်း ဆရာ/မများကို ၂၀၁၀ ရွေးကောက်ပွဲနှင့်ပတ်သက်၍ ရွေးကောက်ပွဲ၊ တပ်မတော်နှင့် ကြံ့ဖွံ့ ကဏ္ဍဆိုပြီး အပိုင်း (၃) ပိုင်းခွဲ၍ ရက်တိုသင်တန်းတစ်ရပ်ပြုလုပ်ပေးခဲ့သည်ဟု ဖလမ်းမြို့ ကျောင်းဆရာမ တဦးကပြောသည်။ (Khonumthung 110510)
- ရှမ်းပြည်မြောက်ပိုင်း မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ် မန်တပ်အခြေစိုက် ခလရ ၁၄၄ နှင့် ရဲများပူးပေါင်းကာ ၂၀၁၀ ရွေးကောက်ပွဲအတွက် ပြည်သူ့စစ်ဦးရေပိုမိုများပြားလာစေရန်အတွက် နမ့်ခမ်းမြို့နယ်ရှိ စယ်လုံကျေးရွာနှင့် ပန်ကူက ကျေးရွာရှိ ဒေသခံများကို တစ်အိမ်လျှင် လူငယ်တစ်ဦးစီ ပြည်သူ့စစ်တာဂန်ထမ်းဆောင်ရန် စာရင်းကောက်ပြီး စစ်လက်နက်ပစ္စည်းများ တပ်ဆင်ပေးနေသည်ဟု ဆိုသည်။ (Palaungland 110510)

## မေလ (၁၂) ရက်

- ထိုင်းနိုင်ငံအတွင်းရှိ မြန်မာရွှေ့ပြောင်းအလုပ်သမားများအား နိုင်ငံသားစိစစ်မှုနှင့် ယာယီပတ်စပို့စ် ထုတ်ပေးမှု လုပ်ငန်းစဉ်အား ၂၀၁၂ ခုနှစ်တွင် အပြီးသတ်ပြုလုပ်မည်ဟု ထိုင်းအစိုးရက ယမန်နေ့က ကြေညာသည်။ (NEJ 120510)
- နယ်ခြားစောင့်တပ်အသွင်ပြောင်းရေးကို ဒီကေဘီအေအဖွဲ့အတွင်းမှ လက်မခံဘဲ ငြင်းဆန်နေသည့် တပ်မဟာ (၅) သည် ယမန်နေ့က နယ်ခြားစောင့်တပ်အဖြစ် သဘောတူလက်ခံလိုက်ပြီဖြစ်ကြောင်း ဒီကေဘီအေအဆင့်မြင့် အရာရှိတဦးက ပြောသည်။ (NEJ 120510)
- ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ (၃)၊ ရှမ်းပြည်တပ်မတော် (အက်စ်အက်စ်အေ) မှ ဥက္ကဋ္ဌအပါအဝင် ခေါင်းဆောင်အချို့က ပြည်သူ့စစ်တပ်ဖွဲ့အသွင်ပြောင်းရေးကို သဘောတူခဲ့သော်လည်း စစ်အစိုးရဘက်က လက်မခံဘဲ တပ်ဖွဲ့တခုလုံး အသွင်ပြောင်းရေးကိုသာ လိုလားနေသည်။ (NEJ 120510)
- ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုးက ယခုနှစ်အတွင်းကျင်းပမည့် ရွေးကောက်ပွဲကာလတွင် နိုင်ငံတကာ ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်ရေးအဖွဲ့များကို လာရောက်ခွင့်မပြုကြောင်း ပြောကြားလိုက်သည့်အတွက် နိုင်ငံရေးသမားများက စိတ်ပျက်နေကြသည်။ (NEJ/ Irrawaddy 120510)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ပြည်နယ်နှင့် တိုင်းတချို့ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အဖွဲ့ဝင်များက လာမည့်ရွေးကောက်ပွဲတွင် မဲဆန္ဒရှင် ပြည်သူများ အနေနှင့် ဆန္ဒမဲမပေးဘဲ နေခွင့်ရှိကြောင်း ဖြန့်ဝေ စည်းရုံးမှုများ ပြုလုပ်နေသည်။ (Irrawaddy 120510)
- မြန်မာအာဏာပိုင်များနှင့် အမေရိကန်ကိုယ်စားလှယ်များ တိုက်ရိုက်တွေ့ဆုံ ညှိနှိုင်းမှုများ ကြံ့ကြာမှုရှိနေသည်မှာ စစ်အစိုးရ၏ လုပ်ရပ်များကို ဝေဖန်ပုတ်ခတ်မှုများ ပြုလုပ်သောကြောင့် ဖြစ်သည်ဟု နအဖနိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းက ပြောသည်။ (Mizzima 120510)
- အမေရိကန် ကွန်ဂရက်အမတ် ဂျိုးခရော်လီ (Joe Crowley) က မြန်မာနိုင်ငံ စစ်အစိုးရအပေါ် ပစ်မှတ်ထား ပိတ်ဆို့အရေးယူသည့် မြန်မာ့ ဒီမိုကရေစီနှင့် လွတ်လပ်ရေး ဥပဒေကို နောက်ထပ် သက်တမ်းတိုးရန် ဥပဒေကြမ်းတရပ်ကို ပါတီနှစ်ရပ် ပူးတွဲ တင်သွင်းရာတွင် ဦးဆောင် တင်သွင်းလိုက်သည် ဟု ထုတ်ပြန် ကြေငြာချက်တွင် ဖော်ပြထားသည်။ (Mizzima 120510)
- မြန်မာပြည် ဒေသအချို့တွင် မကြုံစဖူးဆိုးရွားစွာ သောက်သုံးရေပြတ်လပ်နေသဖြင့် ရေလှူဒါန်းရန်အတွက် ပြည်တွင်းပြည်ပ မြန်မာများနှင့် ဖွဲ့စည်းထားသည့် ဗုဒ္ဓ၊ ဓမ္မ၊ သံဃ၊ လောက အသင်းကြီး (Lotus Foundation) က ယခုလ ၁၁ ရက်နေ့မှစတင်၍ ရန်ပုံငွေ ကောက်ခံနေကြသည်။ (Mizzima 120510)
- မြန်မာနိုင်ငံကို ရောက်ရှိနေသည့် ဂျာမနီနိုင်ငံခြားရေးဝန်ကြီးဌာန အာရှနှင့်ပစိဖိတ်ရေးရာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဆိုင်ရီနန်းသည် မေလ ၁၂ ရက်နေ့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့များနှင့် တွေ့ဆုံကာ အဖွဲ့ချုပ်၏ရပ်တည်ရေးနှင့်ရှေ့လုပ်ငန်းစဉ်များအကြောင်း မေးမြန်းခဲ့ကြောင်း ပါတီပြန်ကြားရေးအဖွဲ့ဝင် တစ်ဦးဖြစ်သူ ဦးအုန်းကြိုင်ကပြောသည်။ (DVB 120510)
- တရားဝင်ပါတီတစ်ခုဖြစ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ၂၀၁၀ ရွေးကောက်ပွဲတွင် နောက်ထပ်မှတ်ပုံမတင်ပါက ပါတီပျက်ပြယ်ပြီဟုဆိုသည့် ဥပဒေထုတ်ပြန်ချက်အပေါ် ကန့်ကွက်ကြောင်း တရားစွဲဆိုမှုကို နအဖ ဗဟိုတရားရုံးက လက်မခံသည့်ကိစ္စနှင့်ပတ်သက်၍ နေပြည်တော်တရားရုံးချုပ်သို့ ထပ်မံစာတင်လိုက်ကြောင်း အဖွဲ့ချုပ် ပြန်ကြားရေးအဖွဲ့ဝင် ရှေ့နေဦးဉာဏ်ဝင်းကပြောသည်။ (DVB 120510)
- ရန်ကုန်မြို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရုံးချုပ်အနီးရှိ လက်ဖက်ရည်ဆိုင်၊ မုန့်ဟင်းခါးဆိုင်၊ ကွမ်းယာဆိုင်အပါအဝင် ဆိုင်ခန်းအားလုံးပေါင်း ၅၀ ခန့်ကို မေလ ၁၃ ရက်နေ့နောက်ဆုံးထား၍ ပိတ်ပေးရန် ရန်ကုန်စည်ပင်သာယာရေးဌာနက ညွှန်ကြားထားကြောင်း အဖွဲ့ချုပ်လူငယ်တစ်ဦးက ပြောသည်။ (DVB 120510)
- လတ်တလော ဆောင်ရွက်နေသည့် မြန်မာ-အမေရိကန် တိုက်ရိုက်ထိတွေ့ဆက်ဆံရေးမှ နှစ်နိုင်ငံဆက်ဆံရေးတိုးတက်ကောင်းမွန်လာလိမ့်မည်ဟု မျှော်လင့်ကြောင်း စစ်အစိုးရနိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းကပြောဆိုလိုက်ကြောင်း တရုတ်ဆင်ဟွာသတင်းတစ်ရပ်တွင် မေလ ၁၂ ရက်နေ့က ဖော်ပြထားသည်။ (RFA 120510)
- မြန်မာနိုင်ငံတွင် ယခုနှစ်အတွင်း ကျင်းပမည့် ရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာရန် ကိုယ်စားလှယ်အဖွဲ့ စေလွှတ်နိုင်ရေးနှင့် ပတ်သက်၍ ဥရောပသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးသံတမန် Mr. Pierro Fassino နှင့်အဖွဲ့ မြန်မာနိုင်ငံသို့ သွားရောက်ရန် ပြင်ဆင်နေကြောင်း မစ္စတာ ဖက်ဆီနို၏ ပြောခွင့်ရပုဂ္ဂိုလ် Mr. Bartorelli က ပြောသည်။ (VOA 120510)
- ဗြိတိန်နိုင်ငံတွင် ရွေးကောက်ပွဲအပြီး ဝန်ကြီးချုပ်သစ် ကတ်ချိန်ဦ လန်ဒန်မြို့ရှိ ချတ်တားဟောက်စ် နိုင်ငံတကာ သိပ္ပံမှာ မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲအကြောင်းတင်ပြခဲ့ပြီး နအဖ၏လူ့အခွင့်အရေးချိုးဖောက်မှုများကို ကော်မရှင်ဖွဲ့ စုံစမ်းစစ်ရေးပေးရန် နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ AI က တောင်းဆိုလိုက်သည်။ (VOA 120510)

## မေလ (၁၃) ရက်

- မြန်မာနိုင်ငံမှာ ကျင်းပမယ့် ရွေးကောက်ပွဲအတွက် အာဆီယံအပါအဝင် နိုင်ငံတကာက လာရောက်စစ်ဆေးဖို့မလိုအပ်ကြောင်း မြန်မာနိုင်ငံကို ၂ ရက်ကြာခရီး လာရောက်ခဲ့သည့် အမေရိကန်အစိုးရကိုယ်စားလှယ် Mr. Kurt

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



Campbell ကို မြန်မာစစ်အစိုးရက ပြောဆိုခဲ့ခြင်းကြောင့် ဒေသတွင်းနဲ့ နိုင်ငံတကာက စောင့်ကြည့်လေ့လာသူတွေကို ဖိတ်ကြားရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် Mr. Ban Ki Moon က နအဖစစ်အစိုးရကို တိုက်တွန်းတောင်းဆိုလိုက်သည်။ (VOA 130510)

- အန်အယ်လ်ဒီပါတီသည် တရားဝင်ရပ်တည်မှု မရှိတော့သည့်အတွက် အန်အယ်လ်ဒီ၏ မပြီးဆုံးသေးသည့်တာဝန်ကို တာဝန်သိသိ ဆက်လက် ထမ်းဆောင်ပေးခြင်းဖြစ်ကြောင်း အန်အယ်လ်ဒီဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်ဖြစ်ခဲ့သူ ဦးခင်မောင်ဆွေက ပြောကြားသည်။ (NEJ 130510)
- ရွေးကောက်ပွဲတွင် ကရင်ပြည်သူ့ပါတီ (KPP) က ကရင်ပြည်နယ်ကို ဦးစားပေး ဝင်ရောက်ယှဉ်ပြိုင်မည်မဟုတ်ဘဲ ရေးဝေတီ၊ မွန်၊ တနင်္သာရီ၊ ရန်ကုန်၊ ပဲခူးစသည့် ဒေသများတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဟု KPP အထွေထွေအတွင်းရေးမှူး၏ ပြောဆိုချက်သည် စစ်အာဏာရှင် သက်ဆိုးရှည်ရေးအတွက် အဆိပ်ပင်ရေ လောင်းနေခြင်းသာ ဖြစ်သည်ဟု ကရင်အမျိုးသားအစည်းအရုံး (KNU) က ပြောဆိုလိုက်သည်။ (NEJ 130510)
- အရှေ့အာရှနှင့်ပစိဖိတ်ရေးရာ အမေရိကန် လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Kurt Campbell ၏ မြန်မာ့နိုင်ငံရေးဆိုင်ရာ ပြောကြားချက်များကို စာနယ်ဇင်းများတွင် ဖော်ပြခြင်းမပြုရန် အာဏာပိုင်တို့က ပိတ်ပင်ထားကြောင်း ရန်ကုန်အခြေစိုက် သတင်းဂျာနယ် အသိုင်းအဝန်းက ပြောသည်။ (Irrawaddy 130510)
- ပုဂ္ဂလိကသို့ မကြာသေးမီက လုပ်ကိုင်ခွင့် ပေးလိုက်သည့် နိုင်ငံတဝန်းလုံးရှိ စက်သုံးဆီ အရောင်းဆိုင်များတွင် ဆီဈေးနှုန်းများ မြင့်တက်သွားသည်ဟု ရန်ကုန်မှ စက်သုံးဆီ ရောင်းချသူတဦးက ပြောသည်။ (Irrawaddy 130510)
- ကုန်ဈေးနှုန်းကျဆင်းရေး ဆန္ဒပြသဖြင့် ထောင်ဒဏ် ၁၂ နှစ်ခွဲ ကျခံနေရသည့် ဦးထင်ကျော်က ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ရွေးကောက်ပွဲမဝင်ရေး ဆုံးဖြတ်ချက်ကို ထောက်ခံကြောင်း စစ်ကိုင်းတိုင်း ခန္တီးထောင်သို့ ယခုလ ၄ ရက်နေ့တွင် ထောင်ဝင်စာသွားတွေ့ခဲ့သည့် ဇနီးဖြစ်သူအား မှာကြားလိုက်သည်။ (Mizzima 130510)
- ၂၀၀၇ မျိုးဆက် ဗကသ ကျောင်းသားခေါင်းဆောင် ကိုဒီပြင်မ်းလင်းသည် စစ်ကိုင်းတိုင်း ခန္တီးထောင်တွင် မျက်စိဝေဒနာခံစားနေရကြောင်း ယခုလ ၃ ရက်နေ့တွင် ခန္တီးထောင်သို့ ထောင်ဝင်စာသွားတွေ့ခဲ့သူ မိခင်ဖြစ်သူက ပြောသည်။ (Mizzima 130510)
- ရာသီဥတု ပူပြင်းမှုကြောင့် ရေပြတ်လပ်နေသည့် ပြည်သူများအား အာဏာပိုင်များက အချိန်မှီမကူညီသဖြင့် အခက်ခဲများ ပိုကြီးလာနေသည်ဟု ပြည်နယ်နှင့်တိုင်းများရှိ လူမှုကူညီရေးအဖွဲ့များက အပြစ်တင်နေကြသည်။ (Mizzima 130510)
- ပါတီမှခွဲထွက်သွားသူများက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဝင်ဟောင်းများအဖြစ် ပြောဆိုသုံးနှုန်းနေခြင်းကြောင့် ပြည်သူများအတွင်း ရှုတ်ထွေးမှု ဖြစ်သွားနိုင်ကြောင်း "ဒေါင်းယောင်ဆောင်သော ကျီးမျာအဖြစ်" NLD ဗဟိုအလုပ်မှုဆောင်အဖွဲ့ဝင် ဦးဝင်းတင်က ပြစ်တင်ရှုတ်ချလိုက်သည်။ (Mizzima 130510)
- လွိုင်ကော်-ရန်ကုန် ပြေးဆွဲသည့် ရွှေကိန္နရီကားလိုင်းမှ ခရီးသည်တင် ဘတ်စ်ကားသည် ရန်ကုန်သို့အလာ မိုင်တိုင် အမှတ် ၉၅ တွင် ယနေ့နံနက် ၂ နာရီခန့်က အခြားဘတ်စ်ကားတစီးအား တိုက်မိရာမှ ခရီးသည် ၁၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်းလွိုင်ကော်အခြေစိုက် ရွှေကိန္နရီ ကားလိုင်းဝန်ထမ်းများက ပြောသည်။ (Mizzima 130510)
- နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေး ကိစ္စအတွက် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် သံအမတ် ဗိုလ်ချုပ်အနုပ်ကူးမားချက်မာ Anup Kumar Chakma သည် စစ်တွေမြို့သို့ မေလ ၁၀ ရက်နေ့က ရောက်ရှိလာပြီး မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့် ဆွေးနွေးခဲ့သည်။ (Mizzima 130510)
- မြန်မာပြည်အနှံ့တွင် ရေခန်းမှု၊ ရေရှားပါးဖြစ်ပေါ်နေပြီး နောက်ဆက်တွဲ ဆိုးကျိုးများ ဖြစ်ပေါ်နေမှုသည် ရာသီဥတုနှင့် သက်ဆိုင်နေသကဲ့သို့ ရာသီဥတုကို အပြောင်းအလဲဖြစ်စေသည့် သဘာဝပတ်ဝန်းကျင်နှင့်လည်း သက်ဆိုင်နေသည်ဟု ရန်ကုန်မှ ပညာရှင်တစ်ဦးက ပြောသည်။ (DVB 130510)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- မေလ ၁၃ ရက်နေ့ နောက်ဆုံးထား၍ ရန်ကုန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ရုံးချုပ်ကို ပိတ်ရမည်ဟု စည်ပင်က အမိန့်ထုတ်ခဲ့သဖြင့် ပါတီရုံးချုပ်ကိုပါ ပိတ်တော့မည်လားဟု ပါတီဝင်များက စိုးရိမ်ခဲ့သော်လည်း ယခုချိန်ထိ ပုံမှန်အတိုင်း လည်ပတ်နေဆဲဘဲဖြစ်ကြောင်း NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝင်းတင်က ပြောသည်။(DVB 130510)
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ခွဲထွက်ပြီး အမျိုးသားဒီမိုကရေစီအင်အားစု NDF တည်ထောင်လိုက်သည့် ဦးခင်မောင်ဆွေနှင့် ဦးသိန်းညွန့်တို့၏ ပြည်တွင်းဂျာနယ်များ၌ ပြောဆိုနေမှုများသည် အဖွဲ့ချုပ်အဖွဲ့ဝင်များအတွက်ရောပြည်သူများအတွက်ပါ အငြင်းပွားဖွယ် ဖြစ်နေသည်ဟု အဖွဲ့ချုပ်လူငယ်များကပြောသည်။ (DVB 130510)
- မြန်မာနိုင်ငံမှာ နှစ်ပေါင်း ၂ဝ အတွင်း ပထမဆုံးအကြိမ် ကျင်းပမယ့် စစ်အစိုးရရဲ့ ရွေးကောက်ပွဲဟာ စစ်မှန်တဲ့ ရွေးကောက်ပွဲ မဟုတ်ကြောင်းနှင့် ရွေးကောက်ပွဲကာလတွင်း နိုင်ငံတကာစောင့်ကြည့်လေ့လာသူများအား လာရောက်စောင့်ကြည့်ခွင့်အား ပိတ်ပင်နေသည့်အပေါ် ဖိလစ်ပိုင် နိုင်ငံခြားရေးဝန်ကြီးက ပြင်းပြင်းထန်ထန် ဝေဖန်လိုက်သည်။ (VOA 130510)
- မြန်မာစစ်အစိုးရက အပစ်အခတ် ရပ်စဲထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ အစည်းများအားလုံးကို လာမည့် ရွေးကောက်ပွဲမတိုင်ခင် နယ်ခြားစောင့်တပ်နှင့် ပြည်သူ့စစ်အသွင်ပြောင်းရန် ဖိအားပေးမှုများ ပိုများလာသကဲ့သို့ နောက်ဆုံး ပြည်သူ့စစ် အသွင်ပြောင်းရန် လက်မခံတဲ့ ရှမ်းပြည်တပ်မတော် မြောက်ပိုင်း တပ်မဟာ ၁ ထိန်းချုပ်ရာ နယ်မြေတပိုက်တွင် စစ်အစိုးရ တပ်ဘက်က ပိုမိုလှုပ်ရှားလာသည်။ (VOA 130510)
- ကရင်ပြည်သူ့ပါတီ(ကေပီပီ)က ကယားပြည်နယ်အတွင်းရှိ မဲဆန္ဒနယ်မြေ (၂)ခုတွင် ပါဝင်ယှဉ်ပြိုင် အရွေးခံသွားမည်ကို လက်ခံမည်မဟုတ်ဟု ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (ကေအဲန်ပီပီ)က မေလ ၁၁ ရက်နေ့တွင် ကြေညာချက်အမှတ် ဂ၁/၂ဂ၁ဂဖြင့် သဘောထား ထုတ်ပြန်ခဲ့သည်။ (KIC 130410)

## မေလ (၁၄) ရက်

- မြန်မာနိုင်ငံတာဝန်း နေ့အပူချိန်မြင့်တက်မှုများကြောင့် မြန်မာပြည်အထက်ပိုင်းတွင်လည်း အပူချိန်များ မကြုံစဖူးကြုံတွေ့ရကာ စီးပွားရေးလုပ်ငန်းများ ကျဆင်းလာနေပြီး ပုံကျအလုပ်သမားများ၊ လက်လုပ်လက်စားများ ထိခိုက်နေကြသည်။ (NEJ 140510)
- မြန်မာပြည်သူများ၏အရေး ကူညီဆောင်ရွက်ရာတွင် ဥရောပသမဂ္ဂအနေနှင့် ညီညွတ်မှုမရှိပါက မြန်မာပြည်သူများ ခံစားနေရသည့်ဒုက္ခများ ပြေလည်နိုင်မည်မဟုတ်ကြောင်း မြန်မာ့အရေးကူညီဆောင်ရွက်နေသည့် ဗြိတိန်နိုင်ငံမှ နာမည်ကြီး သရုပ်ဆောင်အဆိုတော် JANE BIRKIN က ပြောကြားသည်။ (NEJ 140510)
- ထိုင်းနိုင်ငံတောင်ပိုင်း၊ ဖန်ငရိုင်၊ တကွာပါမြို့နယ်၊ ထလမုဒေသရှိ လမ်ကင်းကျေးရွာ ဘုန်းကြီးကျောင်း အနောက်ဘက် ချောင်းကမ်းစပ်တွင် (၉) နှစ်အရွယ် မြန်မာကလေးမလေးတဦး၏ အလောင်းကို ယနေ့တွေ့ရှိကြောင်း သိရသည်။ (NEJ 140510)
- အလှူရှင်များ၏ ပံ့ပိုးကူညီမှုဖြင့် အန်အယ်လ်ဒီ နာဂစ်ကော်မတီမှ ဦးဆောင်၍ လေဘေးသင့်ပြည်သူများ လိုအပ်လျက်ရှိသည့် သောက်သုံးရေ အဂီစီတွင်း တူးဖော်ခြင်း လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ (NEJ 140510)
- အလုပ်သမားခွန် ဖြတ်တောက်သည်ကို သဘောမတူသဖြင့် မလေးရှားအလုပ်ရှင်နှင့်ရဲ ပူးပေါင်းကာ ဖမ်းဆီးခံထားရသည့် မြန်မာအလုပ်သမား ခေါင်းဆောင် (၅) ဦးသည် ယမန်နေ့က ပြန်လည်လွတ်မြောက်လာသည်။ (NEJ 140510)
- တနင်္သာရီတိုင်း မုတ္တမ ကမ်းလွန် သဘာဝဓာတ်ငွေ့ စီမံကိန်းမှ ရန်ကုန်မြို့ လျှပ်စစ်ဓာတ်အားပေး စက်ရုံများသို့ သွယ်တန်း နေသည့် ပိုက်လိုင်းများသည် အရည်အသွေး မပြည့်မီသည့်အတွက် သဘာဝဓာတ်ငွေ့များ မပို့လွှတ်နိုင်သေးကြောင်း IGE Co.Ltd ကုမ္ပဏီနှင့် နီးစပ်သူတဦးက ပြောသည်။ (Irrawaddy 140510)
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အဖွဲ့ဝင်ဟောင်းတချို့ ပါတီသစ်ခွဲထောင်ခြင်းသည် ဒီမိုကရေစီနည်းကျလုပ်ထုံးလုပ်နည်းကို ဆန့်ကျင်ခြင်းဖြစ်သည်ဟု ဒေါ်အောင်ဆန်းစုကြည်၏ အထူးအယူခံလျှောက်လဲချက်ကိစ္စ ဆွေး

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



နွေးရန်အတွက် မေလ ၁၄ ရက်နေ့ မွန်းလွဲပိုင်းက ရှေ့နေဦးဉာဏ်ဝင်းနှင့် နစ်နာရီကြာ တွေ့ဆုံရာတွင် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်ကြောင်း ရှေ့နေဦးဉာဏ်ဝင်းက ပြောသည်။ (Irrawaddy/ VOA 140510)

- စစ်ကိုင်းတိုင်း မုံရွာဒေသခံ လုပ်ငန်းရှင်များ ကြီးကြပ်ခွင့် ရရှိထားသော ဆွဲလဲရွှေမော် လုပ်ငန်းခွင်ကို ဦးတေဇပိုင်ထူးကုမ္ပဏီက ဝင်ရောက်၍ လက်ဝါးကြီးအုပ် လုပ်ကိုင်နေကြောင်း နီးစပ်သူများက ပြောသည်။(Irrawaddy 140510)
- ကရင်ပြည်နယ် ဖာပွန်မြို့နယ်တွင် ပြေးဆွဲနေသည့် ခရီးသည်တင်ကားတစီးသည် ကရင်အမျိုးသားအစည်းအရုံး (KNU) ထောင်ထားသည့် မိုင်းကြောင့် ၂ ဦးသေဆုံးခဲ့ပြီး ၃ ဦး ဒဏ်ရာရ ရှိခဲ့ကြောင်း မေလ ၁၃ ရက်နေ့ထုတ် စစ်အစိုးရ မြန်မာ့အလင်း သတင်းစာတွင် ဖော်ပြထားသည်။ (Irrawaddy 140510)
- စီးပွားရေး ဦးပိုင် လီမိတက်က ကြယ်ငါးပွင့် သင်္ဘော လုပ်ငန်းကို လွှဲပြောင်းပေးပြီးနောက် ကမ်းရိုးတန်း ခရီးစဉ်များ၏ လက်မှတ်နှုန်းထား အများစုသည် ငါးဆနီးပါး မြင့်တက်သွားသဖြင့် ရေကြောင်းခရီးကိုသာ အားကိုးနေရသည့် ပြည်သူများ အခက်ကြုံနေရကြောင်း ကိုကိုးကျွန်းမြို့နယ် ဒေသခံတစ်ဦးက ပြောသည်။ (Irrawaddy 140510)
- ရာသီဥတု ပူပြင်းခြောက်သွေ့မှုကြောင့် ရန်ကုန်မြို့တဘက်ကမ်း ဒလမြို့ရှိ ရပ်ကွက်ပေါင်း ၂၃ ခုတွင် နေထိုင်သူလူထုအားလုံး သောက်သုံးရေရှားပါးမှုပြဿနာနှင့် ဆိုးဆိုးဝါးဝါးရင်ဆိုင်နေရသည်။ (Mizzima 140510)
- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ပြည်သူများ လက်ရှိကြုံတွေ့နေရသည့် သောက်သုံးရေ အခက်အခဲပေါ် စိုးရိမ်နေမိပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD အနေဖြင့် ယခုထက် ပိုမိုကူညီရန် မေလ ၁၄ ရက်နေ့က သူမ၏ ရှေ့နေများနှင့်တွေ့ဆုံစဉ် ပြောကြားလိုက်သည်။ (Mizzima 140510)
- လုပ်သက် ၅ နှစ်ပြည့် မြန်မာရွှေ့ပြောင်း လုပ်သားများအား မလေးရှားအစိုးရက အလုပ်လုပ်ခွင့် သက်တမ်းတိုးမပေးတော့သဖြင့် တရားမဝင်အလုပ်သမားများ ဖြစ်သွားရာမှ ဖမ်းဆီးမှုများပါ ရှိလာသောကြောင့် လွန်ခဲ့သည့် ၃ ပတ်အတွင်း မြန်မာဦးရေ ၁၀၀၀ ကျော် အဖမ်းခံရပြီ ဖြစ်ကြောင်း မလေးရှားမြန်မာများအား ကူညီနေသည့် အဖွဲ့အစည်းများမှဆိုသည်။ (Mizzima 140510)
- သဘာဝပတ်ဝန်းကျင် ပျက်သုန်းမှုကြောင့် မြန်မာနိုင်ငံတွင် မိုးခေါင်ရေရှား ဖြစ်ပေါ်နေကြောင်း ပညာရှင်များက ပြောကြားနေခိုက် ပြည်သူအချို့က အုပ်ချုပ်သူများ မင်းကျင့်တရားနှင့်အညီ မအုပ်ချုပ်သောကြောင့်ဟု ရှေးရိုးအစဉ်အလာတိုင်း ယုံကြည်နေကြသည်။ (Mizzima 140510)
- မြန်မာနိုင်ငံအနှံ့တွင် ရေခန်းမှု၊ ရေရှားပါးမှုဖြစ်ပေါ်နေပြီး နောက်ဆက်တွဲဆိုးကျိုးများ ဖြစ်ပေါ်နေခြင်းသည် ရာသီဥတုနှင့် သက်ဆိုင်သကဲ့သို့ ရာသီဥတုကို အပြောင်းအလဲဖြစ်စေသည့် သဘာဝပတ်ဝန်းကျင်နှင့်လည်း သက်ဆိုင်နေသည်ဟု ရန်ကုန်မှ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပညာရှင် ဦးအုန်းက ပြောသည်။ (DVB 140510)
- နယုန်လဆန်းရောက်သည်အထိ ရန်ကုန်တွင် မိုးမရွာသေးသဖြင့် အပူချိန်မြင့်လွန်းနေသည့်ကြားက အလှည့်ကျရသည့် လျှပ်စစ်မီးလည်း ပုံမှန်မရတော့သည့်အပြင် ဂျိုးဖြူပိုက်ရေလည်း ရေလွှတ်အား အလွန်နည်းနေသဖြင့် ရေဒုက္ခနှင့်ကြုံတွေ့နေရကြောင်း ရန်ကုန်မြို့ခံများကပြောသည်။ (DVB 140510)
- ဗုံးပေါက်ကွဲမည်ဟု သတင်းထွက်ပေါ်နေသဖြင့် မွန်ပြည်နယ် မော်လမြိုင်မြို့တွင်း လူစည်ကားသည့်နေရာများတွင် လုံခြုံရေးတင်းကျပ်စွာ ချထားကြောင်း ဒေသခံများက ပြောသည်။ (DVB 140510)
- စစ်ကိုင်းတိုင်း ခန္တီးထောင်တွင် ထောင်ဒဏ် ၉ နှစ် ကျခံနေရသည့် လှိုင်သာယာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD အဖွဲ့ဝင် ဦးတင်ယုသည် ခန္ဓာကိုယ်တခြမ်း လေဖြန်းသကဲ့သို့ ခံစားနေရသော်လည်း ဆေးကုသခွင့်မရကြောင်း မေလ ၁၁ ရက်နေ့က ထောင်ဝင်စာသွားတွေ့ခဲ့သည့် သမီးဖြစ်သူ မသင်းသင်းယုက ပြောသည်။ (RFA 140510)
- ပဲခူးမြို့ရှိ ဥပဒေဝန်ထမ်းများ၊ ရဲအရာရှိများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များနှင့် ဌာနဆိုင်ဝန်ထမ်းအချို့ကို မေလ ၁၄ ရက်နေ့တွင် တွေ့ဆုံပြီး အလုပ်သမားအရေးနှင့် ကလေးစစ်သား အရေးကိစ္စများကို ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ ဆက်သွယ်ညှိနှိုင်းရေးအရာရှိ မစ္စတာ စတိဗ်မာရှယ်က ရှင်းလင်းပြောကြားခဲ့သည်။ (RFA 140510)
- ရန်ကုန်တိုင်း ဒလမြို့နယ်အတွင်းတွင် ရေလှူဒါန်းနေကြသည့် အလှူရှင်ကားများကို ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလံစိုက်ခိုင်းနေသဖြင့် ရေအလှူရှင်များ စိတ်အနှောင့်အယှက် ဖြစ်နေရပြီး ရေလှူဒါန်းသများလည်း တစ်စထက်တစ်

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



စ နည်းပါးလာနေသည်ဟု မေလ ၁၄ ရက်နေ့က ကိုယ်တိုင် ရေသွားရောက်လှူဒါန်းခဲ့သည့် လူငယ်တစ်ဦးကပြောသည်။ (RFA 140510)

- ရခိုင်ပြည်နယ် အနောက်ပိုင်း (နပခ)စစ်ဌာနချုပ် တည်ရှိရာ အမ်းမြို့တွင် မဲကြီးကြပ် စောင့်ကြည့်ရေး သင်တန်းတခုကို မကြာမီအချိန်အတွင်း တပ်၊ ရဲ၊ လုံထိမ်း၊ လဝကနှင့် စစ်မှုထမ်ဟောင်းအဖွဲ့တို့မှ အရာရှိအဆင့်ရှိသူ ၁၂၅ ဦးကို ဖိတ်ထားသည်ဟု အမည်မဖော်လိုသူ အစိုးရဝန်ထမ်းတဦးကပြောသည်။ (Kaladan 140510)
- ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ဖါးပြဂွင်တွင် ယမန်နေ့မနက်က ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA)နှင့် နအဖစစ်တပ်တို့ အကြား (၆) နာရီကြာ တိုက်ပွဲဖြစ်ပွားခဲ့ရာ နအဖဘက်မှ ၁၀ ဦး ထိခိုက်သေဆုံးပြီး KNLA ဘက်မှ ၁ ဦး ကျဆုံးခဲ့သည်ဟု ကေအဲန်အယ်လ်အေ တပ်ရင်း(၁၆)က ပြောသည်။ (KIC 140510)
- ထိုင်း-မြန်မာနယ်စပ် မြဝတီမြို့တွင် ဧပြီလ(သင်္ကြန်ကာလ)မှစ၍ နှစ်နိုင်ငံ ကုန်သွယ်ရေးအခြေအနေ အေးသွားရာမှ ယခုလလယ် ပိုင်းအထိ ပုံမှန်အနေအထားသို့ ပြန်မဖြစ်သေးကြောင်း မြို့ခံများနှင့် ကုန်သည်များက ပြောသည်။ (KIC 140510)
- ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး ါတီမှ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ရပ်ကွက်များတွင် ရေတွင်းများ (တိုကင်တွင်း) တူးဖော်ပေးပြီး မဲဆွယ်စည်းရုံးနေသည်ဟု အရပ်လူကြီးတဦးက ပြောသည်။ (Narinjara 140510)
- သျှမ်းပြည်အရှေ့ပိုင်း မိုင်းခတ်မြို့နယ် မိုင်းနန်း နီးဘုရားပွဲတော်ကျင်းပနေစဉ် လက်နက်ကိုင် ဂ တပ်ဖွဲ့ဝင်ရောက်တိုက်ခိုက်မည်ဆိုသည့်သတင်းကြောင့် ပရိတ်သတ်များပွဲလန့်၍ ပွဲပျက်ခဲ့ကြောင်း မိုင်းနန်းရောက် ကျိုင်းတုံဒေသခံတဦးကပြောသည်။ (S.H.A.N 140510)
- မြန်မာစစ်အစိုးရအပေါ် စီးပွားရေးအရေးယူဒဏ်ခတ်ထားတာကို နောက်ထပ်တနှစ်သက်တမ်းတိုးရန် အမေရိကန်သမ္မတ (Barack Obama) က လက်မှတ် ရေးထိုးလိုက်ကြောင်း မေလ ၁၄ ရက်နေ့စွဲဖြင့် အိမ်ဖြူတော်က ကြေညာချက်ထုတ်ပြန်လိုက်သည်။ (VOA 140510)

## မေလ (၁၅) ရက်

- မေလ ၁၄ ရက်နေ့က မြန်မာနိုင်ငံမြို့နယ် ၂၆ မြို့နယ်ရှိ သံဃာတပ်ပေါင်းစုနှင့် သာသနာတော်ကာကွယ်ရေးတပ်ဦးတို့က ဦးဆောင်ကာ ပြည်သူများ နိုင်ငံရေးအသိအ မြင်နိုးကြားလာရန်အတွက် စီဒီဓာတ်ပြားများ ဖြန့်ဝေသည့် လှုပ်ရှားမှုတစ်ရပ် စတင်ပြုလုပ်ခဲ့ပြီး ကြံ့ဖွံ့မှ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နိုင်ငံရေးပါတီထောင်ခြင်းအားကန့်ကွက်ကြောင်း ကြေညာချက်ထုတ်ပြန်လိုက်သည်။ (DVB 150510)
- ဗုံးပေါက်ကွဲမည်ဟု သတင်းထွက်ပေါ်နေသောကြောင့် မွန်ပြည်နယ်မော်လမြိုင်မြို့တွင်း လူစည်ကားသည့်နေရာများတွင် လုံခြုံရေးထူထပ်စွာ ချထားသကဲ့သို့ ညဖက်များလည်း စစ်ဆေးမေးမြန်းမှုများ ရှိနေကြောင်း ဒေသခံများကပြောသည်။ (DVB 150510)
- ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်း မြို့နယ်အချို့တွင် အပူရှိန် အလွန်မြင့်တက်ပြီးဒေသခံပြည်သူများ သောက်သုံးရေးအလွန်ရှားပါးနေသဖြင့် ပြည်တွင်းပြည်ပရှိ မြန်မာများမှ ဖွဲ့စည်းထူထောင်ထားသော Lotus Foundation အဖွဲ့အပါအဝင် ဦးအေးဖြင့် ဦးဆောင်သော လမ်းပြကြယ်နှင့် ပြည်တွင်းလူမှုရေး အဖွဲ့အစည်းများ၊ လူငယ်အဖွဲ့အစည်းများက နည်းမျိုးစုံဖြင့် ရေလှူဒါန်းမှုအား ပြုလုပ်နေကြသည်။ (DVB 150510)

## မေလ (၁၆) ရက်

- နအဖ ပြည်ထဲရေး ဒု-ဝန်ကြီး ဦးဖုန်းဆွေသည် နာမည်ကြီး မူဆလင်သူဌေးဖြစ်သည့် ဦးအောင်ဇော်ဝင်းနှင့် ဦးအောင်နိုင်အပါအဝင် လူတစ်ကျိပ်ကျော်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီအတွက် မူဆလင်လူထုကို မဲဆွယ်စည်းရုံးအတွက် မောင်တောမြို့သို့ မေလ ၁၆ ရက်နေ့ကရောက်ရှိသည်ဟု မျက်မြင်သက်သေ ဒေသခံတစ်ဦးကပြောသည်။ (Narinjara 160510)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ❑ ရောဂတီတိုင်း ဖျာပုံမြို့နယ်အတွင်း နာဂစ်ကြောင့် ပျက်စီးခဲ့သော စာသင်ကျောင်းများပြန်တည်ဆောက်ရန်အတွက် ဗြိတိန်နိုင်ငံ လန်ဒန်မြို့တွင် မေလ ၁၅ ရက်နေ့က ဂီတပေါင်းကူးဟု အမည်ပေးထားသည့် အနောက်တိုင်းနှင့် အရှေ့တိုင်းမြန်မာတေးများ ပူးတွဲတင်ဆက်သည့် ရန်ပုံငွေရှာဖွေပွဲတစ်ရပ် ပြုလုပ်ခဲ့သည်။ (DVB 160510)
- ❑ မန္တလေးတိုင်း မိတ္ထီလာခရိုင် မလှိုင်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးအောင်မင်းသည် လယ်သမားများထံမှ ငွေများကို ခေါင်းစဉ်အမျိုးမျိုးတပ်ပြီး တောင်းခံနေသဖြင့် ဒေသခံလယ်သမားများ အခက်ကြုံနေရသည်။ (DVB 160510)
- ❑ ၂၀၁၂ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ပုဂ္ဂလိကဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့်ရှိရန် မြန်မာ့ပုဂ္ဂလိက စီးပွားရေးကဏ္ဍတွင် ထိပ်ဆုံးနေရာရရှိထားသည့် ဦးတေဇ(ထူးကုမ္ပဏီအုပ်စု)၊ ဦးဇော်ဇော် (မက်စ်မြန်မာ)၊ ဦးနေအောင်(IGE)၊ ဦးချစ်ခိုင်(ဒေင် အုပ်စုကုမ္ပဏီ)တို့အား သက်ဆိုင်ရာအာဏာပိုင်များက ခေါ်ယူဆွေးနွေးနေသည်ဟု စီးပွားရေးလုပ်ငန်းရှင် အသိုင်းအဝိုင်းမှဆိုသည်။ (EMG 160510)

## မေလ (၁၇) ရက်

- ❑ ထိုင်းနိုင်ငံရေးအခြေအနေ မတည်ငြိမ်မှုကြောင့် ရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် အထူးသတိထား၍ အသွားအလာ အနေအထိုင် ဆင်ခြင်ရန်လိုကြောင်း အလုပ်သမားအရေး ဆောင်ရွက်နေသူများက ပြောကြားလိုက်သည်။ (NEJ 170510)
- ❑ မြန်မာနိုင်ငံ မြို့အသီးသီးတွင် လတ်တလော အပူဒဏ်ကြောင့်ဖြစ်သည့် နောက်ဆက်တွဲ ရောဂါများဖြင့် သေဆုံးသူဦးရေ မြင့်တက်လာနေပြီး ၂၀၀၉ ခုနှစ် ဧပြီ၊ မေလတို့နှင့် နှိုင်းယှဉ်ပါက (၂) ဆနီးပါးခန့်ရှိကြောင်း နာရေးကူညီမှုအသင်း (ရန်ကုန်) မှ တာဝန်ရှိသူတဦးက ပြောသည်။ (NEJ 170510)
- ❑ ရောဝတီ မြစ်ဆုံရေကာစီမံကိန်း ဧရိယာအတွင်းရှိ ကျေးရွာများ ယခုလအတွင်း ပြောင်းရွှေ့နိုင်ရေးအတွက် မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့မှ ဒေသခံများအား လုပ်အားပေးရန် အာဏာပိုင်များက ဆင့်ခေါ်ထားသည်။ (NEJ 170510)
- ❑ ထိုင်းနှင့်မလေးရှားနိုင်ငံရောက် မြန်မာနိုင်ငံသား ကျောင်းသားကျောင်းသူများနှင့် အလုပ်သမားများက မြန်မာပြည်တွင်းမှ ရေအခက်အခဲ ဖြစ်နေသော ဒေသအချို့သို့ ရေအလှူ ပြုလုပ်နေကြသည်။ (NEJ 170510)
- ❑ အပူဒဏ်ခံနေရသည့် ပဲခူးမြို့တွင် မိုးရွာစေရန်အတွက် သံဃာများက မြို့တွင်းလှည့်လည်၍ ငါးရံ့မင်းပရိတ်ရွတ်ဖတ်ကြပြီး မြို့သူမြို့သားများက လွန်ဆွဲပွဲများ ပြုလုပ်နေကြသည်။ (Irrawaddy/ Mizzima 170510)
- ❑ ရန်ကုန်မြို့တော်ရှိ စီးပွားရေးလုပ်ငန်းများ၊ စက်မှုဇုန်များ၊ အသေးစား စက်မှုလုပ်ငန်းများနှင့် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများသို့ လျှပ်စစ်ဓာတ်အား ပေးဝေနေခြင်းကို မေလ ၁၄ ရက်နေ့မှ စတင်၍ ရပ်ဆိုင်းကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ တာဝန်ရှိသူတဦးကပြောသည်။ (Irrawaddy 170510)
- ❑ ရောဝတီတိုင်း၊ လပွတ္တာ ခရိုင်၊ ဟိုင်းကြီးကျွန်း မြို့နယ်ခွဲအတွင်းရှိ တန်ဖိုးနည်းအိမ်ရာများတွင် နေထိုင်သူများသည် သောက်သုံးရေအခက်အခဲကြောင့် ရေရှိုရနိုင်သည့် နေရာများသို့ ပြောင်းရွှေ့နေကြကြောင်း ဒေသခံများကပြောသည်။ (Irrawaddy 170510)
- ❑ မြန်မာနိုင်ငံ အလယ်ပိုင်း ဒေသများတွင် ပြင်းထန်သော အပူရှိန်ကြောင့် သက်ကြီးရွယ်အိုနှင့် ကလေးငယ် သေဆုံးမှုနှုန်း မြင့်မားခြင်း၊ သောက်သုံးရေ ပြတ်လပ်ခြင်းတို့နှင့် ကြုံတွေ့နေ ရကြောင်း ဒေသခံများက ဆိုသည်။ (Irrawaddy 170510)
- ❑ ရန်ကုန်ရှိ သင်္ကြန်တွင်း ဗုံး ၃ လုံး ပေါက်ကွဲမှုတွင် ဓာတ်ပုံရိုက်ယူခဲ့သဖြင့် ဖမ်းဆီးခံရသော သားအဖနှစ်ဦးအနက် မေလ ၁၇ ရက်နေ့တွင် ဖခင် ဦးဇေယျကို မင်္ဂလာတောင်ညွန့် တရားရုံးတွင် ရုံးထုတ်ခဲ့သည်။ (Mizzima 170510)
- ❑ လျှပ်စစ်မီးပြတ်တောက်မှု ဆိုးရွားနေသော ရန်ကုန်မြို့တွင် အိမ်တွင်းစက်မှု လုပ်ငန်းများတွင် အသုံးပြုသည့် ပါဝါလျှပ်စစ်မီတာများကို အာဏာပိုင်များက လိုက်ဖြုတ်နေကြောင်း အရေးပေါ်လျှပ်စစ်ဌာနက ပြောသည်။ (Mizzima 170510)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပျက်သုန်းသွားခြင်း မဟုတ်ကြောင်းနှင့် ပါတီကို ထောက်ခံကြောင်း Burma Action (Israel) က ဦးဆောင်ပြီး အစ္စရေးလ်ရောက် မြန်မာများက တဲလ်အဗစ်မြို့ရှိ မြန်မာသံရုံးရှေ့၌ မေလ ၁၇ ရက်နေ့တွင် ဆန္ဒပြခဲ့သည်။ (Mizzima 170510)
- နေအပူရှိန် ပြင်းထန်သဖြင့် သောက်သုံးရေ ရှားပါးနေသော စစ်ကိုင်းတိုင်း မုံရွာမြို့နယ်တွင် မေလ ၁၆ ရက်နေ့ ညနေပိုင်းတွင် မိုးသက်လေပြင်းများ ကျရောက်ခဲ့ရာ သစ်ပင်နှင့် နေအိမ်အချို့ ကျိုးပဲ့ပျက်စီးမှုများပင် ရှိခဲ့ကြောင်း ဒေသခံများက ပြောသည်။ (Mizzima 170510)
- ပရိသတ်၏ ချစ်ခင်နှစ်သက်မှုကို ရရှိထားသူ စွယ်စုံအနုပညာရှင် ရုပ်ရှင်မင်းသား သုမောင်သည် နာတာရှည် အသည်းရောဂါနှင့် အဖျားကြီးမှုကြောင့် မေလ ၁၆ ရက်နေ့ညပိုင်းတွင် အသက် ၆၀ အရွယ်၌ ရန်ကုန်မြို့တွင် ကွယ်လွန်သွားသည်။ (Mizzima 170510)
- ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် ဒရယ်လူးကျေးရွာက ဒေါ်ကြွက်မ ခေါ် ဒေါ်သိန်းမြင့် နေအိမ်ကို မေလ ၁၆ ရက်နေ့ ည ၉ နာရီခွဲခန့်တွင် ဓါးပြဝင်တိုက်ခဲ့မှုကို ရွာသားများမှ ဝိုင်းဝန်းဖမ်းဆီးခဲ့ရာတွင် ဓားပြများက သေနတ်ဖြင့် ပြန်လည်ပစ်ခတ်ခုခံပြီး လက်ပစ်ဗုံးနှင့် ပစ်သွားခဲ့သဖြင့် ရွာသား ၂ ဦး သေဆုံးကာ ၁၀ ဦးထက်မနည်း ဒဏ်ရာရရှိခဲ့သည်ဟု ဒေသခံတစ်ဦးက ပြောသည်။ (RFA 170510)
- သျှမ်းပြည် (မြောက်ပိုင်း) မူစယ်မြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့သည် ဆိုင်ကယ်မောင်းသူများထံမှ ငွေတောင်းခြင်း သာမက အနိုင်ကျင့် စော်ကားမှုများရှိကြောင်း ဒေသခံများကဆိုသည်။ (S.H.A.N 170510)
- အသွင်ကူးပြောင်းရေးကိစ္စ နောင်တက်လာမည့်အစိုးရသစ်နှင့် သာဆွေးနွေးလိုကြောင်း စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဒုဗိုလ်ချုပ်ကြီးရဲမြင့်ထံသို့ အပစ်ရပ် SSA တပ်မဟာ ၁ က မေ ၁၁ ရက်စွဲဖြင့် အိတ်ဖွင့်ပေးစာပေးခဲ့သည်ဟု တပ်မဟာ ၁ နှင့် ဂင်ဆန့်သည့် ပုဂ္ဂိုလ်တဦးက ဆိုသည်။ (S.H.A.N 170510)
- ရခိုင်ပြည်နယ် စစ်တွေတွင် ရပ်ကွက်တိုင်း ရပ်ကွက်တိုင်းကို ရေဖြန့်ဖြူးပေးနေပါသည်ဟု လော်စပီကာဖြင့် တာဝန်ရှိသူများက လျှောက်အော်နေသော်လည်း လက်တွေ့တွင် ရေရရှိခြင်းမရှိဘဲ စည်ပင်မှ အဆိုပါရေများကို ငွေကြေးချမ်းသာသူများကို ရောင်းစားနေသည်ဟု စစ်တွေမြို့ခံ များက ပြောသည်။ (Narinjara 170510)
- နွေရာသီတွင် နှစ်စဉ်နှစ်တိုင်း ရေရှားပါးမှုပြဿနာကို ကြုံတွေ့နေရသော်လည်း ယခုနှစ်သည် ယခင်နှစ်များထက်အပူရှိန်မြင့်မားနေမှုကြောင့် ဖားအံမြို့တွင် ရေပြတ်လပ်မှုနှင့် ရင်ဆိုင်နေရပြီး လူထုများ ပိုမိုရေဝယ်ယူသုံးစွဲနေရကြောင်း မြို့ခံများက ပြောသည်။ (KIC 170510)
- ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင် နမ့်ဆန်မြို့နယ်ရှိ ကျေးရွာအများစုကို နမ့်ဆန်အခြေစိုက် ဦးခွန်ပွင့် ဦးဆောင်သော ကြံ့ဖွံ့အဖွဲ့ဝင်များသည် ဒေသခံကြံ့ဖွံ့အဖွဲ့ဝင်နှင့် ရွာတွင်းငယ်များကို မဲပေးလာနိုင်ရန်အတွက် ကြံ့ဖွံ့ပါတီအား မဲပေးလာနိုင်အတွက် မဲဆွယ်စည်းရုံးပေးနိုင်သူတိုင်းအား ကွန်ပျူတာ၊ လက်ကိုင်ဖုန်း ပေးမည်ဖြစ်ပြီး လာရောက်မဲပေးချိန်တွင် အသွားအပြန် ဆိုင်ကယ်ဆီဖိုးနှင့် ငွေများပေးမည်ဟု မက်လုံးပေးစည်းရုံးနေသည်။ (Palaungland 170510)

မေလ (၁၈) ရက်

- လုံလောက်သော ရေလောင်းအား မရရှိခြင်းကြောင့် ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံအားလုံးနီးပါး သေကျေပျက်စီးနေပြီဖြစ်ကြောင်း ဒေသခံကွမ်းစိုက်တောင်သူတို့က ပြောသည်။ (NEJ 180510)
- ရန်ကုန်တိုင်းအတွင်း ရေရှားပါးနေသည့် မြို့နယ်များသို့ သွားရောက်ရေလှူဒါန်းနေသည့် အလှူရှင်များကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဟုတ်မဟုတ် ကြံ့ဖွံ့အသင်းက လိုက်လံမေးမြန်းနေကြောင်း ရေအလှူပြုလုပ်နေသည့် အလှူရှင်များက ပြောသည်။ (NEJ 180510)
- အစိုးဓာတ်ကင်းစင်သည့် စပါးများကို ကြိတ်ခွဲသည့်အခါ ပျက်စီးမှုများသဖြင့် စျေးကောင်းမရနိုင်ကြောင်း၊ လယ်သမားများ ထိခိုက်နစ်နာဖွယ်ရှိကြောင်း မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတဦးက ပြောသည်။

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



(Irrawaddy 180510)

- NLD အဖွဲ့ဝင်ဟောင်း တချို့ ပါတီသစ် ခွဲထောင်ခြင်းသည် ဒီမိုကရေစီ နည်းလမ်းမကျဟု ဒေါ်အောင်ဆန်းစုကြည်က မေလ ၁၄ ရက်နေ့တွင် ဦးညဏ်ဝင်းမှ တဆင့် ဝေဖန်ပြောဆိုလိုက်ပြီးနောက် "NLD တရားဝင် ပျက်ပြယ်သွားတဲ့ အချိန်မှသာ ကျနော်တို့က ပါတီသစ်ထောင်တာပါ၊ တဦးချင်းအနေနဲ့ ကျနော်တို့ လုပ်ပိုင်ခွင့်ရှိပါတယ်၊ ဒီမိုကရေစီ သမားတဦးအနေနဲ့ ဒေါ်စု ကျနော်တို့အပေါ် နားလည်သင့်ပါတယ်" ဟု NDF ပါတီခေါင်းဆောင် ဒေါက်တာ သန်းငြိမ်း က တုန့်ပြန်ပြောဆိုလိုက်သည်။ (Irrawaddy 180510)
- မြန်မာ နိုင်ငံတွင် ယခုနှစ် အပူချိန် စံချိန်တင် မြင့်မားမှုကြောင့် ဓာတ်ဆား သောက်သုံးမှုနှုန်း မြင့်တက်ပြီး ဈေးကွက် တွင် ပစ္စည်းပြတ်လပ်ကာ ဈေးနှုန်းများ တရှိန်ထိုးတက်သွားကြောင်း မင်္ဂလာဈေး ဆေးအရောင်းဆိုင်များကပြော သည်။ (Irrawaddy 180510)
- မြန်မာနိုင်ငံ ရွှေဈေးနှုန်းသည် ဆယ်စုနှစ် ၂ ခုအတွင်း အမြင့်ဆုံးဖြစ်နေသော်လည်း အပြည်ပြည်ဆိုင်ရာ ရွှေဈေးထက် နိမ့်နေသောကြောင့် အိမ်နီးချင်းနိုင်ငံများမှ ကုန်သည်များ အလုအယက် ဝယ်ယူနေသည်ဟု မြန်မာနိုင်ငံ ရွှေလုပ်ငန်း ရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်နှင့်နီးစပ်သူ ကုန်သည် တဦးကပြောသည်။ (Irrawaddy 180510)
- ယခုလအတွင်း အပူရှိန်ပြင်းသဖြင့် ရန်ကုန်၊ မန္တလေးနှင့် မကွေးတိုင်းရှိ မြို့အချို့တွင် လူသေဆုံးမှုပိုများလာကြောင်း မန္တလေးမြို့အခြေစိုက် နိဗ္ဗာန်သုခနာရေးကူညီမှုအသင်းက ပြောသည်။ (Mizzima 180510)
- ရက်ပေါင်း ၂၀ ကျော် ပူပြင်း၍ ရေရှားသောဒဏ်ခံနေရသော ပဲခူးမြို့တွင် ယနေ့ စတင်မိုးရွာသွန်းသဖြင့် ဒေသခံများ ဝမ်းမြောက်နေကြသည်။ (Mizzima 180510)
- အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိုင်းမှူး ဗိုလ်မှူးကြီး ချစ်ဦးနှင့်တွေ့ဆုံရန် မိုင်းနောင် စကခ ဖိတ်ခေါ်ခဲ့သော်လည်း နအဖအား ယုံကြည်မှုမရှိသောကြောင့် သွားရောက်တွေ့ဆုံခြင်းမပြုနိုင်ကြောင်း အပစ်ရပ် SSA တပ်မဟာ ၁ ခေါင်းဆောင်က အပြတ်ငြင်းဆန်လိုက်သည်ဟု လဲချား(လိုင်းခ) ဒေသခံတဦးက ပြောပါသည်။ (S.H.A.N 180510)
- အသွင်ကူးပြောင်းရေး တိုက်တွန်းဖိအားပေးမှု တနစ်ပြည့်သည့် ဧပြီ ၂၈ ရက် ကျော်လွန်ခဲ့သော်လည်း အချို့ အကဲခတ်များ မျှော်လင့်ထားသည့်အတိုင်း ထူးခြားသည့်တင်းမာ ပေါက်ကွဲမှုမရှိဘဲ ဂပြည်သွေးစည်းညီညွတ်ရေး တပ်မတော် ထိန်းချုပ်နယ်မြေအတွင်း တကျော့ပြန်စည်ကားလာကြောင်း ပန်ဆန်းသတင်းရပ်ကကွက်မှ ဆိုသည်။ (S.H.A.N 180510)
- ပါတီတည်ထောင်ခွင့်လျှောက်ထားပြီး ရွေးကောက်ပွဲကော်မရှင်က ပါတီတည်ထောင်ခွင့်မချပေးသေးသဖြင့် ကချင် ပြည်နယ်တိုးတက်ရေးပါတီ (KSPP) သည် ကချင်ပြည်နယ်အတွင်း ပုံမှန်လုပ်နေသည့် ၂၀၁၀ ရွေးကောက်ပွဲ အတွက် လူထုစည်းရုံးလုပ်ငန်းများကို ခေတ္တရပ်ဆိုင်းထားသည်ဟု KSPP အရာရှိတစ်ဦးက ပြောသည်။ (KNG 180510)
- မြန်မာနိုင်ငံမှာ ငှက်ဖျားရောဂါ ကာကွယ်တိုက်ဖျက်ဖို့ အမေရိကန်ဒေါ်လာ ခန့်မှန်းခြေ သန်း ၂၀ လောက် လိုအပ်နေ တယ်လို့ ကုလသမဂ္ဂ ကလေးသူငယ်များ ရန်ပုံငွေအဖွဲ့ (UNICEF) က ပြောကြားလိုက်သည်။ (VOA 180510)
- ရခိုင်ပြည်နယ် တောင်ကုတ်မြို့တွင် တရုတ်အမျိုးသားပိုင် "လင်းရောင်" ငါး၊ ပုစွန်လုပ်ငန်း ကုမ္ပဏီသည် အရှုံးပေါ် နေသောကြောင့် ကုမ္ပဏီ၏ လုပ်ငန်းကို ရပ်ဆိုင်းတော့မည် ဖြစ်ကြောင်း ကြေညာရာ အလုပ်သမားများက နစ်နာကြေး ရရှိရန် ဆန္ဒပြတောင်းဆိုခဲ့သည်။ (Narinjara 180510)
- ရခိုင်ပြည်နယ် အနောက်ဘက် နယ်စပ် မောင်တောမြို့နယ်ရှိ မေယုသစ်တောကြိုးဝိုင်းမှ ကျွန်းသစ်များနှင့် တခြား သစ်မာများကို ဦးတေဇပိုင် ထူးကုမ္ပဏီမှထုတ်ယူပြီး ပြည်ပသို့ တင်ပို့နေသည်ဟု သစ်တောဌာနမှ ရခိုင်အရာရှိ တဦးက ပြောသည်။ (Narinjara 180510)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



မေလ (၁၉) ရက်

- ရှမ်းပြည်နယ်အရှေ့ပိုင်း၊ တာချီလိတ်မြို့နယ်အတွင်းရှိ လားဟူပြည်သူ့စစ်အဖွဲ့အား အမှတ် (၁၀၀၉) နယ်ခြားစောင့်တပ်ရင်းအဖြစ် ပြောင်းသည့် တပ်ဖွဲ့ပွဲအခမ်းအနားတရပ်ကို မေလ ၁၈ ရက်နေ့က တာချီလိတ်မြို့တွင် ပြုလုပ်ခဲ့ပြီး နယ်ခြားစောင့်တပ်ဖွဲ့ အသွင်ပြောင်းရေးအတွက် အဓိက တာဝန်ယူဆောင်ရွက်နေသော စစ်ဘက်ရေးရာလုံခြုံရေး အရာရှိချုပ် ဒု-ဗိုလ်ချုပ်ကြီးရဲမြင့်ကိုယ်တိုင် တိုက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။ (NEJ/ DVB 190510)
- ခေါင်းဆောင်များ အဖမ်းခံလိုက်ခြင်းဖြင့် မေလ ၁၉ ရက်နေ့တွင် အဆုံးသတ်သွားသည့် အင်္ဂါနီဂတ် ထိုင်းအစိုးရဆန့်ကျင်သူများ၏ ဆန္ဒပြမှု (၃) လကြာ ကာလအတွင်း ဒုက္ခမျိုးစုံ ကြုံတွေ့ခံစားကြရသူများအနက် မြန်မာရွှေ့ပြောင်း အလုပ်သမားများလည်း အပါအဝင်ဖြစ်သည်။ (NEJ 190510)
- ပဲခူးတိုင်းအတွင်း သောက်သုံးရေ ပြတ်လပ်သော ဒေသများသို့ ရေလှူရန် သွားရောက်သည့် စေတနာ့ဝန်ထမ်း အလှူရှင်များ၏ ကားများကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး သင်းဝင် (ကြံ့ဖွံ့) များက ၎င်းတို့အလံနှင့် တံဆိပ်များ တပ်ဆင်ယူဆောင်သွားရန် ပေးအပ်နေကြောင်း ပဲခူးမြို့နယ် NLD ဥက္ကဋ္ဌ ဦးမြတ်လှကပြောသည်။ (Irrawaddy 190510)
- ယခု ၂၀၁၀- ၁၁ ပညာသင်နှစ်အတွက် အစိုးရ စာသင်ကျောင်းများ၌ ကျောင်းအပ်နံရာတွင် သတ်မှတ် နှုန်းထားထက် ပိုမိုတောင်းခံခြင်းမပြုရန် သက်ဆိုင်ရာက ညွှန်ကြားထားသော်လည်း အပိုငွေများ ပေးဆောင်နေရဆဲဖြစ်ကြောင်း ရန်ကုန်မြို့မှ ကျောင်းသားမိဘများက ပြောသည်။ (Irrawaddy 190510)
- ယခုလဆန်းမှစတင်၍ မြန်မာပြည် အပူပိုင်းဒေသများဖြစ်သည့် မန္တလေး၊ စစ်ကိုင်းနှင့် မကွေးတိုင်းတို့ရှိ နည်းပညာ တက္ကသိုလ် Technological University (TU) ကျောင်းများကို အပူရှိန်ပြင်းထန်သဖြင့် ပုံမှန်ကျောင်းတက်ချိန်မှ နံနက်ပိုင်းသို့ ပြောင်းလဲနိုင်ကြောင်း ဝန်ကြီးဌာနက စာဖြင့်ညွှန်ကြားချက် ထုတ်ပြန်ခဲ့သည်။ (Mizzima 190510)
- ရခိုင်ပြည်နယ် စစ်တွေအခြေစိုက် ခလရ ၂၃၂ မှ တပ်ကြပ်တဦးအပါအဝင် စစ်သား ၆ ဦးသည် လက်နက်ခဲယမ်း မီးကျောက်များနှင့်အတူ မေလ ၁၆ ရက်နေ့တွင် လက်နက်ချ ခိုလှုံလာကြောင်း စစ်အစိုးရကို လက်နက်ကိုင် တော်လှန်နေသော ရခိုင်ပြည် လွတ်မြောက်ရေးတပ်မတော် (ALA) က ပြောသည်။ (Mizzima 190510)
- ကချင်ပြည်နယ်မြောက်ပိုင်း မြစ်ဆုံရေကာတာစီမံကိန်း ဧရိယာအတွင်းမှ ယခုလအတွင်း အပြီးသတ် ပြောင်းရွှေ့ရမည့် ကျေးရွာ ၆၀ ၏ အဆောက်အဦများကို ဖျက်ဆီးရှင်းလင်းရန် လုပ်အားပေးများ ခေါ်ယူနေကြောင်း ကချင်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့တစ်ဖွဲ့က ပြောသည်။ (Mizzima 190510)
- မြန်မာပြည်အနောက်ပိုင်း ရခိုင်ပြည်နယ်မှ အရှေ့မြောက်ပိုင်းနှင့် ဆက်စပ်နေသည့် တရုတ်ပြည်ရွှေလီကို ဆက်သွယ်မည့် လမ်းမကြီးကို ဖောက်လုပ်ရန် တရုတ်အစိုးရနှင့် မြန်မာစစ်အစိုးရတို့က သဘောတူလိုက်ကြသည်။ (DVB 190510)
- ဒေါ်အောင်ဆန်းစုကြည် နေအိမ်ပြင်ဆင်ရေးကိစ္စနှင့်ပတ်သက်၍ အစ်ကိုဖြစ်သူ ဦးအောင်ဆန်းဦးက တရားရုံးချုပ်၌ ထပ်မံအယူခံ တင်ထားကြောင်း ဒေါ်အောင်ဆန်းစုကြည်၏ ရှေ့နေ ဦးဉာဏ်ဝင်းကပြောသည်။ (DVB 190510)
- ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဝန်ကြီးချုပ် ဦးသိန်းစိန် ဦးဆောင်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင်များက မြို့နယ်အသီးသီးတွင် နည်းမျိုးစုံဖြင့် စည်းရုံးရေးလုပ်ငန်းများ လုပ်ဆောင်နေသည်။ (DVB 190510)
- ၂၀၁၀ ခုနှစ် မတ်လ ၁၁ ရက်နေ့က ၂၀၁၀ ရွေးကောက်ပွဲအတွက် ဖွဲ့စည်းလိုက်သည့် ရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီကို ဘက်လိုက်၍ ပါတီတည်ထောင်ခွင့်ပြုလိုက်သည့်အတွက် မည်သို့နည်းနှင့်မှ လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ် ကျင်းပနိုင်မည်မဟုတ်သဖြင့် ၎င်းကော်မရှင်အား ဖျက်သိမ်းပေးရန် မြန်မာနိုင်ငံရှေ့နေများကောင်စီ (BLC) က ဥပဒေရေးရာ သုံးသပ်ချက်တစ်ရပ်ကို မေလ ၁၉ ရက်နေ့က ထုတ်ပြန်လိုက်သည်။ (RFA 190510)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- မြန်မာနိုင်ငံတဝန်း သောက်သုံးရေ ရှားပါးပြတ်လပ်မှု ရင်ဆိုင်နေကြရသည့် ပြည်သူများကို ကူညီလှူဒါန်းရာတွင် နိုင်ငံရေးရည်မှန်းချက်မထားဘဲ လူမှုရေးစိတ်ဓာတ်နှင့်သာ ဆောင်ရွက်ကြရန် ပြည်ထောင်စုဒီမိုကရေစီပါတီက တိုက်တွန်းလိုက်သည်။ (RFA 190510)
- မြင်းခြံထောင်တွင် ကျန်းမာရေးဆိုးရွားနေသည့် လူ့အခွင့်အရေးလှုပ်ရှားသူ ကိုကျော်စိုးသည် မေလ ၁၉ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း မိသားစုဝင်များက ပြောသည်။ (RFA 190510)
- မြစ်ကြီးနားထောင်တွင် အကျဉ်းကျခံနေရသည့် နာမည်ကျော် ဟာသသရုပ်ဆောင် ကိုဇာဂနာ ခေါ် ကိုသူရကို မိသားစုမှ ထောင်ဝင်စာသွားရောက်တွေ့ဆုံခဲ့ရာတွင် အာဏာပိုင်များက အနှောင့်အယှက်ပေးခဲ့ကြောင်း မိသားစုဝင်ဖြစ်သည့် မငြိမ်းက ပြောသည်။ (RFA 190510)
- မြန်မာနိုင်ငံမှာ ပြုပြင်ပြောင်းလဲမှု တစုံတရာမတွေ့ရသည့်အတွက် အမေရိကန်အစိုးရက အလွန်စိတ်ပျက်မိကြောင်းနှင့် အမေရိကန်အပါအဝင် နိုင်ငံတကာနှင့် ဆက်ဆံရေးကောင်းမွန်သာမက ကိုယ့်ပြည်သူများ၏ အနာဂတ်ပိုမိုကောင်းမွန်စေမည့် လုပ်ရပ်များလုပ်ဆောင်ရန် အရှေ့အာရှနှင့် ပစိဖိတ်ရေးရာ အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Kurt Campbell က ပြောကြားလိုက်သည်။ (VOA 190510)
- မြန်မာနိုင်ငံတွင် စစ်အစိုးရက ကျင်းပမယ့် ရွေးကောက်ပွဲကို နိုင်ငံတကာအဆင့်မီ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲ ဖြစ်စေရေးအတွက် နိုင်ငံတကာမှ စောင့်ကြည့်သူများကို လက်ခံပြီး မီဒီယာလွတ်လပ်ခွင့် ပေးသင့်ကြောင်း ပြည်ထောင်စုဒီမိုကရေစီပါတီ ဥက္ကဋ္ဌ ကိုဖြိုးမင်းသိန်းက ပြောသည်။ (VOA 190510)
- နမ့်ဆန်မြို့နယ် ငွန်စိုင်းကျေးရွာအခြေစိုက် ပြည်သူ့စစ်ခေါင်းဆောင် ထွန်မြတ်လေး ဦးဆောင်သောပြည်သူစစ်အဖွဲ့သည် အထက်မန်လွယ်ကျေးရွာနေ ဦးချစ်ဆွေ၊ ဦးအိုက်လိုင် နှင့်ဦးအုန်းဖေတို့ကို သက်သေအထောက်အထားမရှိဘဲ မူးယစ်ဆေးဝါးသုံးဆောင်နေသည့်ဟု အကြောင်းပြပြီး မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း ဒေသခံများကပြောသည်။ (Palaungland 190510)
- ကချင်ပြည်နယ်၊ ရောဝတီ မြစ်ဆုံရေကာတာစီမံကိန်း ဧရိယာအတွင်းရှိ ကချင်ကျေးရွာများကို အဓမ္မပြောင်းရွှေ့ရန် မြန်မာစစ်အစိုးရ၏ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကော်စီ (ပယက)မှ ဒီလ မေလ ၁ ရက်နေ့က အမိန့်စာထုတ်ပြန်ခဲ့သည်။ (KNG 190510)
- ပြည်သူ့စစ်အသွင်ကူးပြောင်းရေးလက်ခံထားသည့် ဦးလွယ်မောင်း၏ တပ်ဖွဲ့မှ တပ်သားအချို့ ထွက်ပြေးပြီးအသွင်ပြောင်းရေးလက်မခံသည့်အဖွဲ့နှင့် လက်နက်ကိုင်တော်လှန်ဆဲတပ်ဖွဲ့ထံ ပူးပေါင်းကြသည်ဟုအပစ်ရပ် SSA နီးစပ်သည့်အသိုင်းအဝိုင်းက ပြောသည်။ (S.H.A.N 190510)
- နယ်ခြားစောင့်တပ်အသွင်းပြောင်းရေး ဆွေးနွေးရန်အတွက် မြောက်ပိုင်းတိုင်းမှူး ဗိုလ်ချုပ်စိုးဝင်း၏ ဖိတ်ကြားချက်အရ ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ (KIO) ကိုယ်စားလှယ်များသည် လိုင်ဇာမှ မြစ်ကြီးနားသို့ မေလ ၁၉ ရက်နေ့ နံနက်ပိုင်းတွင် ထွက်ခွာသွားကြောင်း KIO အသိုင်းအဝိုင်းမှ ဆိုသည်။ (S.H.A.N 190510)
- သျှမ်းပြည် (မြောက်ပိုင်း) ကျောက်မဲမြို့နယ်တွင် အမည်မသိဓါတ်သတ္တုတစ်မျိုးထွက်ပေါ်နေပြီး နအဖစစ်အစိုးရက လျှို့ ဝှက်တူးဖော် လုပ်ကိုင်နေကြောင်း လုပ်ငန်းခွင်အနီး ဈေးရောင်းသည့် ဈေးသည်များကပြောသည်။ (S.H.A.N 190510)
- ပြည်သူ့စစ်တပ်အသွင်ပြောင်းမည့် နိုင်အောင်နိုင်ဦးဆောင်တပ်ဖွဲ့မှ စုဆောင်းရရှိထားသည့် တပ်သားသစ်များကို မေလ ပထမပတ်မှစပြီး စစ်အစိုးရမှ အခြေခံစစ်သင်တန်း ပို့ချပေးနေသည်။ (IMNA 190510)
- လွန်ခဲ့သည့် မေလ ၅ ရက်နေ့က မွန်ခွဲထွက်ရေး နိုင်ချမ်းဒိန်းအဖွဲ့မှ ကျောက်ကဒင်းရွာခံနှင့် ရာဖူးရွာခံ စုစုပေါင်း ၂၂ ဦးကို မေလ ၁၈ ရက်နေ့က ပြန်လွတ်လာပြီးဖြစ်သည်။ (IMNA 190510)
- လာမည့် ၂၀၁၀ ရွေးကောက်ပွဲတွင် မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ All Mon Region Democracy Party မှ ကိုယ်စားလှယ်လောင်းနေရာ ၅၃ ဦးလျာထားကြောင်း ယင်းပါတီအဖွဲ့ခေါင်းဆောင် နိုင်ငွေသိန်း(နိုင်ဂျူနူမွန်)က ပြောသည်။ (Kaowao 190510)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



## မေလ (၂၀) ရက်

- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (အန်အယ်လ်ဒီ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးစိုးမြင့် (၈၇) နှစ်သည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ နေအိမ်၌ ကွယ်လွန်သွားပြီဖြစ်သည်။ (NEJ/ Irrawaddy 200510)
- ပလောင်တိုင်းရင်းသား အဓိကနေထိုင်ရာ ရှမ်းပြည်မြောက်ပိုင်း နန့်ဆန်နှင့် မန်တုံမြို့နယ်တွင် ရာသီဥတုကြောင့် ယခုနှစ် လက်ဖက်အထွက်နည်းသဖြင့် ဒေသခံလူငယ်များ စားဝတ်နေရေးကျပ်တည်းကာ တရုတ်ပြည်ဘက်သို့ သွားရောက် အလုပ်လုပ်ကိုင်နေကြကြောင်း နန့်ဆန်မြို့နယ်၊ မန်ခိုက်ကျေးရွာသူတဦးက ပြောသည်။ (NEJ 200510)
- ထိုင်းနိုင်ငံတွင် အလုပ်လုပ်၍ ပြန်လာသူများအားမြဝတီမြို့မှ ကော့ကရိတ်သို့ သွားရာလမ်းရှိ မြဝတီမြို့အထွက် တောင်ပေါ်အတက်တွင် ရှိနေသော ရဲစစ်ဆေးရေးဂိတ်မှ ရဲမေများကိုယ်တိုင် အကြောင်းအမျိုးမျိုးပြ၍ ငွေတောင်းနေကြောင်း ငွေအတောင်းခံခဲ့ရသူတဦးက ပြောသည်။ (NEJ 200510)
- ပြန်ကြားရေးဝန်ကြီး ဦးကျော်ဆန်း တည်ထောင်သည့် ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်း (Rural Library Foundation) ကို အစိုးရနှင့်နီးစပ်သည့် စီးပွားရေးလုပ်ငန်းရှင်များက ကျပ်သိန်း ၇၀၀၀ ကျော်အလှူ ငွေထည့်ဝင် ကြောင်းစာနယ်ဇင်းသမား တဦးက ပြောသည်။ (Irrawaddy 200510)
- ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ပြင်ဆင်မှုအား အကိုဖြစ်သူ ဦးအောင်ဆန်းဦးက ရန်ကုန်တိုင်း တရားရုံးချုပ်သို့ အယူခံတင်သွင်းရာမှ တရားရုံးက နှစ်ဖက်ရှေ့နေများ လျှောက်လဲရန် ယခုလ ၂၈ ရက်နေ့သို့ ဆင့်ခေါ်လိုက်ပြီ ဖြစ်သည်။ (Mizzima 200510)
- ကုလားတန် ဘက်စုံပို့ဆောင်ရေးစီမံကိန်း၏ မြန်မာဘက်အခြမ်းတွင် ပင်လယ်နှင့် မြစ်တွင်းဆိပ်ကမ်းများ တည် ဆောက်ရေးအတွက် အိန္ဒိယရှိ အက်ဆာ (Essar) ဆောက်လုပ်ရေးကုမ္ပဏီနှင့် အိန္ဒိယ နိုင်ငံခြားရေးဝန်ကြီးဌာနတို့ သဘောတူလက်မှတ် ရေးထိုးလိုက်သည်။ (Mizzima 200510)
- ရောဂတီတိုင်းနှင့် ပဲခူးတိုင်းက လယ်သမားများစိုက်ပျိုးစရိတ်ချေးငွေ အလုံအလောက် မရသည့်ကြားက အာဏာပိုင် များ၏ ငွေဖြတ်တောက်ယူနေမှုကြောင့် လယ်သမားများ အခက်ကြုံနေရသည်။ (DVB 200510)
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင်များကို ချက်သမ္မတနိုင်ငံ ဒု-နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့သည် မေလ ၂၀ ရက်နေ့တွင် တွေ့ဆုံခဲ့ရာ ချက်သမ္မတနိုင်ငံ ဒု-နိုင်ငံခြားရေးဝန်ကြီးက လက်ရှိနိုင်ငံရေး အခြေအနေ၊ NLD ရှေ့လုပ်ငန်း စဉ်နှင့် လူမှုကယ်ဆယ်ရေးကိစ္စများကို အလေးထား မေးမြန်းခဲ့ကြောင်း NLD ဒု-ဥက္ကဌ ဦးတင်ဦးက ပြောသည်။ (DVB/ RFA 200510)
- မေလ ၁၉ ရက်နေ့က ထိုင်း-မြန်မာနယ်စပ် မဲဟောင်ဆောင်ခရိုင် မယ့်စရီးယန်းမြို့နယ် သော်လဲထကျေးရွာအနီး ထိုင်းသစ်တောအဖွဲ့နှင့် ထိုင်းစစ်သားများ စီးနင်းလာသည့် စက်လှေသုံးစီးကို မြန်မာစစ်တပ်က မိုင်းနင်းမိသူ စစ်သား နှစ်ဦးကို စခန်းသို့ပို့ပေးရန် အကူအညီတောင်းခံခဲ့ရာ အကူအညီမရခဲ့သဖြင့် နအဖစစ်တပ်မှ တပ်ကြပ်ကြီးတစ်ဦးက ထိုင်းစစ်သားတစ်ဦးအား ပစ်သတ်ခဲ့သည်။ (RFA 200510)
- စစ်အစိုးရ ဒုတိယအကြီးအကဲ ဒု-ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် နီးစပ်သည်ဟု လူသိများသည့် ဦးအောင်ကိုဝင်း၏ ကမ္ဘောဇ ဘဏ်လုပ်ငန်းသည် အင်းလေးလေကြောင်းလိုင်းအမည်ဖြင့် မြန်မာပြည်တွင်း လေကြောင်းခရီးစဉ်တစ်ခု ထူထောင်ခွင့်ရခဲ့ပြီး ခရီးစဉ်ပြေးဆွဲရန်အတွက် ပြင်ဆင်နေကြောင်း ရန်ကုန်လေကြောင်းလိုင်းရုံးက တာဝန်ရှိသူတစ်ဦး ကပြောသည်။ (RFA 200510)
- မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲ မတိုင်မီကာလ နိုင်ငံရေးပတ်ဝန်းကျင် အနေအထားနှင့် ပတ်သက်၍ ကျေနပ်ဖွယ် မရှိကြောင်းနှင့် ရွေးကောက်ပွဲ ဥပဒေသည်လည်း လွတ်လပ်ပြီး တရားမျှတမှုရှိသည့် ရွေးကောက်ပွဲ ဖြစ်လာနိုင်မည် မဟုတ်သောကြောင့် ယင်းဥပဒေကို ရုပ်သိမ်းပေးရန် ဥရောပပါလီမန်က မေလ ၁၉ ရက်နေ့က ကြေညာချက်တစ် စောင် ထုတ်ပြန်ခဲ့သည်။ (VOA 200510)
- ရခိုင်ပြည်နယ် အတွင်းရှိ ရန်ကုန်-စစ်တွေ ကားလမ်းတလျှောက်တွင် ခရီးသည်များအပေါ် အစစ်အဆေး အလွန် များပြားနေသည်ဟု ခရီးသွားလူငယ်တဦးက ပြောသည်။ (Narinjara 200510)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ရခိုင်ပြည်နယ် စစ်တွေမြို့ မင်းဂံဆိပ်ကမ်းတွင် ရခိုင်ပြည်အနှံ့ ဆားကွင်းများမှ တင်ပို့လာသောဆားများကို ဝယ်လိုသူမရှိ၍ ဆားများ တောင်လိုပုံနေကြောင်း ဆားကုန်သည်တဦးက ပြောသည်။ (Narinjara 200510)
- သျှမ်းပြည် (မြောက်ပိုင်း) နမ့်ခမ်းမြို့နယ်တွင် ကြံ့ဖွံ့ပါတီဝင်စုဆောင်းရေး လုပ်ငန်းများ မေလ ၁၅ ရက်နေ့မှစ၍ မြို့ပေါ်ရပ်ကွက်များအတွင်း ပါတီဝင်စုဆောင်းရာတွင် တစ်ရပ်ကွက် အယောက် ၅၀ မဝင်မနေရ စနစ်ဖြင့် စုဆောင်းနေကြောင်း ဒေသခံတစ်ဦးက ပြောသည်။ (S.H.A.N 200510)
- မေ ၁၈ ရက်နေ့က သျှမ်းပြည်အရှေ့ပိုင်း တာချီလိတ်၌ နအဖ စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒု-ဗိုလ်ချုပ်ကြီး ရဲမြင့် ဦးစီးကျင်းပသည့် နယ်ခြားစောင့်တပ် အသွင်ပြောင်းခြင်း အခမ်းအနားတွင် တရုတ်နိုင်ငံအခြေစိုက် peopledaily ဝက်ပ်ဆိုက် (အင်္ဂလိပ်စာမျက်နှာ) က အထူးဒေသ ၄ မိုင်း လားတပ်ဖွဲ့ပါဝင်နေကြောင်း မေလ ၁၉ ရက်နေ့က ဖော်ပြခဲ့မှုအပေါ် မိုင်းလားအဖွဲ့က ပါဝင်ပတ်သက်မှုမရှိကြောင်း အမည်မဖော်လိုသည့် မိုင်းလားဌာနချုပ်မှ အရာရှိတစ်ဦးက ပြောသည်။ (S.H.A.N 200510)
- ကရင်နီပြည်နယ် ဒီးမော့ဆိုမြို့နယ်ရှိ နစ်ပေါင်းလေးဆယ်ကျော်အတွင်း တစ်ခါမျှမပြုပြင်နိုင်သေးသော လမ်းမကြီးကို ကျေးရွာလူထုများ ကိုယ်ထူကိုယ်ထဖြင့် အန္တရာယ်ရှိသော ဒေါလောခူရွာနားရှိ တောင်တက်လမ်းများကို ပြုပြင်နေကြသည်။ (Kantarawaddy Times 200510)
- ချင်းပြည်နယ် လူဝင်မှုကြီးကြပ်ရေးဌာန၏ဦးဆောင်မှုဖြင့် အသက် ၁၈နှစ်ပြည့်ပြီးသူနှင့် ယခုနှစ် အောက်တိုဘာလတွင် ၁၈ နှစ်ပြည့်မည့်သူများ၏ စာရင်းကို ချင်းပြည်နယ် မြို့နယ်အသီးသီးတွင် မေလဆန်းပိုင်းကစပြီး ကောက်ယူနေသည်ဟု မတူပီမြို့နယ် ဒေသခံတဦးက ပြောသည်။ (Khonumthung 200510)
- ၂၀၁၀ ရွေးကောက်ပွဲတွင် ချင်းပြည်နယ်အတွင်း ပါဝင်ယှဉ်ပြိုင်မည့် ချင်းမျိုးနွယ်စု ကိုယ်စားပြုသည့် တိုင်းရင်းသားလူမျိုးစု များဖွံ့ဖြိုးရေးပါတီ Ethnic National Development Party ( ENDP) ကို လွန်ခဲ့သည့် မေလ ၁၁ ရက်နေ့က ပြည်ထောင်စုရွေးကောက်ပွဲကော်မီရှင်က နိုင်ငံရေးပါတီ တည်ထောင်ခွင့်ပြုလိုက်ပြီဖြစ်သည်။ (Khonumthung 200510)

## မေလ (၂၁)ရက်

- ယမန်နှစ်က ပြန်လည်ဖွင့်လှစ်ခဲ့သည့် ကချင်ပြည်နယ်၊ ဆဒုံးမြို့နယ်၊ ကန်ပိုက်တီးနယ်စပ် ကုန်သွယ်ရေး (နကသ) စခန်းမှတဆင့် မြန်မာ့ရေထွက်ပစ္စည်းများ တရုတ်ပြည်သို့ တင်ပို့မှု မအောင်မြင်ကြောင်းနကသ ဝန်ထမ်းများနှင့် နီးစပ်သူက ပြောသည်။ (NEJ 210510)
- မေလ ၂၀ ရက်နေ့ထုတ် စစ်အစိုးရပိုင် ကြေးမုံသတင်းစာတွင် ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်တွင်ပါရှိသော "မြန်မာ့လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ" ၏ အလံနှင့်ပတ်သက်၍ လက်ရှိလူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီကို စတင်ဖွဲ့စည်းတည်ထောင်ခဲ့သူ ဥက္ကဋ္ဌ ကိုမိုးသီးဇွန် (၁၉၈၈-၈၉) က ကန့်ကွက်ကြောင်း ပြောဆိုသည်။ (NEJ 210510)
- ဂါရင့်နိုင်ငံရေးသမားကြီးများအဖွဲ့ ခေါင်းဆောင် သခင်သိန်းဖေ၏ (၉၄) နှစ်မြောက် မွေးနေ့ကို မရမ်းကုန်းမြို့နယ်ရှိ ၎င်း၏နေအိမ်တွင် မေလ ၂၁ ရက်နေ့နံနက်ပိုင်း၌ ပြုလုပ်ခဲ့ရာ သခင်သိန်းဖေက မြန်မာပြည်ဒီမိုကရေစီရရှိရေးနှင့် စစ်အာဏာရှင်စနစ်အောက်မှ လွတ်မြောက်ရေးအတွက် နောက်ဆုံးထွက်သက်အထိ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သံနို့ဌာန်ပြုပြောကြားသွားသည်။ (NEJ/ RFA 210510)
- အိန္ဒိယမြန်မာနယ်စပ် မိုးရေးမြို့တွင် အိန္ဒိယအစိုးရက မြန်မာအစိုးရကို မြေထိုးစက်တစီးနှင့် ကရိန်းကားတစီး ပေးအပ်ပွဲအခမ်းအနားတစ်ရပ် မေလ ၂၁ ရက်နေ့က ပြုလုပ်ခဲ့ရာ အနောက်မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်မှ ဒုတိုင်းမှူး ဗိုလ်မှူးချုပ် ကြည်စိုး သွားရောက် လက်ခံရယူခဲ့သည်။ (Irrawaddy 210510)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ကရင်ပြည်နယ် မြဝတီမြို့ ကုန်သွယ်ရေးဇုန်အတွင်းရှိ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် (DKBA) မှ အမှတ် ၉၉၉ တပ်စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး စောချစ်သူပိုင်ဆိုင်သော ပွဲရုံတွင် ယမန်နေ့ ညသန်းခေါင်ယံအချိန်၌ ဗုံးပေါက်ကွဲကြောင်း မြဝတီမှ ရဲတဦးကပြောသည်။ (Irrawaddy 210510)
- လျှပ်စစ်မီး ၂၄ နာရီ ပုံမှန်ရရှိရန်နှင့် လျှပ်စစ်မီတာ ထိန်သိမ်းစောင့်ရှောက်ခများကို လျှော့ချပေးရန် မန္တလေးမြို့ရှိ ပြည်သူများက ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် နေပြည်တော်ရှိ လျှပ်စစ်ဝန်ကြီးထံ ယမန်နေ့က စာပို့တောင်းဆိုလိုက်သည်။ (Irrawaddy 210510)
- သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြေရေး ရည်ရွယ်ချက်ဖြင့် ချင်းပြည်နယ် ၈ မြို့နယ်တွင် ဝါရှင်တန်ပင် ၆၀၀၀ ခန့် စိုက်ပျိုးရန် အမှတ် ၁ စစ်ဆင်ရေး အထူးအဖွဲ့မှူး ဒုဗိုလ်ချုပ်ကြီးသာအေးက ညွှန်ကြားထား၍ စိုက်ပျိုးနေကြောင်း ချင်းပြည်နယ် စိုက်ပျိုးရေး မန်နေဂျာ ဦးတင်မောင်ဝင်းကပြောသည်။ (Mizzima 210510)
- ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် ခေါင်းဆောင် ကိုကျော်ကိုကိုအား ကျောက်တံတားမြို့နယ် တရားရုံးက နောက်တိုး ၂ မှုဖြင့် ယနေ့တွင် ၅ နှစ် ပြစ်ဒဏ်ချလိုက်သဖြင့် စုစုပေါင်း ကျခံရမည့် ပြစ်ဒဏ်မှာ ၈ နှစ် ရှိသွားပြီ ဖြစ်သည်။ (Mizzima 210510)
- ရန်ကုန်မြို့ သင်္ကြန်တွင်း ဗုံးခွဲမှုတွင် ပါဝင်သူဟု စွပ်စွဲကာ အင်းစိန်ထောင်တွင် ချုပ်နှောင်ခံနေရသည့် ကိုဖြိုးဝေအောင်၏ အမှုလိုက်ပေးရန် ရှေ့နေဦးကျော်ဟိုးက ကြိုးစားသော်လည်း သတင်းရဲတပ်ဖွဲ့က တားမြစ်ထားသဖြင့် ရှေ့နေငှားရမ်းခွင့် မရသေးဟုဆိုသည်။ (Mizzima 210510)
- ရခိုင်ပြည်နယ် ကျောက်ဖြူမြို့တွင် တည်ရှိသော တိုးချဲ့အိမ်ယာများနှင့် အိမ်သစ်ဆောက်သူများထံမှ ခယကမှ ရုံပုံငွေအတွက် အကြောင်းပြကာ အာဏာပိုင်များက ငွေကောက်ခံနေသည်ဟုအမည် မဖော်လိုသူဒေသခံ တဦးကပြောသည်။ (Narinjara 210510)
- လွယ်တိုင်းလျှံအခြေစိုက် SSA တောင်ပိုင်း နှင့် အပစ်ရပ် SSA မြောက်ပိုင်း တပ်မဟာ ၁ တို့ ၅၂ နှစ် မြောက် သျှမ်းပြည်တော်လှန်ရေးနေ့ အခမ်းအနားကို မေလ ၂၁ ရက်နေ့က ပြုလုပ်ကျင်းပကြသည်။ (S.H.A.N 210510)
- မေ ၂၁ ရက်၌ ကျရောက်သော ၅၂ နှစ်မြောက် သျှမ်းတော်လှန်ရေးနေ့ အခမ်းအနားတွင် ဒေါ်အောင်ဆန်းစုကြည်သာ ပင်လုံကတိပြန်ဖော်နိုင်သူဟု SSA ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ယွက်စစ်က ပြောကြားခဲ့သည်။ (S.H.A.N 210510)
- သျှမ်းပြည်တပ်မတော် အမှတ် ၁ စစ်ဒေသ နှင့် ဗမာ့တပ်မတော်တို့အကြား မေလ ၁၆ ရက်နေ့က တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း အမည်မဖော်လိုသူ ရွာသားတဦးက ပြောသည်။ (S.H.A.N 210510)
- စစ်အစိုးရ မြို့တော်သစ် နေပြည်တော်ရှိ ကုန်သွယ်ရေးမူဝါဒ ဆိုင်ရာအဖွဲ့အစည်းများ ဖြစ်သော Trade Council (TC) နှင့် Export and Import Supervisory Committee (EISC) ဌာနများက ပြည်ပသွင်းကုန် လိုင်စင်ထုတ်ပေးရာတွင် မလိုအပ်ပဲ ကြန့်ကြာနေကြောင်း ကုန်သည်များက ပြောသည်။ (S.H.A.N 210510)
- ရှမ်းပြည်နယ်အရှေ့ပိုင်း ဝ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဒေသအတွင်း ဒေသခံပြည်သူ့စစ်အဖွဲ့များကို စုစည်းပြီး အမှတ် (၁၀၁၀) နယ်ခြားစောင့်တပ်အဖြစ် မေလ ၂၀ ရက်နေ့က စစ်ဖက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုဗိုလ်ချုပ်ကြီး ရဲမြင့်ကိုယ်တိုင် တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။ (NMG 210510)
- ၂၀၁၀ ရွေးကောက်ပွဲအတွက် မဲစာရင်းပေးကြရန် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ နအဖသံရုံးက တောင်ကိုရီးယားနိုင်ငံ၌ ရောက်ရှိနေသော မြန်မာနိုင်ငံသားများကို စာပို့အကြောင်းကြားထားကြောင်း တောင်ကိုရီးယားနိုင်ငံရှိ မြန်မာအသိုင်းအဝိုင်းမှ ဆိုသည်။ (DVB 210510)
- ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်အပါအဝင် နိုင်ငံရေးအကျဉ်းသားများအားလုံး လွတ်မြောက်ရေးအတွက် ဂျပန်နိုင်ငံရောက် မြန်မာအတိုက်အခံအင်အားစုများက တိုကျိုမြို့ရှိ နအဖသံရုံးရှေ့တွင် မေလ ၂၁ ရက်နေ့က သွားရောက်ဆန္ဒပြ တောင်းဆိုခဲ့ကြသည်။ (DVB 210510)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် ဗကသခေါင်းဆောင် ကိုကျော်ကျော်ကို ကျောက်တံတားမြို့နယ် တရားရုံးက တရားမဝင် အသင်းအဖွဲ့ ပုဒ်မ ၆ ဖြင့် ထောင်ဒဏ် ၃ နှစ်၊ နိုင်ငံတော်လုံခြုံရေးကို ထိခိုက်စေမှုပုဒ်မ ၂ ဖြင့် ထောင်ဒဏ် ၂ နှစ် စုစုပေါင်း ၅ နှစ် ထပ်မံချမှတ်လိုက်ကြောင်း သူ၏ဖခင်ဖြစ်သူ ဦးကျော်အေးက ပြောသည်။ (DVB/ RFA 210510)
- မေလ ၂၁ ရက်နေ့တွင် ကျရောက်သည့် (၅၂) နှစ်မြောက် ရှမ်းတော်လှန်ရေးနေ့ အခမ်းအနားတွင် ပါတီကြီးများ ဖြစ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD နှင့် ရှမ်းတိုင်းရင်းသား ဒီမိုကရေစီအဖွဲ့ချုပ် SNLD မပါဝင်သည့် နအဖ ၂၀၁၀ ရွေးကောက်ပွဲကို သပိတ်မှောက်ကြရန် ရှမ်းပြည်တပ်မတော် ခေါင်းဆောင်လည်းဖြစ်၊ ရှမ်းပြည် ပြန်လည်ထူ ထောင်ရေးကော်မတီ ဥက္ကဋ္ဌ လည်းဖြစ်သည့် ဗိုလ်ချုပ် ယွတ်ဆစ်က ပြောကြားလိုက်သည်။ (DVB 210510)
- မြန်မာစစ်အစိုးရမှ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် လူသားချင်းအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများကို စုံစမ်းစစ် ဆေးရေးကော်မရှင်တစ်ရပ်ဖွဲ့ပြီး စုံစမ်းစစ်ဆေးရန်အတွက် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးအထူး ကိုယ်စားလှယ် Tomas Ojea Quintana အကြံပြုချက်ကို လူသိထင်ရှား ထောက်ခံကြရန် ဥရောပသမဂ္ဂ (EU) ပါလီ မန်က ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် အဆင့်မြင့်အရာရှိများကို မေလ ၂၀ ရက်နေ့က တောင်းဆိုလိုက်သည်။ (RFA 210510)
- နအဖစစ်အစိုးရမှ ယခုနှစ်အတွင်း ကျင်းပပြုလုပ်မည့်ရွေးကောက်ပွဲအတွက် မဲပေးရမည့် နည်းစနစ်များကို တနင်္သာရီ တိုင်း ကော့သောင်းမြို့နယ်တွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့နှင့် ကျေးရွာကော်မရှင် အဖွဲ့ဝင်များက သရုပ်ပြ ရှင်းလင်း လေ့ကျင့်မှုများ ပြုလုပ်ပေးနေသည်ဟု မျက်မြင်သက်သေတစ်ဦးက ပြောသည်။ (RFA 210510)
- လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် နိုင်ငံရေးသမားကြီးတစ်ဦးဖြစ်သူ သခင်ထိန်ဝင်းသည် မေလ ၂၀ ရက်နေ့ ည ၉ နာရီခန့်၌ ရန်ကုန်မြို့ နေအိမ်တွင် ကွယ်လွန်သွားသည်။ (RFA 210510)
- ရခိုင်ပြည်နယ် ကျောက်ဖြူမြို့တွင် မေလ ၁၉ ရက်နေ့ ညနေ ၁၁ နာရီကျော်မှ မေလ ၂၀ ရက်နေ့ နံနက် အာရုံ ၃ နာရီထိ မိုးသဲထန်စွာ ရွာသွန်းမှုကြောင့် ဆောက်လုပ်နေဆဲ လေယာဉ်ကွင်း ရေထဲမြုပ်ပါသွားသည့်အတွက် မြို့ခံလူထု ၃၀၀ ခန့်ကို အတင်းခေါ်ယူပြီး လုပ်ခိုင်းခဲ့သည်ဟု အဓမ္မအလုပ်ခိုင်းခံရသူတဦးက ပြောသည်။ (Kaladan 210510)
- ကချင်ပြည်နယ်ရှိ ပြည်သူများဟာ မြန်မာစစ်အစိုးရရဲ့ ဖမ်းဆီးစစ်ဆေးခြင်းနဲ့ ထူးထူးခြားခြား လုံခြုံရေးတင်းကြပ်မှု အောက် လွပ်လပ်စွာသွားလာ လှုပ်ရှားလို့ မရတော့ဘဲ ကြောက်လန့်တုန်လှုပ်စွာ နေထိုင်ရကြောင်း ဒေသခံများက ပြောတယ်။ (KNG 210510)
- ထိုင်းနိုင်ငံတွင် အစိုးရနဲ့ အကျီနီ ပြည်သူများကြား သွေးထွက်သံယို ခိုက်ရန်ဖြစ်ပွါးမှုတွေပေါ်ပေါက်ပြီးနောက် အစိုးရမှ ညအပြင်မထွက်ရ အမိန့်ထုတ်ပြန် လိုက်မှုကြောင့် မြန်မာအလုပ်သမားများသည် အခက်အခဲနဲ့ ရင်ဆိုင်နေရသည်။ (KNG 210510)
- ရွေးကောက်ပွဲဥပဒေအရ ကယား(ကရင်နီ) ပြည်နယ်တွင် ကရင်ပြည်သူ့ပါတီမှ မဲဆန္ဒနယ်မြေ ပါဝင်သည်ဟုဆိုထား သည့်အတွက် လူမျိုးရေးအရ နောက်ဆက်တွဲအခြေအနေများကို စိုးရိမ်ရသည်ဟု ကရင်နီအမျိုးသား တိုးတက်ရေး ပါတီ KNPP မှ အတွင်းရေးမှူး ၁ ခူဦးရယ်က ပြောသည်။ (Kantarawaddy Times 210510)
- စစ်အစိုးရအာဏာပိုင်များက ကရင်နီပြည် ရှားတောမြို့ စုစည်းကျေးရွာမှ အရပ်သားပြည်သူများအား ယခုနှစ်အတွင်း တောင်ယာများပြန်လုပ်ခွင့် ခုတ်ခွင့်ပေးကြောင်း၊ ယာခင်းများ လုပ်ကိုင်စားသောက်ရန် ပိတ်ပင်ထားရာမှ ယခုလို လွတ်လပ်စွာ ပြန်လည်လုပ်ကိုင်စားသောက်ခွင့် ပေးခြင်းသည် ရွေးကောက်ပွဲအတွက် ဆွဲဆောင်မှုတခုဖြစ်သည်ဟု ဒေသခံရွာသားများက ယူဆကြသည်။ (Kantarawaddy Timese 210510)
- ကရင်နီပြည် ဖရူဆိုမြို့နယ်၊ မိုဆိုကျေးရွာအနီးတွင် အခြေစိုက်ထားသော နယ်ခြားစောင့်တပ်ဖွဲ့ဖြစ်သည့် အပစ်ရပ် ကရင်နီလူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးတပ်ဦး ကလလတသည် ရွာသားပိုင် မော်တော်ဆိုင်ကယ်အား မတရား အသုံးပြုဖျက်ဆီးခဲ့ပြီး လျော်ကြေးမပေးဘဲ ခေါင်းရှောင်နေသည်ဟု ရွာသားများကပြောသည်။ (Kantarawaddy Times 210510)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ၂၀၁၀ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် မှတ်ပုံတင်ထားသည့် "စစ်အစိုးရ လက်ဝေခံ" ကယန်းအမျိုးသား ပါတီ (Kayan National Party) ကို ဖွဲ့စည်းမှတ်ပုံတင်သူများသည် ကယန်းလူထု၏ သဘောထားကို ရယူခြင်းမရှိဘဲ ကယန်းလူမျိုး၏ အမျိုးသားဂုဏ်သိက္ခာ၊ နိုင်ငံရေး ဂုဏ်သိက္ခာ၊ တော်လှန်ရေးသမိုင်းအစဉ်အလာကို ဖျက်ဆီးလိုသည့် တာဝန်မဲ့ လုပ်ရပ်ပင်ဖြစ်သည်ဟု ကယန်းမျိုးဆက်သစ်လူငယ် ( KNGY) မှ ၁၇ ရက်နေ့က ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။ (Kantarawaddy Times 210510)

## မေလ (၂၂) ရက်

- ထိုင်းနိုင်ငံ မဲဆောက်မြို့မှ အလုပ်သမားများ စုပေါင်းတည်ထားသော"ရွှေပြည်အေး ဆုတောင်းပြည့် ဘုရား" ထီးတော် တင်ပွဲ အခမ်းအနားတစ်ရပ်ကို မေလ ၂၂ ရက်နေ့က ကျင်းပပြုလုပ်ခဲ့ကြသည်။ (Irrawaddy 220510)
- ရန်ကုန် တောင်ပိုင်းခရိုင် သုံးခွမြို့နှင့် အနီးတဝိုက်ရှိ သောက်သုံးရေ ရှားပါးပြတ်လပ်နေသော ကျေးရွာများသို့ သန့်လျင်မြို့ခံများ ရေသွားရောက်လှူဒါန်းရာ မိုးရွာ၍ လမ်းများပျက်သဖြင့် အခက်အခဲများ ဖြစ်နေကြောင်း ရေလှူ ဒါန်းရာတွင် ပါဝင်သူများကပြောသည်။ (Irrawaddy 220510)
- မြန်မာအမျိုးသမီးများကို နိုင်ငံခြားသားနှင့်လက်ထပ်ထိမ်းမြားခွင့် မပေးရန် တရားရေးဝန်ထမ်းများအား အာဏာပိုင် များက ညွှန်ကြား ထားသောကြောင့် မြန်မာအမျိုးသမီးတချို့မှာ နိုင်ငံခြားသားများ၏ အငယ်အနှောင်း၊ တရားမဝင် ဇနီးအဖြစ် အသိအမှတ်အပြုမခံရသည့် အခြေအနေများ ဖြစ်လာနေကြောင်းဥပဒေ အတိုင်ပင်ခံတဦးဖြစ်သူ ဦးအောင် သိန်းကပြောသည်။ (Irrawaddy 220510)
- ရန်ကုန်တိုင်း သုံးခွမြို့နယ်မှ ရယက ဥက္ကဌများနှင့် အဖွဲ့ဝင်အချို့သည် တာဝန်ထမ်းဆောင်ခြင်းမပြုလုပ်တော့သဖြင့် နုတ်ထွက်လိုကြောင်း ယခုမေလအတွင်းက မြို့နယ် မဂတ ဥက္ကဌထံ အသီးသီး စာတင်ထားသော်လည်း မြို့နယ် ဥက္ကဌက နုတ်ထွက်ခွင့်မပေးသည့်အတွက် စိတ်ပါဝင်စားမှုမရှိဘဲ တာဝန်အား ဆက်လက်ထမ်းဆောင်နေကြသည်။ (RFA 220510)
- မေလ ၂၀ ရက်နေ့က ကွယ်လွန်ခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် သခင်စိုးမြင့် ၈၇ နှစ်၏ ဈာပနကို မေလ ၂၂ ရက်နေ့တွင် ရေဝေးသုသာန်၌ ပြုလုပ်ခဲ့သည်။ DVB 220510)
- မေလ ၂၀ ရက်နေ့က ကွယ်လွန်ခဲ့သည့် မြန်မာ့လွတ်လပ်ရေးတိုက်ပွဲဝင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ် အမှုဆောင်ကော်မတီဝင် သခင်စိုးမြင့်ကို ဂုဏ်ပြုကြောင်းနှင့် NLD အဖွဲ့ဝင်များ လူမှုအထောက်အကူပြု လုပ်ငန်းများ တွင် တက်တက်ကြွကြွဆောင်ရွက်နေမှုများကို အားပေးဂုဏ်ယူကြောင်း ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့သည် ဟု မေလ ၂၂ ရက်နေ့က ဒေါ်အောင်ဆန်းစုကြည်အား သွားရောက်တွေ့ဆုံခွင့်ရခဲ့သည့် ရှေ့နေ ဦးဉာဏ်ဝင်းက ပြောသည်။ (RFA 220510)
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ လူငယ်များ၊ ဒီမိုကရေစီပါတီက လူငယ်များနှင့် လမ်းပြကြယ်အဖွဲ့ခေါင်းဆောင် ရှေ့နေ ဦးအေးမြင့်တို့ ပူးပေါင်းပြီး ပဲခူးတိုင်းဝေါမြို့နယ်က ကျေးရွာများတွင် သောက်သုံးရေတွင်းနှင့် အင်္ဂါစိတ်တွင်းများ တူးဖေါ် လှူဒါန်းနေကြသည်။ (RFA 220510)
- နာဂစ်မုန်တိုင်းကာလတွင် ဧရာဝတီတိုင်း ဆားလုပ်ငန်းတောင်သူများသည် ဆားလုပ်ငန်းပြန်လည် လုပ်ကိုင်ခဲ့ကြ သော်လည်း ဆားဈေးနှုန်းကျဆင်းနေသဖြင့် အရှုံးပေါ်ပြီး သတ္တုတွင်းဝန်ကြီးဌာနက ထုတ်ချေးထားသည့် ငွေများကို ပြန်မဆပ်နိုင်ဘဲ ဖြစ်နေသည်။ (RFA 220510)
- ရန်ကုန်တိုင်း တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်တွင် သောက်သုံးရေ ရရှိရန်အတွက် ရေခန်းခြောက်နေသည့် အမှတ် ၁ ရပ်ကွက်က ရေကန်ကို ထပ်မံတူးဖော်ရန်ဟုဆိုကာ သက်ဆိုင်ရာအာဏာပိုင်များက မြို့နယ်တွင်း ငွေကောက်ခံနေ သည့်အတွက် ဒေသခံပြည်သူများ အကျေမနပ်ဖြစ်နေကြသည်။ (RFA 220510)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- မြန်မာနိုင်ငံအပါအဝင် ဖိလစ်ပိုင်၊ ဆူဒန်နဲ့ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတို့ကကလေးသူငယ်တွေကို စစ်တိုက်တဲ့နေရာတွင် အသုံးပြုနေတဲ့ နိုင်ငံတွေနဲ့ လက်နက်ကိုင်အဖွဲ့အစည်းတွေကို အပြင်းအထန် အရေးယူဖို့ ကုလသမဂ္ဂကနိုးဆော်လိုက်သည်။ (VOA 220510)
- တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင်ဟာ မေလ ၂၈ ရက်ကနေ ဇွန်လ ၃ ရက်နေ့အထိ မြန်မာနိုင်ငံအပါအဝင် အာရှ (၄) နိုင်ငံဆီ ခရီးထွက်မယ်လို့ တရုတ်နိုင်ငံခြားရေးဌာနက မေလ ၂၁ ရက်နေ့ ကြေညာလိုက်ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြထားသည်။ (VOA 220510)

## မေလ (၂၃) ရက်

- ၇ ကြိမ်မြောက် ကရင်အမျိုးသားညီညွတ်ရေးနီးနှောဖလှယ်ပွဲကို ကရင်ပြည်နယ်တစ်နေရာတွင် မေလ ၁၇ ရက်နေ့မှ ၂၁ ရက်နေ့အထိ ၅ ရက်ကြာ အောင်မြင်စွာကျင်းပပြီးစီးနိုင်ခဲ့ပြီး ကိုယ်စားလှယ် ၁၀၃ ဦး တက်ရောက်ခဲ့သည်။ (DVB 230510)
- ကရင်ပြည်နယ်နှင့် အခြားတိုင်းရင်းသားဒေသများတွင် မြန်မာစစ်အစိုးရ၏ ထိုးစစ်ဆင် တိုက်ခိုက်မှုများသည် စစ်ရာဇဝတ်မှု မြောက်သဖြင့် ကုလသမဂ္ဂအနေဖြင့် စုံစမ်းရေးကော်မတီတစ်ရပ်ဖွဲ့စည်းပြီး စုံစမ်းအရေးယူဆောင်ရွက်စေလိုကြောင်း ကရင်အမျိုးသား စည်းလုံးညီညွတ်ရေးအဖွဲ့က တိုက်တွန်းတောင်းဆိုလိုက်သည်။ (RFA 230510)
- ပဲခူးတိုင်း တောင်ငူထောင်တွင် ထောင်ဒဏ် ၆၅ နှစ်ချမှတ်ခံထားရသည့် ၈၈ ကျောင်းသားခေါင်းဆောင် ကိုဇော်ဇော်မင်းသည် အစာအိမ်ရောဂါနှင့် အသည်းရောဂါကြောင့် တောင်ငူဆေးရုံတွင် ဆေးဝါးကုသမှု ခံယူနေရသည်။ (RFA 230510)
- ထိုင်း-မြန်မာနယ်စပ် ရနောင်းမြို့ကနေ တရားမဝင် မြန်မာအလုပ်သမား ၂၈ ဦး တင်ဆောင်လာတဲ့ ကားတစီး မေလ ၂၂ ရက်နေ့ ညနေပိုင်း၌ ဘန်ကောက်မြို့သို့အသွား အဖမ်းအဆီးကိုရှောင်ရင်း တိမ်းမှောက်ခဲ့သဖြင့် လူ ၉ ဦး သေဆုံးပြီး ၁၀ ဦးကျော် ဒဏ်ရာတွေ အပြင်းအထန် ရခဲ့သည်။ (VOA 230510)
- မြန်မာနိုင်ငံ အနောက်ဘက်နယ်စပ် ကျောက်ထုတ်လုပ်ငန်းများတွင် လုပ်ကိုင်နေရသော လုံထိန်းတပ်သား ၃၀၀ ကျော်အား ပေးသောအပိုဆောင်း ထောက်ပံ့ငွေများကို ရဲတပ်ရင်းအရာရှိများက ဖြတ်စားနေကြောင်း လုံထိန်းတပ်သားများက ပေးပို့စာတွင် ဖော်ပြထားသည်။ (Narinjara 230510)
- ကရင်ပြည်နယ်နှင့် အခြားတိုင်းရင်းသားဒေသများတွင် မြန်မာစစ်အစိုးရ၏ ထိုးစစ်ဆင်တိုက်ခိုက်မှုသည် စစ်ရာဇဝတ်မှုမြောက်သဖြင့် ကုလသမဂ္ဂအနေဖြင့် စုံစမ်းရေးကော်မတီတစ်ရပ် ဖွဲ့စည်းပြီး အရေးယူဆောင်ရွက်ပေးစေလိုကြောင်း ကရင်အမျိုးသား စည်းလုံးညီညွတ်ရေးအဖွဲ့က တိုက်တွန်းတောင်းဆိုလိုက်သည်။ (RFA 230510)
- တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင်သည် မြန်မာပြည်ကို လာရောက်စဉ် တိုင်းရင်းသားအပစ်ရပ်အဖွဲ့များနှင့် ပြဿနာကို နအဖစစ်အစိုးရအား အေးအေးချမ်းချမ်းဖြေရှင်းနိုင်အောင် တိုက်တွန်းပြောဆိုသွားနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ကချင်လွတ်လပ်ရေးတပ်မတော် (KIA) ဒု-စစ်ဦးစီးချုပ် ဗိုလ်မှူးချုပ် ဂွမ်မော်က ပြောသည်။ (BBC 230510)

## မေလ (၂၄) ရက်

- မြန်မာနိုင်ငံ၏ အကြီးဆုံးလက်ကားဈေးကြီးဖြစ်သည့် ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မင်္ဂလာဈေး၊ ပင်မဈေးရုံစတုတ္ထထပ်တွင် မေလ ၂၄ ရက်နေ့နံနက် (၈) နာရီကျော်က မီးလောင်ကျွမ်းခဲ့ရာ ညနေ (၅) နာရီကျော်အထိ မီးငြိမ်းမကျိုးသေးဘဲ လောင်ကျွမ်းနေဆဲဖြစ်သည်ဟု ယင်းဈေး၏ပထမထပ်တွင် အထည်ဆိုင်ဖွင့်လှစ်ထားသည့် ဈေးဆိုင်ပိုင်ရှင်တဦးက ပြောသည်။ (NEJ/ Irrawaddy 240510)
- လွန်ခဲ့သည့်ရက်ပိုင်းက ကျင်းပပြုလုပ်ပြီးစီးခဲ့သည့် ကရင်အမျိုးသားစည်းလုံးညီညွတ်ရေးနီးနှောဖလှယ်ပွဲတွင် "ကရင်အမျိုးသားထုအတွင်း အမျိုးသားသွေးစည်းညီညွတ်မှု တည်ဆောက်ရာတွင် ဒီကေဘီအေအပါအဝင် ကရင်ခွဲထွက်အဖွဲ့အစည်းများကို ဥပက္ခာပြု၍မရ" ဟု ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် KNLA မှ ဗိုလ်မှူးကြီးနယ်ဒါးမြကပြောကြားလိုက်သည်။ (NEJ 240510)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ကရင်ပြည်နယ်ဖာပွန်မြို့နယ်ရှိ အီတူးထာ ပြည်တွင်းဒုက္ခသည်စခန်းတွင် ခိုလှုံနေသည့် ကရင်စစ်ပြေးဒုက္ခသည် (၄,၅၀၀)ခန့်မှာ ဆန်နှင့်ဆား နှစ်မျိုးသာရရှိသဖြင့် ပြည်ပအလှူရှင်များ၏ အကူအညီများလိုအပ်နေသည်ဟု စခန်း၏ လူမှုရေးတာဝန်ခံ စောအောင်မင်းက ပြောသည်။ (NEJ 240510)
- တနင်္သာရီတိုင်း ကော့သောင်းမြို့တွင် ဗုဒ္ဓဘာသာရဟန်းသံဃာ အယောင်ဆောင်၍ ရောက်ရှိလာသောမြန်မာနိုင်ငံသား ၂၄ ဦးခန့်ကို လွန်ခဲ့သည့် တပတ်အတွင်း၌ အဏ္ဏာပိုင်များက ဖမ်းဆီးခဲ့ကြောင်း ဒေသခံများက ပြောသည်။ (Irrawaddy 240510)
- ပြည်ပသို့ တင်ပို့ရောင်းချရသော အရည်အသွေးကောင်း ပဲအမျိုးမျိုးသည် မေလလယ်တွင် မကြုံစဖူးဈေးနှုန်းများ အဖြစ်သို့ ထိုးတက်ရောက်ရှိလာပြီး အချို့ပဲများမှာ ယမန်နှစ်ဈေးနှုန်းထက် နှစ်ဆခွဲကျော်အထိ မြင့်တက်သွားခဲ့သည်။ (Mizzima 240510)
- စစ်အစိုးရအတွက် အရေးပါသော လေးလပတ်အစည်းအဝေး ကျင်းပရန်အတွက် ထိပ်သီးစစ်ဘက်အရာရှိကြီးများ သည် နေပြည်တော်တွင် မေလ ၂၄ ရက်နေ့က ရောက်ရှိနေကြပြီဖြစ်ရာ ၂၀၁၀ ခုနှစ်အတွက် ပထမဆုံးဖြစ်သော လေးလပတ်အစည်းအဝေးကို မနက်ဖြန်မှစတင်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)တွင် သုံးရက်ကြာကျင်းပသွား မည်ဖြစ်ကြောင်း စစ်ဖက်သတင်းရပ်ကွက်များက ပြောသည်။ (Mizzima 240510)
- ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာဘမောင်သည် ချင်းပြည်နယ်ရှိ ခရိုင်နှင့်မြို့နယ် ကော်မရှင် အဖွဲ့ခွဲ အချို့ထံလာရောက်ကာ ရွေးကောက်ပွဲတွင် မဲပေးသူများ လွတ်လပ်စွာမဲပေးခွင့်ပြုရန် ပြောဆိုခဲ့ကြောင်း ချင်းပြည်နယ် ဖလမ်းမြို့ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးဆသင်ကပ်က ပြောသည်။ (Mizzima 240510)
- နအဖစစ်အစိုးရမှ ကျင်းပမည့် ၂၀၁၀ ရွေးကောက်ပွဲသည် စစ်အာဏာရှင်စနစ် တရားဝင်သက်ဆိုးရှည်ရေးအတွက် သာဖြစ်ပြီး တိုင်းရင်းသားလူမျိုးစုများ၏ အကျိုးစီးပွားမပါဝင်သည့်အတွက် ဆန့်ကျင်ရှုတ်ချကြောင်း မေလ ၂၁ ရက်နေ့ က ကျင်းပပြုလုပ်ပြီးစီးခဲ့သည့် (၇)အကြိမ်မြောက် ကရင်အမျိုးသား စည်းလုံးညီညွတ်ရေး နီးနှောဖလှယ်ပွဲတွင် ကြေ ညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။ (KIC 240510)
- ကရင်အမျိုးသားအစည်းအရုံး(ကေအဲန်ယူ)က ၎င်းထိန်းချုပ်ထားသည့် တပ်မဟာ(၇)ခုအတွင်း ဒေသခံ သစ်လုပ်ငန်း ရှင်များအား သစ်ထုတ်လုပ်ရောင်းချမှုကို မေလအစောပိုင်းမှစ၍ တရားဝင်တားမြစ်ပိတ်ပင်လိုက်ပြီဖြစ်ကြောင်း ကရင် အမျိုးသားအစည်းအရုံး KNU ဗဟိုသစ်တောတာဝန်ခံ ပဒိုစောအားတိုးက ပြောသည်။ (KIC 240510)
- အီးပီစီမှ တပတ်ခန့် သုံးခွင့်ပိတ်ပင်ထားသည့် ရန်ကုန်မြို့ လုပ်ငန်းသုံးပါဝါမီတာများကို အာဏာပိုင်များက ပြန်၍ အသုံးပြုခွင့်ပေးလိုက်ပြီဖြစ်ကြောင်း လုပ်ငန်းရှင်များက ပြောကြားခဲ့သည်ဟု မေလ ၂၄ ရက်နေ့ထုတ် ဆင်ဟွာ သတင်းဌာနက ဖော်ပြထားသည်။ (DVB 240510)
- စစ်အစိုးရအာဏာပိုင်များက ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ကချင်အတိုင်ပင်ခံကောင်စီအဖွဲ့မှ လူငယ်တာဝန်ခံ လဘန်ဂန်အောင်အပါအဝင် ကချင်လူငယ် ၆၀ ခန့်ကို မေလ ၂၃ ရက်နေ့ညသန်းခေါင်အချိန်၌ ဖမ်းဆီးခဲ့သည်ဟု ကချင်လူ့အခွင့်အရေးကွန်ရက်အဖွဲ့မှ ဥက္ကဋ္ဌ ဦးအောင်ဂါက ပြောသည်။ (RFA 240510)
- ၂၀၁၀ ခုနှစ် ပထမ ၄ လအတွင်း မြန်မာနိုင်ငံမှ ဒုက္ခသည် ၈,၀၀၀ ကျော်ကို တတိယနိုင်ငံများသို့ ရွှေ့ပြောင်းပေးနိုင်ခဲ့ သည်ဟု ထိုင်းနိုင်ငံအခြေစိုက် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်း အခြေချနေထိုင်သူများအတွက် အကူအညီပေးနေ သည့် IOM က ပြောကြားလိုက်သည်။ (RFA 240510)
- မြန်မာနိုင်ငံက ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများအားလုံး တသွေးတည်း ညီညွတ်ကြောင်း ပြသသည့်အနေဖြင့် ကနေဒါနိုင်ငံ အွန်တေရီယိုပြည်နယ် London မြို့တွင် Captives' Release Party Funderaiser ဟုခေါ်သည့် အဖမ်းဆီးခံရသူများ လွတ်မြောက်ရေးအတွက် ရန်ပုံငွေပွဲတစ်ရပ်ကို မေလ ၂၃ ရက်နေ့ က ကျင်းပ ပြုလုပ်ခဲ့သည်။ (RFA 240510)
- စစ်အစိုးရအတွက် အရေးပါသော လေးလပတ်အစည်းအဝေး ကျင်းပရန်အတွက် ထိပ်သီးစစ်ဘက်အရာရှိကြီးများ သည် နေပြည်တော်တွင် မေလ ၂၄ ရက်နေ့က ရောက်ရှိနေကြပြီဖြစ်ရာ ၂၀၁၀ ခုနှစ်အတွက် ပထမဆုံးဖြစ်သော

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



လေးလပတ်အစည်းအဝေးကို မနက်ဖြန်မှစ၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)တွင် (၃) ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။ (Mizzima 240510)

- ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီက မကွေးတိုင်းရေနံချောင်းမြို့နယ်၊ မင်းဘူးနယ်များတွင် လူထုအားအဖွဲ့ဝင်ဖြစ်ရင် ငွေချေးလို့ရ၊ ခရီးသွားရင်ထောက်ခံချက်နှင့်အဆင်ပြေကြောင်းအပြင် တစ်ယောက်ကို ဝင်ကြေး (၁၅၀၀) ကျပ်နှုန်းဖြင့်ဝင်ခိုင်းခြင်းများ၊ မတူကွဲပြားခြားနားသည့်ဆွဲဆောင်မှုများဖြင့်စည်းရုံးနေကြောင်း ဒေသခံတစ်ဦးကပြောသည်။ (DVB 240510)
- ပြည်ထောင်စုရွေးကောက်ပွဲကော်ရှင်အဖွဲ့ဝင် ဒေါက်တာဘမောင်သည် ချင်းပြည်နယ်ရှိ ခရိုင်နှင့်မြို့နယ် ကော်မရှင်အဖွဲ့ခွဲ တချို့ထံလာရောက်ကာ ရွေးကောက်ပွဲတွင် မဲပေးသူများ လွတ်လပ်စွာမဲပေးခွင့်ပြုရန် ပြောဆိုခဲ့ကြောင်း ချင်းပြည်နယ် ဖလမ်းမြို့ ရွေးကောက်ပွဲကော်မရှင် ဥက္ကဌ ဦးဆသင်ကပ် ကပြောသည်။ (Mizzima 240510)
- သောက်သုံးရေရှားပါးမှုနှင့် ကြုံတွေ့နေရသည့် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းမှ ဒေသအချို့တွင် ရေလှောင်ကန်တူးဖော်ပေးနိုင်ရန်အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD အမျိုးသမီးအဖွဲ့နှင့် လူငယ်များ စုပေါင်းစီစဉ်နေသည်ဟု အဖွဲ့ချုပ်အမျိုးသမီးခေါင်းဆောင် ဒေါ်မေဝင်းမြင့်ကပြောသည်။ (DVB 240510)
- ကော့သောင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) က ဦးဆောင်၍ ၄င်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးသင်စာသင်ကျောင်းများနှင့် မိဘမဲ့ကလေးများပညာသင်ကြားနိုင်ရေးအတွက် လိုအပ်သည့်ကူညီ ထောက်ပံ့မှုများပြုလုပ်သွားမည်ဟု ပါတီခေါင်းဆောင်တဦးက ပြောသည်။ (NMG 240510)
- ဝတပ်ဖွဲ့ခေါင်းဆောင်များအနေဖြင့် နယ်ခြားစောင့်တပ်အသွင်ပြောင်းရေးကိစ္စကို နားလည်မှုလွဲနေ၍ ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA) ခေါ် ဝတပ်ဖွဲ့ ဥက္ကဌ ပေါက်ယူချန်းကိုယ်တိုင် လားရှိုးမြို့သို့ လာရောက်စေလိုကြောင်း အရှေ့မြောက်တိုင်း စစ်ဌာနချုပ် (ရမခ) တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က မေလ ၁၉ ရက်နေ့တွင် စာရေးကမ်းလှမ်းခဲ့သည်ဟု ဝတပ်ဖွဲ့ခေါင်းဆောင်များနှင့် နီးစပ်သူတစ်ဦးက ပြောသည်။ (NEJ 240510)
- နအဖ စစ်အစိုးရက ၂၀၁၀ ရွေးကောက်ပွဲ မတိုင်ခင် အပစ်ရပ်တိုင်းရင်းသားအဖွဲ့များကို နယ်ခြားစောင့်တပ်အသွင်ပြောင်းမည့်ကိစ္စကြောင့် တိုးတက်သောကရင်ဗုဒ္ဓဘာသာတပ်မတော် DKBA တပ်ဖွဲ့အတွင်း သဘောထားချင်းတိုက်ဆိုင်မှုမရှိဘဲ မရှင်းမလင်းဖြစ်နေသည်ဟု မေလ ၂၄ ရက်နေ့၌ နယ်ခြားစောင့်တပ်ကို လက်မခံသည့် DKBA တပ်မဟာ (၅၅၅) မှ တပ်ခွဲမှူးတစ်ဦးက ပြောသည်။ (KIC 240510)
- နယ်ခြားစောင့်တပ် အသွင်ပြောင်းရေးကိစ္စကို ထပ်မံဆွေးနွေးရန်အတွက် မေလ (၁၉) ရက်တွင် အရှေ့မြောက်တိုင်း စစ်ဌာနချုပ် (ရမခ) တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်၏ ဖိတ်ကြားမှုကို ဝ ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် UWSA က ငြင်းဆန်လိုက်သည်။ (S.H.A.N 240510)
- သျှမ်းပြည်တပ်မတော် SSA ဌာနချုပ်၌ မေလ ၂၁ ရက်နေ့က ပြုလုပ်ကျင်းပခဲ့သော ၅၂ နှစ်မြောက် သျှမ်းပြည်အမျိုးသားတော်လှန်ရေးနေ့အခမ်းအနားတွင် အပစ်ရပ်မှ တောပြန်ခိုခဲ့သည့် ဗိုလ်ချုပ်စိုင်းယီက အပစ်ရပ်မြောက်ပိုင်း SSA အား တိုင်ပြည်နှင့်လူမျိုးအတွက် ရဲရင့်ပြတ်သားစွာကိုယ်ကျိုးစွန့်ရန် သတိပေးပြောကြားလိုက်သည်။ (S.H.A.N 240510)
- စစ်အစိုးရတောင်းဆိုထားသည့် နယ်ခြားစောင့်တပ်ဖွဲ့စည်းရေးကို လက်မခံသော UWSA ဝ ပြည်သွေးစည်း ညီညွတ်ရေးတပ်မတော် (တောင်ပိုင်း) တပ်ဖွဲ့ကို လွှန်ခဲ့သည့်အပတ်တွင် နအဖ စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဒု-ဗိုလ်ချုပ် ကြီးရဲမြင့်က ခေါ်ယူတွေ့ဆုံခဲ့ကြောင်း အမည်မဖော်လိုသည့် ဝ အရာရှိတစ်ဦးကပြောသည်။ (DVB 240510)
- ရှမ်းပြည်အရှေ့ပိုင်း အထူးဒေသ (၂) ဝ ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) က အဖွဲ့၏ ချမှတ်ထားသည့် မူဝါဒများနှင့် ပတ်သက်၍ ဒေသခံလူထုအားရှင်းချပြနိုင်ရန်အတွက် ဝသပ ခေါင်းဆောင်တစ်ဦးဖြစ်သူ ပေါက်ယူယိက မိုင်းမောခရိုင် အတွင်းရှိ မြို့နယ်နှင့်တိုက်နယ်အဆင့်ရှိ ခေါင်းဆောင်များကို လိုက်လံရှင်းပြနေသည်။ (NMG 240510)
- နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ရရှိသော မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီက "မွန်အမျိုးသားထုတစ်ရပ်လုံးနဲ့ မွန်ဒေသအတွင်းမှာရှိတဲ့ တိုင်းရင်းသားညီအစ်ကိုတွေရဲ့ရပိုင်ခွင့်အတွက် ဥပဒေဘောင်အတွင်းကနေ ကျနော်တို့ကိုယ်စားပြု ဆောင်ရွက်သွားမယ်"ဟု ပါတီပြောခွင့်ရပုဂ္ဂိုလ် ဒေါက်တာမင်းနွယ်စိုးက ပြောသည်။ (NMG 240510)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



မေလ (၂၅) ရက်

- မင်္ဂလာဈေးကို ယာယီဈေး ပြုလုပ်ရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက မေလ ၂၅ ရက်နေ့က စီစဉ်လျက်ရှိကြောင်း ကော်မတီ၏ အဆင့်မြင့်အရာရှိတဦးက ပြောသည်။ (NEJ 250510)
- ယခုနှစ်ဆန်းပိုင်းက ဖွင့်လှစ်ခွင့်ပြုထားသည့် ပုဂ္ဂလိကကျောင်းများကို ခွင့်ပြုချက် ပြန်လည်ရုပ်သိမ်းလိုက်ကြောင်း ကျောင်းဖွင့်ခွင့်ရထားသည့် ကျောင်းအုပ်ဆရာကြီးတဦးက ပြောသည်။ (NEJ 250510)
- ရန်ကုန်မြို့ ကမ္ဘာအေး ဘုရားလမ်းရှိ သာသနာရေးဝန်ကြီးဌာန အရာထမ်းများ၏ ကိုယ်ရေးမှတ်တမ်းများကို အချက် (၅၃) ချက်ပါ ပုံစံတွင်ဖြည့်၍ နေပြည်တော် သာသနာရေးဝန်ကြီးရုံးသို့ လွှန်ခဲ့သည့် မေလ တတိယပတ်က ပေးပို့ခဲ့ရသည်ဟု ယင်းဌာနမှ အရာထမ်းတဦးက ပြောသည်။ (NEJ 250510)
- လူဦးရေ (၅) သောင်းခန့် အတိဒုက္ခရောက်မည့် သံလွင်မြစ်အတွင်း ဟတ်ကြီးရေကာတာတည်ဆောက်မှုကို မြန်မာနှင့်ထိုင်းအစိုးရများ ပြန်လည်သုံးသပ်သင့်သည်ဟု ကရင်မြစ်ချောင်းစောင့်ကြည့်လေ့လာရေး (KRW) အဖွဲ့က ပြောကြားလိုက်သည်။ (NEJ 250510)
- ၂၀၀၈ ခုနစ် ဖွဲ့စည်းပုံကို အသက်သွင်းမည့် မတရားသည့် ရွေးကောက်ပွဲအား ပြတ်ပြတ်သားသားဆန့်ကျင်သပိတ်မှောက်ကြရန် မေလ ၂၅ ရက်နေ့က မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုအဖွဲ့ကြီး၊ ၈၈ မျိုးဆက်ကျောင်းသားများနှင့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ်တို့က ကြေညာချက်ထုတ်ပြန်လိုက်သည်။ (NEJ 250510)
- လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မှု လျော့ကျသွားခြင်းကြောင့် ရန်ကုန်ရှိ စက်မှုဇုန်များကို ယာယီမီးဖြတ် တောက်ကြောင်း စစ်အစိုးရက တရားဝင်ထုတ်ပြန်ကြေညာထားသော်လည်း စက်ရုံကြီးတချို့က အာဏာပိုင်များကို လာဘ်ထိုးပြီး လျှပ်စစ်မီးရရှိသုံးစွဲ နေသေးကြောင်း အရှေ့ဒဂုံစက်မှုဇုန်မှ လုပ်ငန်းရှင်တဦးကပြောသည်။ (Irrawaddy 250510)
- မီးလောင် ကျွမ်းခဲ့သော မင်္ဂလာဈေး အဆောက်အအုံ အရည်အသွေး စစ်ဆေးတွေ့ရှိချက်ပေါ် မူတည်၍ အထပ်လိုက်ဖြိုချမှုများ ပြုလုပ်ကာ ပြန်လည် တည်ဆောက်ပြီး ဆိုင်ခန်းပိုင်ရှင် များကို နေရာပြန်လည် ချထားပေးမည် ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးအောင်သန်းဦးက ပြောသည်။ (Irrawaddy 250510)
- စစ်အစိုးရ မြောက်ပိုင်းတိုင်း တိုင်းမှူးဗိုလ်ချုပ်စိုးဝင်းနှင့်အဖွဲ့သည် ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ KIO ခေါင်းဆောင်အချို့နှင့်တွေ့ဆုံကာ နယ်ခြားစောင့်တပ် အသွင်ပြောင်းရေးကိစ္စအပါအဝင် မြစ်ဆုံပုံးပေါက်ကွဲမှုနှင့်ပတ်သက်၍ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ လွန်ခဲ့သည့်အပတ်က တွေ့ဆုံဆွေးနွေးခဲ့သည်ဟု KIO တာဝန်ရှိသူတစ်ဦးက ပြောသည်။ (Irrawaddy 250510)
- ဥရောပသမဂ္ဂ (EU) က မြန်မာ့ဒီမိုကရေစီရေး ဖိအားပေးရန် ချဉ်းကပ်မှုအသစ် တစိတ်တပိုင်းအနေဖြင့် ကိုယ်စားလှယ်အဖွဲ့တဖွဲ့ မြန်မာနိုင်ငံသို့ စေလွှတ်မည်ဟု စပိန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ အာရှနှင့်ပစိဖိတ် ဒေသဆိုင်ရာ နိုင်ငံခြားရေးမူဝါဒ အထွေထွေညွှန်ကြားရေးမှူး ဟိုဆေးယူဟင်နီယို ဆလာရစ်ချ် (Jose Eugenio Salarich) က စပိန်နိုင်ငံ မက်ဒရစ်မြို့တွင် လွန်ခဲ့သည့်သီတင်းပတ်က EU နှင့် အာဆီယံဆွေးနွေးပွဲ၌ ပြောကြားခဲ့သည်။ (Irrawaddy 250510)
- ရန်ကုန် သင်္ကြန်ပုံးခွဲမှုတွင် ပါဝင်သူဟု စွပ်စွဲကာ အင်းစိန်ထောင်တွင် ချုပ်နှောင်ခံနေရသူ ကိုဖြိုးဝေအောင်အား အသည်းရောင် အသားဝါ (B) ရောဂါ ကုသခွင့်ပြုရန် မေလ ၂၄ ရက်နေ့တွင် မိသားစုက အာဏာပိုင်များထံ တောင်းခံခဲ့သည်။ (Mizzima 250510)
- အမေရိကန်အစိုးရ အထက်လွှတ်တော်အမတ် မစ္စတာဂျင်မ်ဝက်ဘ် (Mr. Jim Webb) သည် လာမည့် မေလ၂၉ ရက်နေ့မှစ၍ ဇွန်လ ၆ ရက်နေ့အထိ ကိုရီးယားနှင့် ထိုင်းနိုင်ငံတို့အပြင် မြန်မာနိုင်ငံကိုသွားရောက်ရန်ရှိကြောင်း မေလ (၂၄) ရက်နေ့က ကြေညာချက် ထုတ်ပြန်လိုက်သည်။ (VOA 250510)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ရန်ကုန်တိုင်းအတွင်းရှိ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်၊ အလှပြင်ဆိုင်၊ အင်တာနက်ဆိုင်များ အပါအဝင် စည်ပင်လုပ်ငန်းလိုင်စင်နဲ့ လုပ်ရသည့်လုပ်ငန်းများအားလုံး အမြတ်ခွန်ဆောင်ပြီးကြောင်း လက်မှတ်ပါမှ စည်ပင်လိုင်စင်ထုတ်ပေးတော့မည်ဖြစ်ကြောင်း ကမာရွတ်လှည်းတန်းမှ လက်ဖက်ရည်ပိုင်ရှင်တစ်ဦးက ပြောသည်။ (DVB 250510)
- မေလ ၂၅ ရက်နေ့ထုတ် စစ်အစိုးရ၏ မြန်မာ၊ အင်္ဂလိပ်သတင်းများရှေ့စာမျက်ဖုံးတွင် All Mon Region Democracy Party ခေါ် မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီအား နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ခွင့်ပြုလိုက်ပြီဟု ဖော်ပြထားသည်။ (Kaowao 250510)
- မေလ (၂၃)ရက်နေ့တွင် ကျရောက်သည့် ၂၁နှစ်မြောက် ကရင်လူငယ်အစည်းအရုံး (ကေပိုင်အို)နေ့ အခမ်းအနားတစ်ရပ်ကို သံလွင်မြစ်ကမ်းနားတနေရာရှိ အီးတူထာ ပြည်တွင်းဒုက္ခသည်စခန်းတွင် ပြုလုပ်ခဲ့ကြသည်ဟု ကေပိုင်အို ဥက္ကဋ္ဌ စောလှထွန်းက ပြောသည်။ (KIC 250510)
- မေလ ၂၂ ရက်နေ့က သျှမ်းပြည်အလယ်ပိုင်း မိုင်းကိုင်မြို့ မြောက်ဘက်ရှိ မြို့အဝင်/အထွက်စစ်ဆေးရေးဂိတ်တွင် ဆိုင်ကယ်စီး လူငယ်တစ်စုက လက်ပစ်ဗုံးနှင့်ပစ်ပေါက်ခဲ့သောကြောင့် ရဲတစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိကြောင်း ဒေသခံများက ပြောသည်။ (S.H.A.N 250510)
- ယခုနှစ်အတွင်း စပါးစိုက်တောင်သူများအတွက် မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်မှ ချေးငွေကို ယခင်နှစ်ကထက် တစ်ဆတိုးချေးပေးသည်ဟု မုဒုံမြို့နယ်အတွင်းရှိ လယ်သမားတို့က ပြောသည်။ (IMNA 250510)

## မေလ (၂၆) ရက်

- ကြံ့/ဖွံ့ပါတီ (USDP) သည် ပြည်နယ်နှင့်တိုင်းတချို့၌ ပါတီဝင်အဖြစ် အသိမှတ်ပြုသက်သေခံကဒ်ရရှိပါက ခရီးသွားလာမှုများ ပိုမိုလွယ်ကူမည်ဖြစ်ကြောင်း၊ နိုင်ငံသားစိစစ်ရေးကဒ်နှင့် မကွာခြားကြောင်း ရွာသူ၊ ရွာသားများကို ပြောဆိုစည်းရုံးခဲ့သည့်အပြင် ဒေသခံအာဏာပိုင်များ၏ ဩဇာသုံးပြီး မက်လုံးပေး၍ ပါတီဝင်စည်းရုံးမှုများ ပြုလုပ်နေသည်။ (Irrawaddy 260510)
- "အာဏာရှူးကြီး မူးကြီးသန်းရွှေ" ဟူသည့် ကဗျာကို ၂၀၀၈ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်နေ့ထုတ် အချစ်ဂျာနယ်၌ ဝေဖန်ရေးသားခဲ့မှုကြောင့် ထောင်ဒဏ် ၂ နှစ် ကျခံခဲ့ရပြီး စုစုပေါင်း ၂၈ လခန့် နေခဲ့ရသော ကဗျာဆရာ စောဝေသည် မေလ ၂၆ရက်နေ့က ပြန်လွတ်လာပြီဖြစ်ကြောင်း ၎င်း၏ ဇနီးဖြစ်သူက ပြောသည်။ (Irrawaddy 260510)
- ပြန်ကြားရေးဝန်ကြီး ဦးကျော်ဆန်း၏ တိုက်ရိုက်ညွှန်ကြားချက်ကြောင့် ထက်ထက်မိုးဦး သတင်းကို ပိတ်ပင်ရခြင်းနှင့် ထိုသတင်းကို ရုံးသို့ လုံးဝတင်ပြခြင်း မပြုရန် စာပေစိစစ်ရေးနှင့် မှတ်ပုံတင်ဌာနမှ စာစစ်မှူးတဦးက ပြောသည်။ (NEJ 260510)
- ၂၄ ရက်နေ့ ညသန်းခေါင်ယံချိန်တွင် မြစ်ကြီးနားမြို့ အင်ဂျန်းဒုံကျေးရွာရှိ နေအိမ်၌ ဖမ်းဆီးခံခဲ့ရသော ကချင်အတိုင်ပင်ခံအဖွဲ့ ဒုတိယ အတွင်းရေးမှူး ဦးလဘန်ဂမ်အောင်သည် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်အောက်ရှိ စရဖရုံး၌ တရက်နီးပါးစစ်ဆေးပြီး မေလ ၂၅ ရက်နေ့က ပြန်လည်လွှတ်ပေးလိုက်ကြောင်း မိသားစုဝင်နှင့် နီးစပ်သူတဦးက ပြောသည်။ (Mizzima 260510)
- မြစ်ဆုံရေကာတာ ဗုံးပေါက်ကွဲမှုများဖြစ်ပေါ်အပြီး မြစ်ကြီးနားမြို့တွင် အာဏာပိုင်များက ပိုက်စိတ်တိုက် ဖမ်းဆီးမှုများပြုလုပ်နေရာ ယမန်နေ့ကအထိ လူငယ် ၇၀ ကျော် အဖမ်းခံထားရသည်ဟု မြစ်ဆုံဆည်စီမံကိန်းကို ကန့်ကွက်သော တရုတ်-မြန်မာနယ်စပ်အခြေစိုက် ကချင်လူမှုဖွံ့ဖြိုးရေးအဖွဲ့မှ ဦးအောင်ဝါက ပြောသည်။ (Mizzima 260510)
- ဝန်ကြီး ဦးအောင်သောင်းနှင့် ရင်းနှီးသူလည်းဖြစ်၊ ကြံ့ဖွံ့ပါတီမှအမတ်လောင်းအဖြစ် လျာထားခြင်းခံရသူ ဦးသိန်းမောင်သည် ရသေ့တောင်မြို့နယ်တွင်းရှိ ကျေးရွာများတွင် သိန်းပေါင်းများစွာကို လိုက်လံထောက်ပံ့လှူဒါန်းပြီး ရွေးကောက်ပွဲတွင် သူ့ကိုမဲထည့်ပေးရန် ပြောဆိုမဲဆွယ်စည်းရုံးနေသည်။ (Narinjara 260510)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ကရင်ပြည်နယ်၊ ဖာပွန်နှင့် သထုံခရိုင်နယ်စပ်၌ ဒီကေဘီအေတပ်ဖွဲ့၏ ရွှေတူးဖော်ခဲ့ခြင်းကြောင့် ထိုဒေသတဝိုက်မှ ဧက ၄၁၀ ရှိ လယ်ကွင်း ၈၅ ကွင်း ပျက်စီးသွားခဲ့သည်ဟု ကေအဲန်ယူ ဖာပွန်ခရိုင်၊ စည်းရုံးရေးဌာန အတွင်းရေးမှူး စောကလယ်စေးက ပြောသည်။ (KIC 260510)
- ကရင်ပြည်နယ်၊ မြဝတီမြို့ ကြခင်းရပ်ကွက်ရှိ လေ့ဂိတ်တွင် ကြံ့ခိုင်ရေးအသင်းက ရန်ပုံငွေအတွက်ဟု အမည်ခံပြီး ငွေတောင်းခံခြင်းအပြင် မဲဆောက်တစ်ဘက်ကမ်းမှ ဝင်လာသည့် ပစ္စည်းအပေါ်မူတည်ပြီး ရလာသည့်ငွေပမာဏမှ ၂၀ ရာခိုင်နှုန်း ကောက်ယူနေသည်ဟု ထိုဂိတ်ရှိ လှေသမားနှင့် နီးစပ်သူတစ်ဦးက ပြောသည်။ (IMNA 260510)
- ရှမ်းပြည် (မြောက်ပိုင်း) မန်တုံနှင့် နန့်ဆန့်မြို့နယ်အတွင်းရှိ ပလောင်ကျေးရွာများတွင် တစ်အိမ်ထောင်လျှင် အသက် (၂၀) အရွယ်လူငယ်များကို ဦးစားပေးတစ်ဦးကျနှုန်းဖြင့် ပြည်သူ့စစ်တိုးဖွဲ့ရန် ကျေးရွာဥက္ကဋ္ဌများက လူစာရင်း ကောက်ယူနေသည်။ (NEJ 260510)
- ဂျပန်နိုင်ငံ တိုကျိုမြို့၌ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် (ပြည်ပ-ဂျပန်) မှ မေလ ၂၃ ရက်နေ့က ဦးဆောင်ကျင်းပသော ၂၀၁၀ ရွေးကောက်ပွဲအား ဆန့်ကျင်သည့် အခမ်းအနားတစ်ရပ်တွင် လူအင်အား ၁၀၀ တက်ရောက်ခဲ့သည်။ (Narinjara 260510)
- အပစ်ရပ် SSA တပ်မဟာ ၁ ဌာနချုပ်သို့ ၄င်းထိန်းချုပ်နယ်မြေအတွင်းရှိ ပလောင်ကျေးရွာများမှ ကျေးရွာ အကြီးအကဲများက ဗိုလ်ချုပ်ပန်ဖုအား ဗမာစစ်တပ်လက်အောက်ခံပြည်သူ့စစ်မလုပ်ရန် တောင်းဆိုပန်ကြားခဲ့သည်။ (S.H A.N 260510)
- စစ်အစိုးရက ရွေးကောက်ပွဲ ကျင်းပမယ်ဆိုတာဟာ နှစ်ပေါင်း(၂၀) အတွင်း ပထမဆုံးအကြိမ်အဖြစ် မြန်မာပြည်မှာ ရွေးကောက်ပွဲတွေ လုပ်မှာဖြစ်ပြီး အရပ်ဝတ်အရပ်စားတွေပြောင်းပြီး စစ်တပ်ကပဲ အုပ်ချုပ်မည်၊ အာဏာကို ဆုပ်ကိုင်ထားမှု နည်းနည်းမှ လျှော့မည့်ပုံမပြသေးဟု လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့ **(Human Rights Watch)** က ပြောဆိုလိုက်။ (VOA 260510)
- မေလ ၂၅ ရက်နေ့ ညနေပိုင်းက အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီမြို့တော်မှာ 'တရားမဝင်အုပ်ချုပ်မှုကို တရားဝင်အောင်လုပ်ခြင်း ဆိုတဲ့ခေါင်းစဉ်နဲ့ ကျင်းပခဲ့တဲ့ ပညာရှင်တွေရဲ့ဆွေးနွေးပွဲကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဌာနက အရာရှိတွေ၊ မြန်မာ့အရေးလေ့လာနေကြတဲ့ နိုင်ငံတကာတက္ကသိုလ်ပညာရှင်တွေ၊ ဝါရှင်တန်မှာရှိတဲ့ နိုင်ငံတကာသံတမန်တချို့နဲ့ မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားသူတွေ အပါအဝင် စုစုပေါင်း လူ ၁၀၀ နီးပါး တက်ရောက်ခဲ့သည်။ (RFA 260510)

## မေလ (၂၇) ရက်

- ၁၉၉၀ ပြည့် ရွေးကောက်ပွဲတွင် အနိုင်ရခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ၏ အနှစ် ၂၀ မြောက် ရွေးကောက်ပွဲအောင်ပွဲနေ့ အခမ်းအနားကို NLD ဒု ဥက္ကဋ္ဌ ဦးတင်ဦးနေအိမ်၌ မေလ ၂၇ ရက်နေ့တွင်ကျင်းပကာ အခမ်းအနားသို့ ပါတီဝင် ၁၀၀ ခန့် တက်ရောက်ခဲ့သည်။ (Irrawaddy 270510)
- ကချင်ပြည်နယ်တွင် တရုတ်အစိုးရမှ တာဝန်ယူတည်ဆောက်နေသော မြစ်ဆုံရေကာတာကြောင့် ကျေးရွာများအား အတင်းအကြပ်ပြောင်းရွှေ့ခြင်း၊ ဖျက်ဆီးခြင်းကို ချက်ချင်းရပ်တန့်ပေးပါရန် တရုတ်သမ္မတကြီး ဟူကျင်တောင်အား ကချင်လူမှုဖွံ့ဖြိုးရေးကွန်ယက်အဖွဲ့ (KDNG)မှ အိပ်ဖွင့်ပေးစာတစ်စောင်ကို ယနေ့ ပေးပို့ခဲ့သည်။ (KNG 270510)
- အပစ်ခတ်ရပ်အဖွဲ့များအပေါ် နယ်ခြားစောင့်တပ်ပြောင်းရေး ဖိအားများ ဆက်လက်ရှိနေချိန်တွင် စစ်အစိုးရက တိုင်းရင်းသားအဖွဲ့တခုကို တိုက်ခိုက်ပါက ပြန်လည်၍ ပူးပေါင်း တွန်းလှန်တိုက်ခိုက်ရန် ထိုင်း-မြန်မာနယ်စပ် တနေရာတွင် ယခုလ ၂၁ ရက်နေ့မှ ၂၄ ရက်နေ့အထိ လျှို့ဝှက်ကျင်းပခဲ့သည့် အစည်းအဝေးတွင် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ ၅ ဖွဲ့ဖြစ်သည့် (KIO, NMSP, CNF, KNU, KNPP) တို့မှ သဘောတူလိုက်ကြသည်။ (Mizzima 270510)
- ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုပေးရေးရန် လန်ဒန်ရောက် မြန်မာ့ဒီမိုကရေစီအင်အားစုများက မြန်မာ သံရုံးရှေ့တွင် မဲပုံးထောင် မဲပြားထည့်ကြခြင်း အစီအစဉ်အပါအဝင် သွားရောက်စုရုံး ဆန္ဒပြခဲ့ကြသည်။(DVB 270510)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ❑ စစ်အစိုးရ၏ ၂၀၁၀ ရွေးကောက်ပွဲကို ကန့်ကွက်ရှုတ်ချသည့် ကမ္ဘာလုံးဆိုင်ရာလှုပ်ရှားမှုနေ့အဖြစ် ပြည်ပအခြေစိုက် ဒီမိုကရေစီတပ်ပေါင်းစု ဆယ်စုမှ နိုင်ငံခြားရေးကော်မတီများကို စုဖွဲ့ထားသည့် နိုင်ငံခြားရေးဆိုင်ရာပူးပေါင်း ဆောင်ရွက်မှုအဖွဲ့ (FACT) မှ ကမကထပြုကာ နိုင်ငံအလိုက် လှုပ်ရှားမှုများကို မေလ ၂၇ ရက်နေ့တွင် ကျင်းပခဲ့သည်။ (Irrawaddy 270510)
- ❑ RCSS ခေါ် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီက တစည ပါတီနှင့် ကြံ့ဖွံ့ပါတီတွင် ပါဝင်ကြမည့် သျှမ်းပြည်မှ ပြည်သူလူထုအား အသိအမှတ်ပြု ထောက်ခံခြင်း မရှိကြောင်းအပါအဝင် ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုဆဲဖြစ်ပြီး ၂၀၁၀ ရွေးကောက်ပွဲကို ကန့်ကွက်ကြောင်း မေ ၂၆ ရက်နေ့၌ ကြေညာချက်တစောင် ထုတ်ပြန်သည်။ (S.H.A.N 270510)
- ❑ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ ယှဉ်ပြိုင်မဲအရွေးခံသော "ပြည်သူ့ရွေးကောက်ပွဲ" ကို ရွှေ့ပြောင်းအလုပ်သမားများက မဲဆောက်မြို့တွင် မဲပေးကြပြီး စစ်အစိုးရက ကျင်းပမည့်ရွေးကောက်ပွဲကို ရှုတ်ချလိုက်ကြသည်။ (Mizzima 270510)
- ❑ စစ်အစိုးရကိုယ်တိုင်ရေးဆွဲသည့် ၂၀၀၈ ဖွဲ့စည်းပုံကို အခြေခံထားသော စစ်အုပ်ချုပ်ရေးကို ပိုမိုသက်ဆိုးရှည်စေမည့် ၂၀၁၀ ရွေးကောက်ပွဲကိုသပိတ်မှောက်ကြရန်နှင့် ၁၉၉၀ ရွေးကောက်ပွဲနှစ်ပတ်လည်နေ့မှာ ညီညွတ်သော တိုင်းရင်းသားများမဟာမိတ်အဖွဲ့ ယူအန်အေအဖွဲ့ဝင် မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ၉၀ ရွေးကောက်ပွဲရလဒ်ကို ဆုပ်ကိုင်ထားပြီး တိုက်တွန်းလိုက်ပါသည်။ (DVB 270510)
- ❑ အပစ်ရပ် မွန်ပြည်သစ်ပါတီကို နအဖစစ်ကောင်စီက ကမ်းလှမ်းသည့် နယ်ခြားစောင့်ဖြစ်ဖြစ်၊ ပြည်သူ့စစ်ဖြစ်ဖြစ် အသွင် မကူးပြောင်းနိုင်ကြောင်း ရပ်တည်ချက်အပေါ် သဘောမတူသဖြင့် ပါတီထိပ်တန်းခေါင်းဆောင်သုံးဦး နုတ်ထွက်သွားသည်ဟု ပါတီပြောခွင့်ရသူ နိုင်ခြေးမွန်က ပြောသည်။ (DVB 270510)
- ❑ မြန်မာစစ်အစိုးရကို ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး ဥရောပသမဂ္ဂ၏ ကိုယ်စားလှယ်အဖွဲ့လာရောက်ခွင့်နှင့် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားများ အရင်လွှတ်ပေးရေးအပါအဝင် အများကယုံကြည်မှုရှိပြီး ပွင့်လင်းမြင်သာမှုရှိအောင် လုပ်ဆောင်ရန်အတွက် အာဆီယံ **(ASEAN)** နှင့် ဥရောပသမဂ္ဂ **(EU)** တို့က ကြေငြာချက်ထုတ်ပြန်တောင်းဆိုလိုက်သည်။ (RFA 270510)

## မေလ (၂၈) ရက်

- ❑ ၂၀၁၀ ရွေးကောက်ပွဲ မဲပေးရန်အတွက် ယခုလ ၂၅ ရက်နေ့မှစတင်ကာ မေလ ၂၈ ရက်နေ့ထိ စစ်ကိုင်းတိုင်း၊ မုံရွာမြို့ပေါ်ရှိ ရပ်ကွက်အားလုံးတွင် အသက် (၁၈) နှစ်ပြည့်ပြီးသူတိုင်း ပုံစံ(၁၀) ဖြင့် တိုက်ကြည့်ကာ လူဦးရေစာရင်းများ အတိအကျ လိုက်လံကောက်ခံနေကြောင်း မြို့ခံများကပြောသည်။ (Yoma3 280510)
- ❑ ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်းက မီးလောင်သွားသော မင်္ဂလာဈေးစတုတ္ထထပ်မှ ဆိုင်ခန်းပိုင်ရှင်များကို စည်ပင်သာယာရေးကော်မတီက ငွေထုတ်ချေးပေးသွားမည်ဖြစ်ကြောင်းနှင့် ရန်ကုန်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးအောင်သန်းဝင်းကလည်း ယခင်အတိုင်း ပြန်လည် နေရာချပေးမည် အခကြေးငွေ တပြားမှပေးစရာ မလိုဘူး၊ ဈေးကို အမြန်ဆုံးပြန်လည်တည်ဆောက်ပေးမည်ပြီးရင် အရင်အတိုင်းပဲ ပြန်ပြီးတော့ နေရာပေးမှာပါ စိတ်မပူကြဖို့ ပြောကြားခဲ့သည်။ (NEJ 280510)
- ❑ ဆန်ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌဟောင်း ဦးအောင်သန်းဦးကို ဆန်လုပ်ငန်းရှင် အယောက် (၇၀) ကျော်က အာဏာအလွဲသုံးစားလုပ်မှု၊ ငွေကြေးအလွဲသုံးစားလုပ်မှုများဖြင့် တိုင်ကြားခဲ့၍ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း (UMFCCI) က ခေါ်ယူစစ်ဆေးနေသည်။ (NEJ 280510)
- ❑ နာရေးကူညီမှုအသင်း (ရန်ကုန်)အနေဖြင့် ပိုင်ရှင်မဲ့အလောင်းကို PC (police case)ဟု သတ်မှတ်ကာ ရဲထောက်ခံမှုဖြင့် လစဉ် ပျမ်းမျှ (၁၅) လောင်းခန့်ကို သင်္ဂြိုဟ်ပေးနေရကြောင်း အသင်းဥက္ကဋ္ဌ ဦးကျော်သူက ပြောသည်။ (NEJ 280510)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ဇန်နဝါရီ (၁၉) ရက်တွင် ရွှေ့ပြောင်းအလုပ်သမားများ အလုပ်သမားလက်မှတ်သက်တမ်းတိုးခြင်းကို ၂၀၁၂ အထိ ခွင့်ပြုမည်ဟု တရားဝင်ကြေညာခဲ့သော်လည်း စက်ရုံအချို့တွင် လက်မှတ်လုပ်ရန် ကျသင့်ငွေကြိုယူထားခြင်းနှင့် အလယ်အဆင့်ဖြစ်သော ဆေးမှတ်တမ်းလက်မှတ်အတွက် ဆေးစစ်ခြင်းများ မပြုလုပ်ရသေး၍ မြန်မာအလုပ်သမားများ စိုးရိမ်ပူပန်နေကြသည်။ (NEJ 280510)
- မြစ်ဆုံဒေသရှိ ကျေးရွာများ ပြောင်းရွှေ့ရန်အတွက် မြစ်ကြီးနားအခြေစိုက် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်လက်အောက်ခံ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး မြတ်ကျော်အပါအဝင် မြို့နယ်မယက အာဏာပိုင်အဖွဲ့က ဦးဆောင်ပြီး ရပ်ကွက်ပေါင်း (၅၈) ခုမှ တရပ်ကွက်လျှင် အနည်းဆုံး လူ (၁၀) ဦးကျဖြင့် ရက်အကန့်အသတ်မရှိ လုပ်အားပေး ဆင့်ခေါ်ထားသည့် လုပ်အားပေးများဖြင့် ယနေ့ စတင်ပြောင်းရွှေ့နေသည်။ (NEJ 280510)
- အမေရိကန်စတော့ဈေးကွက် ကြီးကြပ်ကွပ်ကဲရေးအဖွဲ့သို့ တင်သွင်းသော ကော်ပိုရေးရှင်းစာရွက်စာတမ်းများတွင် ဆွစ်-အမေရိကန် ဖက်စပ်ကုမ္ပဏီ Transocean သည် တရုတ်အစိုးရပိုင် စွမ်းအင်ကုမ္ပဏီနှင့် စစ်အစိုးရ၏ လူရင်းလူယုံဖြစ်ပြီး အမေရိကန်အစိုးရက ငွေကြေးခဝါချသူအဖြစ် စွပ်စွဲနေသော စတီဖင်လောနှင့် အစုစပ်ကာ မြန်မာ့ရေပြင် ရေနံလုပ်ကွက်တနေရာတွင် ပြီးခဲ့သော ဆောင်းဦးပေါက်က တူးဖော်ခဲ့သည်ဟု ဖော်ပြထားသည်။ (Mizzima 280510)
- အိမ်နီးချင်း ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံမှ လိုင်စင်မဲ့ကားများကို စစ်အာဏာပိုင်များ၏ သားသမီး၊ ဆွေမျိုးသားများ၊ ၎င်းတို့နှင့်နီးစပ်သော စီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်းချိတ်ဆက် လုပ်ကိုင်ကြခြင်းကြောင့် ဥပဒေကို အလွယ်တကူရှောင်လွှဲပြီး တရားမဝင် လိုင်စင်မဲ့ကားများကို တရားဝင်ကားများအဖြစ် အမြတ်အစွန်းများစွာဖြင့် ပြောင်းလဲရောင်းချကြသည့်လုပ်ငန်းကို ဂိုဏ်းပုံစံ အုပ်စုဖွဲ့ လုပ်ကိုင်လာကြသည်။ (Irrawaddy 280510)
- ဒေါ်အောင်ဆန်းစုကြည်၏ ဓာတ်ပုံဖြန့်ဝေ၍ နိုင်ငံတော်ဆူပူစေရန် လှုံ့ဆော်မှု ပုဒ်မ ၅၀၅ (ခ) ဖြင့် ၂ နှစ်နှင့် တရားမဝင်အဖွဲ့အစည်းများနှင့် ဆက်သွယ်မှုဖြင့် ၂ နှစ်ခွဲချကာ ထောင်ကျနေသော အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ဝင် ကိုကျော်မျိုးနိုင် ခေါ် ကိုကျော်ကြီးကို မေလ ၂၇ ရက်နေ့က တာမွေမြို့နယ်ရှိ အရှေ့ပိုင်းခရိုင် တရားရုံးက အီလက်ထရောနစ် အက်ဥပဒေဖြင့် ထောင်ဒဏ် ၁၀ နှစ် ထပ်မံ ချမှတ်လိုက်သည်။ (Mizzima 280510)
- ၁၉၉၀ ရွေးကောက်ပွဲ အထိမ်းအမှတ်နေ့တွင် ရန်ကုန်တိုင်းအတွင်းရှိ ၁၀ မြို့နယ်က အဖွဲ့ချုပ်ဝင် ၃၀ စုပေါင်းပြီး ဗဟန်းမြို့က ရွှေကြက်ယက်ဘုရားတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသား လွတ်မြောက်ရေး ဆုတောင်းပွဲတခု ပြုလုပ်ခဲ့သည်။ (DVB 280510)
- ဖိလစ်ပိုင်နိုင်ငံမှာ ဒေါ်အောင်ဆန်းစုကြည်နှင့် မြန်မာ့ဒီမိုကရေစီအရေးကို ထောက်ခံအားပေးခဲ့တဲ့ သမ္မတဟောင်း ကိုရာဇန်အကွီနိုရဲ့သား နွိုင်းနွိုင်းအကွီနိုသမ္မတအဖြစ် ရွေးချယ်ခံရမှုအပေါ် ဝမ်းမြောက်ဂုဏ်ယူကြောင်းနှင့် မြန်မာ့ဒီမိုကရေစီအရေးအတွက်လည်း အားပေးထောက်ခံ ကူညီဆောင်ရွက်သွားမည်ဟု ယုံကြည်ပါကြောင်းကို အဖွဲ့ချုပ်က သဝဏ်လွှာတစ်စောင် ပေးပို့ခဲ့သည်ဟု ပြန်ကြားရေးအဖွဲ့ဝင် ဦးအုန်းကြိုင်က ပြောသည်။ (DVB 280510)
- တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင်သည် မြန်မာနိုင်ငံမသွားခင် ဂျပန်နိုင်ငံကို သွားရန်ရှိသည့်အတွက် ဂျပန်ရောက်မြန်မာ့ဒီမိုကရေစီအင်အားစုတွေက တရုတ်အစိုးရအနေနှင့် မြန်မာစစ်အစိုးရကို ဖိအားပေးရန် တရုတ်သံရုံးရှေ့တွင် သွားရောက် ဆန္ဒပြခဲ့ကြသည်။ (DVB 280510)
- မေလ ၂၇ ရက်နေ့က ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားခရိုင်ရှိ နွားရုံတောင်ကျေးရွာတွင် ၂၀၁၀ ရွေးကောက်ပွဲကို ဆန့်ကျင်သည့် ကမ္ဘာလုံးဆိုင်ရာလူပ်ရှားမှုအခမ်းအနားသို့ လူအင်အား ၁၀၀ တက်ရောက်ပြီး ဒက္ကား အခြေစိုက် ရခိုင်အမျိုးသမီးများ အစည်းအရုံးမှ ဦးဆောင် ကျင်းပခဲ့ခြင်း ဖြစ်သည်။ (Narinjara 280510)
- ဝ ပြည် သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA) က ဒေသတွင်း နေထိုင်တဲ့ ပြည်သူတွေကို မေလ (၂၇) ရက်ကစပြီး UWSA ၏ ရပ်တည်ချက်ကို ရှင်းလင်းတင်ပြနေသလို၊ ဧပြီလက ပြည်မကို ပြန်သွားတဲ့ အစိုးရအမှုထမ်းများ ဝ နယ်မြေအတွင်း ပြန်လည်ဝင်ရောက်လာမှုကို ခွင့်မပေးဟု ပန်ဆန်းမြို့ UWSA အရာရှိတွေက ပြောသည်။ (RFA 280510)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- သက်ဆိုင်ရာ အာဏာပိုင်တို့၏ ခွင့်ပြုချက်ဖြင့် မြို (ခေါ်) ခမီ အမျိုးသားညီညွတ်ရေးအဖွဲ့က ကျောက်တော်၊ မြောက်ဦး၊ ရသေ့တောင်၊ ပုဏ္ဏကျွန်းမြို့နယ်တို့တွင်ရှိသော ခမီး၊ မြို၊ ဒိုင်းနား၊ ချင်း တိုင်းရင်းသားလူမျိုးစု ကျေးရွာများတွင် မဲစာရင်းကောက်ယူနေသည်ဟု အဖွဲ့ဝင်ကျောင်းဆရာအငြိမ်းစားတဦးမှ ပြောသည်။ (Kaladan 280510)
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင်ဟောင်းများပါဝင်တဲ့ အမျိုးသားဒီမိုကရေစီအင်အားစု (NDF) အဖွဲ့က နေပြည်တော်တို့ သွားရောက်ပြီး ပါတီရဲ့ခေါင်းဆောင်တစ်ဦးဖြစ်သူ သင်္ဃန်းကျွန်းမြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်နှင့် တခြားကိုယ်စားလှယ် ၂ ဦးတို့က ရွေးကောက်ပွဲကော်မရှင်မှာ မှတ်ပုံတင်လျှောက်လွှာ တင်သွင်းခဲ့သည်ဟု ပါတီတာဝန်ရှိသူများက ပြောသည်။ (DVB 280510)
- မြန်မာနိုင်ငံက ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲ အနှစ် (၂၀) ပြည့်ချိန် ထုတ်ပြန်လိုက်တဲ့ ပူးတွဲကြေညာချက်မှာ အမေရိကန်အထက်လွှတ်တော် အမတ် ၆ ဦးက စစ်အာဏာရှင်စနစ်နှင့် တိုင်းပြည်ကို အုပ်ချုပ်နေတာကို ဝေဖန်ရှုတ်ချကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားတွေကို အမြန်ပြန်လွှတ်ပေးပြီး စစ်မှန်သောတွေ့ဆုံဆွေးနွေးရေးလုပ်ရန် ကြေညာချက်ထုတ်ပြန် တောင်းဆိုလိုက်သည်။ (RFA 280510)
- ဗြိတိန်ဝန်ကြီးချုပ်ဟောင်း ဂေါ်ဒွန်ဘရောင်းက သူ့ဘဝမှာ လေးစားဂုဏ်ယူမိတဲ့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ထံ လေးစားချီးကျူးကြောင်းနှင့် ဒေါ်အောင်ဆန်းစုကြည်နှင့်တကွ မြန်မာပြည်သူတွေ လွတ်မြောက်ရေးအတွက် စွမ်းစွမ်းတမံ ကူညီသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်အိမ်တော်မှ မထွက်ခွာခင် ကိုယ်တိုင်ရေးသားသော ပေးစာတစ်စောင် ပေးပို့ခဲ့သည်။ (RFA 280510)
- မြန်မာနိုင်ငံက ရွေးကောက်ပွဲနှင့် ရွေးကောက်ပွဲမတိုင်ခင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေကို ပုဂ္ဂလိကပိုင် မြန်မြန်သွက်သွက်လုပ်လာတာအပါအဝင် လက်ရှိစစ်အစိုးရရဲ့ နိုင်ငံရေးအခင်းအကျင်းတွေကို ဝေဖန်ထောက်ပြထားတဲ့ မြန်မာ့ရွေးကောက်ပွဲ **The Myanmar Elections** အမည်နှင့် အစီရင်ခံစာတစ်စောင်ကို နိုင်ငံတကာ ပဋိပက္ခလေ့လာရေးအဖွဲ့ **International Crisis Group, ICG** က မေလ ၂၇ ရက်နေ့က ထုတ်ပြန်လိုက်သည်။ (BBC 280510)

မေလ (၂၉) ရက်

- ရန်ကုန် အေးရှားဝေါလ်ဆိပ်ကမ်းက တက်လာသော ကွန်တိန်နာကာအကြီးများအတွက် လမ်းပိတ်ဆို့မှုကြောင့် ကြည့်မြင်တိုင်မြို့နယ်ရှိ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်း လက္ကားရောင်းချသော သီရိမင်္ဂလာဈေးက ဆိုင်းခန်းများ ရွှေ့ပြောင်းပေးရမည်ဟု မေလ ၂၈ ရက်နေ့က စည်ပင်သာယာရေးဌာနမှူး ဦးတင်ကိုကိုမှ ခေါ်ပြောမှုအပေါ် ဈေးသူ၊ ဈေးသားများက မကျေမနပ်ဖြစ်ပြီး အော်ဟစ် ဆန္ဒထုတ်ဖော် ပြသခဲ့သည်။ (RFA 290510)
- မှတ်ပုံတင်ခွင့်ရရှိပြီးသော နိုင်ငံရေးပါတီများသည် သတ်မှတ်ပါတီဝင် အင်အားစာရင်းကို သတ်မှတ်ချိန်အတွင်း တင်ပြရန်နှင့် မတင်ပြနိုင်ပါက မှတ်ပုံတင်ထားခြင်းကိုပယ်ဖျက်၍ ပါတီကိုလည်း ဖျက်သိမ်းမည်ဖြစ်ကြောင်း သတိပေးကြေညာချက်အား ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က မေလ ၂၉ ရက်နေ့၌ ထုတ်ပြန်လိုက်သည်။(Irrawaddy 290510)
- ပြည်သူ့တပ်မတော်သားအပါအဝင် တိုင်းရင်းသားတွေနှင့် ပြည်သူလူထုက ရှေ့ဆက်သွားမည့် အဖွဲ့ချုပ်ရဲ့ လုပ်ငန်းလုပ်ရပ် ကိစ္စအဝဝသည် ဒေါ်အောင်ဆန်းစုကြည်ကို အားလုံးဝိုင်းရံကြပြီး စာနာနားလည်မှုရှိပြီးတော့ ငြိမ်းချမ်းသောနည်း၊ တစ်ယောက်နှင့်တစ်ယောက် တိုက်ရိုက်အကြီးအကဲများ တွေ့ဆုံသည့်နည်းဖြင့် ဖြေရှင်းနိုင်အောင် ဝိုင်းဝန်းကူညီပံ့ပိုးကြရန် မနက်ဖြန်မှာ ၇ နှစ်ပြည့်မည့် ဒီပဲယင်းတိုက်ခိုက်ခံရမှု နှစ်ပတ်လည်အဖြစ် NLD ဒု-ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးဟောင်း သူရဦးတင်ဦးက တိုက်တွန်းပြောကြားလိုက်သည်။ (RFA 290510)
- သျှမ်းပြည် (မြောက်ပိုင်း) လောက်ကိုင်ခရိုင်တရားရုံးက မြန်မာစစ်တပ်လိုလားသူ ကိုးကန့်ဥက္ကဋ္ဌသစ် ဦးပိုင်စုံချိန်အား လုပ်ကြံရန် စွပ်စွဲချက်ဖြင့် ဖမ်းဆီးခံရသူများဖြစ်သည့် ယခင် ကိုးကန့်တပ်ဖွဲ့ဝင်ဟောင်းများဖြစ်သော ဗိုလ်မှူးချိန်လိကျုံးအပါအဝင် ကျီဝေ၊ လော်ဝေ၊ စင့်ရွှန်းလျန်၊ ရှမ့်ရှမ်း၊ လျို့ရင်ဟောင်ကျားတို့ (၆) ဦးတို့အား ပုဒ်မ ၁၉ (စ) လက်နက်မှုဖြင့် ထောင် (၅) နှစ်စီ မေလ ၂၁ ရက်နေ့တွင် ပြစ်ဒဏ်ချမှတ်လိုက်သည်။ (S.H.A.N 290510)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- မကွေးတိုင်း အောင်လံမြို့နယ်က အိုင်အယ်လိုအကူညီနှင့် ပြန်လည်လွတ်မြောက်လာသော လယ်သမားကို သန်းစိုး အပါအဝင် လယ်သမား ၁၁ ဦးကို လယ်ထဲဆင်းခွင့်မပေးခြင်း၊ မြေဌားထားတဲ့တောင်သူသစ်တွေ ဝင်ရောက် ထွန်ယက်နေသည်ကို တားမြစ်ပေးရန် ကိစ္စနှင့်ပတ်သက်ပြီး မြေစာရင်းဦးစီးဌာက အကြောင်းမပြန်ခြင်း၊ အိုင်အယ်လိုမှ တဆင့် တိုင်းကြားတင်ပြခဲ့ပြီး အာဏာပိုင်က ပြန်လည်လုပ်ကိုင်နေပြီဟု အကြောင်းပြန်ခဲ့ခြင်းနှင့် တကယ့်လက်တွေ့ တွင် လုပ်ကိုင်ခွင့်မရ ဖြစ်နေသည်ဟု လယ်သမားနှင့် အိုင်အယ်လ်အိုအကြား ဆက်စပ်ဆောင်ရွက်နေသူ ဦးသက်ဝေ က ပြောသည်။ (DVB 290510)
- ရွေးကောက်ပွဲကော်မရှင်မှ ပါတီဝင်အင်အားတင်ပြရန် ကြေညာလိုက်ချိန်တွင် ဒီမိုကရက်တစ်ပါတီ (မြန်မာပြည်) ဥက္ကဋ္ဌ ဦးသုဝေက ပါတီဝင်အင်အားရရှိရန်အတွက် စည်းရုံးလှုပ်ရှားမှုများပြုလုပ်ရာတွင် ထောက်လှမ်းရေးများ ၏ နောက်ယောင်ခံလိုက်နေမှုကြောင့် ပါတီဝင်ရန် လူများကြောက်ရွံ့နေကြကြောင်းနှင့် ရွေးကောက်ပွဲကျင်းပမည့်နေ့ရက် တိတိကျကျ မသတ်မှတ်သေးမှုအပေါ် အစိုးရထောက်ခံသည့်ပါတီများ လုပ်ချိန်ပိုများများရရန်အတွက် အာဏာပိုင် များက ပြုလုပ်နေသည်ဟု ယူဆမိကြောင်း ပြောသည်။ (BBC 290510)
- မေလ ၁၆ ရက်နေ့က ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် ပွန်တန်ဆာတောင်ဖက် သံတံတားခေါ် ရထားလမ်း တနေရာတွင် စစ်သားအဖြစ် စုဆောင်းနေမှုကို ငြင်းဆန်သည့် ယင်းမြို့နယ် ဝါးရုံကုန်းကျေးရွာအုပ်စု စံဖဲကျေးရွာက အဖဦးဌေးဝင်း၏သား အသက် ၁၅ နှစ်အရွယ် မောင်တင်မင်းနိုင်ဆိုသူအား ပစ်သတ်ခဲ့ပြီး ၄င်းအမှုမှတ်တမ်းကို စစ်တပ်မှ လွှဲပြောင်းယူကာ သေဆုံးသူ၏ မိသားစုကို သဂြိုဟ်စရိတ် ငွေ ၅ သိန်းလျော်ကြေးပေးပြီး ဘယ်အဖွဲ့ အစည်းကိုမှ သတင်းမပေးရန် ခြိမ်းခြောက်ခဲ့သည်။ (RFA 290510)
- ရှမ်းပြည် (အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင် မိုင်းယန်းမြို့တွင် ကြံ့ဖွံ့ပါတီနှင့်စွမ်းအားရှင်တို့က ဩဇာအာဏာသုံး၍ ရပ်ကွက် အကြီးအကဲအသီးသီးအား တစ်ရပ်ကွက်လျှင် ပြည်သူ့စွမ်းအားရှင်အဖွဲ့အတွက် ၁၀ ယောက်၊ ကြံ့ဖွံ့ပါတီအတွက် အယောက် ၂၀ ရှာဖွေစုဆောင်းပေးရန် ဖိအားပေးတောင်းဆိုခြင်း၊ မြို့နယ်တွင်းရှိ တိုင်းရင်းသားပေါင်းစုံအား ပါတီဝင်အဖြစ်သိမ်းသွင်းရန် လိုက်လံစာရင်းကောက်ခံခြင်းများ ပြုလုပ်နေသည်။ (S.H.A.N 290510)

## မေလ (၃၀) ရက်

- မေလ ၃၀ ရက်နေ့ နံနက်ပိုင်းက ထိုင်း-မြန်မာနယ်စပ်တွင် ပြုလုပ်ခဲ့သည့် ဒီပဲယင်း လုပ်ကြံမှု (၇) နှစ်မြောက် အထိမ်းအမှတ် အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်မြင့်ထွန်းက ဒီပဲယင်းလုပ်ကြံမှုသည် စစ်အစိုးရအနေဖြင့် တွေ့ဆုံဆွေးနွေးရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို အပြီးအပိုင် မြေမြုပ်လိုက်ကာ နိုင်ငံ တော်ရာဇဝတ်မှုများကို ကျူးလွန်ခြင်းဖြစ်ကြောင်း ပြောကြားလိုက်သည်။ (Yoma3 300510)
- ရခိုင်ပြည်နယ် (နောက်) မောင်တောမြို့ရှိ မြို့မဗလီတွင်းသို့ မောင်တော ခယက ဥက္ကဋ္ဌ ထွန်းနိုင်လင်းနှင့် မယက ဥက္ကဋ္ဌ အောင်ကျော်ဦးတို့သည် ဗလီတာဝန်ရှိ ပုဂ္ဂိုလ်များကို တစုံတရာ အကြောင်းကြားခဲ့ခြင်းမရှိပဲ လွှန်ခဲ့သော မေလ ၂၇ ရက်နေ့က ဖိနပ်စီးဝင် ခါတ်ပုံများရိုက်ယူသွားခဲ့သဖြင့် နအဖအရာရှိကြီးများအပေါ် ဒေသခံမူဆလင်များက မကျေမနပ်ဖြစ်နေကြသည်ဟု အီမမ်ခေါ် မူဆလင် တရားဟောဆရာတစ်ဦးက ပြောသည်။ (Narinjara 300510)
- မေလ ၂၈ ရက်နေ့ မနက် ၃ နာရီခန့်က ရန်ကုန်မြို့အဝင် လှည်းကူးမြို့စစ်ဆေးရေးဂိတ်တွင် မြဝတီမြို့မှလာသော ကုန်တင်ယာဉ်ငယ် တိုရိုတာဟိုင်းလတ်ကားပေါ်မှ မောင်းပြန်သေနတ် ၃၇ လက်နှင့် စစ်တပ်သုံး ကျည်ဆံသေတ္တာ နှစ်လုံးကို ဖမ်းဆီးရမိခဲ့သည်ဟု ရန်ကုန်-မြဝတီ ကူသန်းရောင်းဝယ်နေသော ကုန်သည်တစ်ဦးက ပြောသည်။ (DVB 300510)
- မန္တလေးတိုင်း မိတ္ထီလာမြို့တွင် ဒီပဲယင်းအထိမ်းအမှတ် ဆွမ်းကျွေးတရားနာပွဲကို ဒေါ်အောင်ဆန်းစုကြည်၏ ကားကို မောင်းပြီး အသက်ဘေးက ကယ်ခဲ့သော မန္တလေးက ကားဒရိုင်ဘာ ကိုယ်ကျော်စိုးလင်းနှင့် သာစည်မြို့က ဦးသန်း ဆောင်တို့အပါအဝင် မြို့နယ်ပေါင်း ၂၀ လောက်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင် တက်ရောက်ခဲ့ပြီး အခြားပြည် နယ်နှင့်တိုင်းများတွင်လည်း ကျင်းပခဲ့ကြသည်။ (DVB 300510)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- အမှုမှန်မပေါ်သေးသော ဒီပဲယင်းလုပ်ကြံမှု ၇ နှစ်ပြည့်မြောက် အောက်မေ့ဖွယ်နေ့နှင့် ကွန်လွန်သူတွေကို ရည်စူးသည့် အလှူဆုတောင်းပွဲပေးမှုတွေကို ရန်ကုန်တွင် ပြုလုပ်ရာ အလှူအတွက် အခက်အခဲသိပ်မရှိသော်လည်း ဘုရားပေါ်တက် ဆုတောင်းရာတွင် အာဏာပိုင်များမှ လိုက်လံနှောင့်ယှက်နေသည်ဟု လူငယ်များကပြောသည်။ (DVB 300510)

## မေလ (၃၁) ရက်

- ထိုင်း-မြန်မာနယ်စပ် ဘုရားသုံးဆူမြို့အခြေစိုက် ခလရ ၂၈၄ တပ်ရင်းမှ ဒုတိယဗိုလ်မှူးကြီး မျိုးမြင့်အောင် ဦးဆောင်ပြီး၊ မြို့ပေါ်မှ စီးပွားရေးလုပ်ငန်းရှင်များ လှူဒါန်းငွေ ဘတ် တစ်သိန်းကျော်ဖြင့် မိဘမဲ့ကျောင်း မထားပေးနိုင်သည့် ကလေးများကို အခမဲ့ကျောင်းထားပေးရန် စီစဉ်နေသည်။ (IMNA 310510)
- ထောင်ဒဏ် ၂ နှစ်ပြည့်လုနီးပါးဖြစ်သည့် အန်အယ်လ်ဒီအဖွဲ့ဝင် ကိုမင်းအောင်ကို ၂၀၀၉ ခုနှစ် ဇီဇင်ဘာလက အီလက်ထရောနစ် ဥပဒေပုဒ်မ ၃၃-က ဖြင့် ထောင်ဒဏ် ၁၅ နှစ် ထပ်မံအမိန့်ချလိုက်တဲ့အပေါ် စစ်ကိုင်းတိုင်း တရားရုံးမှာ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အယူခံတက်မှုကို ပလပ်တာကြောင့် မန္တလေးတိုင်း တရားရုံးချုပ်သို့ အခုလ ၂၆ ရက်နေ့တွင် ထပ်တင်လိုက်သည်ဟု ရှေ့နေ ဦးမြင့်သွင်က ပြောသည်။ (DVB 310510)
- လွန်ခဲ့သည့် ဧပြီလ ၃၀ နေ့က မွန်အမျိုးသားကာကွယ်ရေးတပ်မတော် (MNDA) မှ ဝင်ရောက် ပစ်ခတ်မှုကြောင့် မီးလောင်သွားသော အလယ်စခန်းရွာ ရယက ဥက္ကဋ္ဌအိမ်ကို ပြန်ဆောက်ရန်အတွက် ရွာခံများထံမှ ဝင်ငွေကောင်းသူများ အမြင့်ဆုံးနှစ်သောင်းကျပ်၊ အလယ်လတ်တန်းစားအတွက် ၁၅၀၀၀ ကျပ်နှင့် အနိမ့်ဆုံး ၁၀၀၀၀ ကျပ်ဖြင့် သုံးမျိုး သုံးစားခွဲပြီး တောင်းခံနေသည်ဟု အလယ်စခန်းရွာခံတစ်ဦးက ပြောသည်။ (IMNA 310510)
- ရွေးကောက်ပွဲကော်မရှင်က မဲဆန္ဒနယ်များ ကြေညာခြင်းမရှိသေးသော်လည်း သျှမ်းပြည် (မြောက်ပိုင်း)တွင် မေလ နောက်ဆုံးအပတ်က စတင်ခဲ့သည့် ကြံ့ဖွံ့အသင်း၏ မြို့နယ်၊ ကျေးရွာများ စည်းရုံးရေးခရီးစဉ်အတွင်း မဲထည့်နိုင်သူ လူဦးရေ ၄၀၀ လျှင် မဲရုံတစ်ရုံထားရှိမည်ဟု အာဏာပိုင်များက ပြောကြားခဲ့ကြောင်း ကြံ့ဖွံ့အသင်းဝင်တစ်ဦးက ပြောသည်။ (S.H.A.N 310510)
- ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ပထမ ၁၁ လအတွင်း မြန်မာနိုင်ငံနှင့် နှစ်နိုင်ငံကုန်သွယ်ရေး အမေရိကန်ဒေါ်လာ သန်း ၂၀၀ နီးပါးရှိခဲ့သော တောင်ကိုရီးယားနိုင်ငံမှ စီးပွားရေးကုမ္ပဏီကြီး ၁၀ ခု၏ ကိုယ်စားလှယ်များသည် မြန်မာလုပ်ငန်းရှင်များနှင့် စီးပွားရေးရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့ရန် မေလ ၃၁ ရက်နေ့က ရန်ကုန်မြို့တွင် ဆွေးနွေးခဲ့သည်ဟု တရုတ်အစိုးရ ဆင်ဟွာသတင်းဌာနတွင် ဖော်ပြထားသည်။ (VOA 310510)
- ယာယီပတ်စပို့ ထုတ်ပေးရေးနိုင်ငံသားအတွက် စိစစ်ရေးလုပ်ငန်းစဉ်သည် ထိုင်းနှင့်မြန်မာ နှစ်နိုင်ငံကြား အပြန်အလှန်ဆောင်ရွက်ရသည့် အဆင့်ပေါင်း (၂၅) ဆင့်ရှိပြီး ရှုပ်ထွေးပွေလီသည့်အပြင် မြန်မာအာဏာပိုင်များ ဘက်မှလည်း လုပ်ဆောင်မှုနှေးကွေးခဲ့ကြောင်း၊ ထို့အတွက် ကြိမ်ဖန်များစွာ ညှိနှိုင်းမှုများ ပြုလုပ်ခဲ့ပြီးသည့်နောက် ထိုင်းနိုင်ငံဘက်တွင် ပြောင်းရွှေ့ဖွင့်လှစ်ရန် အလားအလာကောင်းများရှိနေပြီဟု ရနောင်းခရိုင်ဝန်က မစ္စတာ ဝမ်ချတ်ဝေါင်ချိုင်းချနာက ပြောကြားလိုက်သည်။ (NEJ 310510)
- နအဖစစ်တပ်က ခွင့်ပြုထား၊ ပြည်သူ့စစ်အဖွဲ့များနှင့်လည်း ဝေစုပြန်ခွဲယူမှုများဖြင့် ၂၀၀၉-၂၀၁၀ ဘိန်းစိုက်ရာသီ၏ သျှမ်းပြည်ဘိန်းစိုက်ပျိုးမှုမှာ မနှစ်က အရှုံးပေါ်ခဲ့မှုကြောင့် ဘိန်းအထွက်နှုန်းပြန်ကောင်းလာမည့် မျှော်လင့်ချက်ဖြင့် ဘိန်းခြံပိုမိုတိုးချဲ့ စိုက်ပျိုးခဲ့သော်လည်း မျှော်လင့်ချက်အတိုင်း ဘိန်းမထွက်ဘဲ ယခင်နှစ်များထက်ပင် ပိုမိုကျဆင်းနေကြောင်း ဘိန်းခြံစိုက်ပျိုးလုပ်ကိုင်ခဲ့သူများက ပြောသည်။ (S.H.A.N 310510)
- သင်္ကြန်အကြတ်နေ့ X20 မဏ္ဍပ်ဗုံးပေါက်ကွဲမှုနှင့်ဆက်စပ်ပြီး ဖမ်းဆီးခံထားရတဲ့ လောလောဆယ် ပုဒ်မ-၃၃ (က) အီလက်ထရောနစ်ပုဒ်မ၊ ပုဒ်မ ၁၇-၁/၂ မတရားအသင်းဆက်သွယ်မှုတွေနှင့် စွဲဆိုထားသော ဦးမောင်မောင်ဇေယျကို အာဏာပိုင်တွေက မေလ ၃၁ ရက်နေ့က ဗဟန်းမြို့နယ် တရားရုံးမှာ ယမန်ယူခဲ့သည်ဟု ဇနီးဖြစ်သူ ဆရာမ ဒေါ်ရီရီတင့်က ပြောသည်။ (DVB 310510)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- လူ့အခွင့်အရေးလှုပ်လှာစောင့်ကြည့်ရေးအဖွဲ့ (HRW) က ဇွန်လ ၂ ရက်နေ့တွင် မြန်မာနိုင်ငံကို အလည်အပတ် ရောက်ရှိမယ့် တရုတ်ဝန်ကြီးချုပ် ဝမ်ကျားဘောင်ထံ နအဖပြုလုပ်မည့် ရွေးကောက်ပွဲနှင့်ပတ်သက်၍ အပြုသဘော ဝေဖန်ဆွေးနွေးရန် စာရေးသား ပေးပို့ခဲ့သည်။ (VOA 310510)
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ခေါင်းဆောင်များနှင့် မြန်မာနိုင်ငံဆိုင်ရာ EU သံအမတ်ကြီးတွေ တွေ့ဆုံ ဆွေးနွေးရာတွင် NLD ပါဝင်ယှဉ်ပြိုင်မှုမပြုလုပ်သည့် နအဖ ရွေးကောက်ပွဲအပေါ် သဘောထားအမြင် မေးမြန်းခြင်းနှင့် NLD ပါတီ၏ ဒီမိုကရေစီရေး ရှေ့လုပ်ငန်းစဉ်များကို EU က အပြည့်အဝ တသဘောတည်း ဆက်လက်ထောက်ခံ သွားမည်ဟု ပြောသွားခဲ့ကြောင်း အဖွဲ့ချုပ်ဖဟိုအလုပ်အမှုဆောင် ဦးဉာဏ်ဝင်းက ပြောသည်။ (VOA 310510)
- ယခုလ ၂၄ ရက်နေ့က မင်္ဂလာဈေး မီးလောင်မှုကို ငြိမ်းသတ်ရာတွင် စတုတ္ထထပ်ရှိ ဆေးဆိုင်ခန်းများ၏ ဖွဲ့စည်း ပုံကြောင့် ကြန့်ကြာမှုဖြစ်ခြင်း၊ အမြင့်များသို့ လှေကားဖြင့် တက်ရောက်ပက်ဖြန်းနိုင်သည့် မီးသတ်ကားသည် ရန်ကုန် တိုင်းတခုလုံးအတွက် ၇ စီးသာရှိခြင်း၊ ဓာတုမီးသတ်ပူးများ သုံးစွဲမှုအားနည်းခြင်း၊ နည်းပညာပိုင်းနဲ့ သုံးစွဲမှုအပိုင်း၌ အားနည်းနေခြင်းစသည့်အချက်များဖြစ်ကြောင်း ရန်ကုန်တိုင်းမီးသတ်ဌာမှ တိုင်းမီးသတ်ဦးစီးမှူး ဦးသင်းဌေးရွှေက ပြောသည်။ (Mizzima 310510)
- မြောက်ကိုရီးယားနိုင်ငံသည် ဒုံးကျည်လက်နက်နှင့် နျူကလီးယားနည်းပညာများကို ကြားခံလက်နက်ကုမ္ပဏီများနှင့် ငွေကြေးအဖွဲ့အစည်းများကို အသုံးပြုလှည့်စားပြီး မြန်မာနိုင်ငံသို့ တင်ပို့ရောင်းချနေကြောင်း ကုလသမဂ္ဂကျွမ်းကျင်သူ များက ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။ (Irrawaddy 310510)
- ပုဂ္ဂလိက ဘဏ်လုပ်ငန်းလုပ်ကိုင်ရန် စီးပွားရေးလုပ်ငန်းရှင်ကြီး ၆ ဦးက စစ်အစိုးရထံ လျှောက်ထားသော်လည်း ဦးတေဇ (ထူး ကုမ္ပဏီ)၊ ဦးဇော်ဇော် (မက်စ်မြန်မာ)၊ ဦးနေအောင် (IGE)၊ ဦးချစ်ခိုင် (ဒေင် အုပ်စု ကုမ္ပဏီ) တို့ကို သာ ဘဏ်လုပ်ငန်းလုပ်ကိုင်ရန် စစ်အစိုးရ၏ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ ညှိနှိုင်းအစည်းအဝေး (လေးလပတ် အစည်းအဝေး) အပြီးတွင် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်ဟု ရန်ကုန်မြို့ရှိ စီးပွားရေးလုပ်ငန်းရှင်တဦးက ပြောသည်။ (Irrawaddy 310510)
- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (USDP)မှ ထိပ်ပိုင်းခေါင်းဆောင်တချို့ အဓိကကြိုးကိုင်သည့် ဒီပဲယင်း လုပ်ကြံမှုကို အမျိုးသားညွန့်ပေါင်းအစိုးရအဖွဲ့(NCGUB)မှ ဦးဇင်လင်းက "အဲဒီတုန်းက ရခဲ့တဲ့သတင်းတွေအရ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ဗိုလ်ချုပ်ကြီး စိုးဝင်းကို ဘယ်သူ့ကိုမှမသိစေဘဲနဲ့ အဲဒီကိစ္စကို ဦးဆောင်ခိုင်းတာ၊ သူကနေ တဆင့် ဗိုလ်ချုပ် စိုးနိုင်၊ ဦးအောင်သောင်းတို့ကို ခိုင်းတာ၊ ဗိုလ်ချုပ်စိုးနိုင်က နမခ တိုင်းမှူးဆိုတော့ သူက Field Commander ပေါ့၊ အဲဒီကိစ္စကို စစ်ဆင်ရေးတခုလို သဘောထားပြီး သေချာစနစ် ဇယားချပြီး လုပ်ခဲ့ကြ တာ" ဟု ပြောသည်။ (Irrawaddy 310510)
- စစ်ကိုင်းတိုင်း ကလေးမြို့ လေယာဉ်ကွင်းတိုးချဲ့မှုကြောင့် ရွှေ့ပြောင်းရန် အခက်အခဲ ကြုံတွေ့နေရသော လေယာဉ် ကွင်းအနီး အမှတ်(၇) ပင်လုံရပ်ကွက်မှ နေအိမ် ၁၅၀ ခန့်အတွက် အိမ်မြေနေရာသစ်များကို မဲစနစ်ဖြင့် ချထားပေး မည်၊ လျော်ကြေးအဖြစ် အိမ်ဝန်းအကျယ် တပေပတ်လည်ကို ၃၀၀၀ ကျပ်နှုန်းဖြင့် ပေးမည်ဟု အာဏာပိုင်များက မေလ ၂၉ ရက်နေ့က လာရောက်ပြောဆိုခဲ့ကြောင်း ဒေသခံများကဆိုသည်။ (Irrawaddy 310510)

*End of report: Friday, June 4, 2010*
***ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနမှ ထုတ်ဝေဖြန့်ချီသည်။***
***Documentation and Research Department- NDD***